# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ နယုန်လပြည့်ကျော် (၁၁) ရက် ၊ အင်္ဂါနေ့ ၊ (2-7-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၆၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အကြိုလှုပ်ရှားမှု “ခေတ်ပြိုင်ဆင်ယင်၊ ယဉ်ကျေးအသွင်၊ တင့်တယ်ခြယ်သ၊ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ”သို့ တက်ရောက်အားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဂုဏ်ပြုပန်းစည်းချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၁**

“ခေတ်ပြိုင်ဆင်ယင်၊ ယဉ်ကျေးအသွင်၊ တင့်တယ်ခြယ်သ၊ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ”ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်အားပေးသည်။

၂၀၂၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူးပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အဆိုပါ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲကို စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများဖြစ်သည့်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၂ ရက်
အယ်ဒီတာ့အာဘော်

# အမျိုးသားကျန်းမာကြံ့ခိုင်ရေးအတွက် အရေးပါသောအားကစား

အားကစား၏အဓိကရည်မှန်းချက်သည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှုဖြစ်သဖြင့် အားကစားကဏ္ဍမြှင့်တင်မှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ အားကစားပြိုင်ပွဲများကျင်းပရာတွင်လည်း တစ်ဦးချင်းယှဉ်ပြိုင်ရသည့် ပြိုင်ပွဲမှသည် လူပေါင်းရာချီ၊ ထောင်ချီပါဝင်သည့် ပြိုင်ပွဲများ၊ ကျေးလက်အဆင့် အားကစားပြိုင်ပွဲများမှ ကမ္ဘာနှင့်ချီသည့် အိုလံပစ်ပြိုင်ပွဲများအထိ ကျင်းပလျက်ရှိနေပြီဖြစ်သည်။ အားကစားပွဲများ၏အောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ခန့်ညားထည်ဝါစေသည်။ ထို့ကြောင့် အားကစားပြိုင်ပွဲများကို လက်နက်မပါသောတိုက်ပွဲများဟူ၍ တင်စားခေါ်ဆိုလာကြခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ပြုလုပ်သောပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၃)တွင် **“အားကစားရာသီမှသာလျှင် အားကစားဆောင်ရွက်သည်မဟုတ်ဘဲ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံးတွင် ကိုယ်လက်လှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများ ဆောင်ရွက်ကြရန်လိုပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုများရှိရမည်ဖြစ်ကြောင်း”** အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ငယ်ရွယ်စဉ်အချိန်သည် လန်းဆန်းတက်ကြွနေသောအရွယ်ဖြစ်သည်။ ပညာရည်မြင့်မားရေးနှင့်အတူ လူငယ်များလုပ်ဆောင်ရမည်မှာ အားကစားဖြစ်သည်။ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ပညာရေးတို့သည် ခွဲခြားမရသောအရာများဟုဆိုနိုင်သည်။ အားကစားသည် အမျိုးသားအားမာန်ကို ထက်သန်နိုးကြားစေသဖြင့် အားကစားကိုမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ်သည်။ အလားတူ အားကစားတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသည့်အတွက် နိုင်ငံတော်၏ဂုဏ်သိက္ခာအဆင့်အတန်းနှင့် နိုင်ငံတော်၏အခြေအနေကို ထင်ဟပ်ဖော်ပြနေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးဆိုသည့် ဦးတည်ချက်အတိုင်း အကောင်အထည်ဖော်ဆောင်လျက်ရှိသည့်အပြင် “မြန်မာ့အားကစားကမ္ဘာကိုလွှမ်းရမည်”ဆိုသည့်ဆောင်ပုဒ်နှင့်အညီ မြန်မာ့အားကစားအဆင့်အတန်းမြင့်မားရေးနှင့် အောင်မြင်မှုရရှိစွာယှဉ်ပြိုင်နိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရေးဆိုသည့် ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ အားကစားသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်းဖြစ်ပေါ်စေနိုင်သည့်အတွက် အားကစားနှင့်ပတ်သက်ပါက အားပေးဆောင်ရွက်ရမည်ဖြစ်သည့်အပြင် ကျန်းမာကြံ့ခိုင်သန်စွမ်းသော မျိုးဆက်သစ်လူငယ်လူရွယ်များ အနာဂတ်နိုင်ငံတော်တွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တစ်မျိုးသားလုံးသာမက နိုင်ငံတော်အစိုးရနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တာဝန်ရှိသူများအနေဖြင့် အားကစားနှင့်ပတ်သက်ပြီးအလေးထားကာ ဝိုင်းဝန်းဖော်ဆောင်ပေးနေသည်ကို ပြည်သူများအနေဖြင့် တက်တက်ကြွကြွပါဝင်ကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေးဈေးကွက်၌ ပတ္တမြားငမောက်သရက်သီးများ တစ်လုံးလျှင် ငွေကျပ် ၁၃၀၀ ထိ ဈေးရရှိနေ



**မန္တလေး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ယခုစတင်ထွက်ရှိလာသည့် ပတ္တမြားငမောက်သရက်သီးများ မန္တလေးဈေးကွက်၌ တစ်လုံးလျှင် ငွေကျပ် ၁၃၀၀ ထိ ဈေးရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

ပတ္တမြားငမောက်သရက်သီးများသည် ယခုစပေါ်လာပြီး ဈေးကွက်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း၊ ပတ္တမြားငမောက်သရက်သီးများသည် လှိုင်လှိုင်ထွက်ရှိမှု မရှိသေးဘဲ အနည်းငယ်သာထွက်ရှိသေးကြောင်း၊ ယခုစထွက်လာပြီး ဈေးကွက်အတွင်း ဝင်ရောက်လာချိန်တွင် မန္တလေးလက်လီဈေးကွက်၌ တစ်လုံးလျှင် ငွေကျပ် ၁၃၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

“ပြည်တွင်းဈေးကွက်မှာ ပတ္တမြားငမောက်သရက်သီးက တစ်လုံးကို ငွေကျပ် ၁၃၀၀ ထိရကြပါတယ်။ ပတ္တမြားငမောက်သရက်သီးတွေက ပေါပေါများများတော့မထွက်သေးပါဘူး။ အခုမှစတင်ထွက်ရှိလာပြီး ဈေးကွက်ထဲဝင်ရောက်လာတာပါ။ ကျန်တဲ့ သရက်သီးတွေကတော့ ရာသီကုန်ချိန် ရောက်ရှိနေပါပြီ။ ပတ္တမြားငမောက်သရက်သီးတွေကတော့ စထွက်လာချိန်မှာပဲ ပြည်တွင်းလက်လီဈေးကွက်မှာ ဈေးကောင်းရရှိနေပါတယ်။ ပြည်တွင်းဈေးကွက်မှာ အလုံးလိုက်ပဲရောင်းတာတွေ့ရတယ်။ ဈေးကွက်မှာတော့ အလုံးအရွယ်အစားပေါ်မူတည်ပြီး ရောင်းချကြပါတယ်။ အလုံးသန့်ရင်သန့်သလို ဈေးကောင်းရပါတယ်”ဟု မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သရက်စိုက်ဧကပေါင်း ၃၅၀၀၀ ကျော်ရှိကြောင်း၊ သရက်အမျိုးအစားပေါင်းအနေဖြင့် ၁၈၀ ကျော်ရှိပြီး စိန်တလုံးသရက်သီးစိုက်ပျိုးသည့်အပြင် ရင်ကွဲ၊ ရွှေဟင်္သာ၊ မချစ်စု၊ မယ်သီ၊ ပတ္တမြားငမောက်သရက်သီးများကိုလည်း စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီးထွက်ရှိလာသည့် သရက်သီးများကို ပြည်ပဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချကြကြောင်း၊ လက်ရှိအချိန်တွင် ပတ္တမြားငမောက်သရက်သီးများကို ပြည်တွင်းဈေးကွက်အတွင်း၌ ရောင်းချနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)မှ သိရသည်။

(၁၈၅)

# မန္တလေး ပဲ၊နှမ်းဈေးကွက်တွင် ကုလားပဲနှင့်မတ်ပဲ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဇူလိုင် ၁**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့်မတ်ပဲအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ပဲ၊ပြောင်းနှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က ကုလားပဲနှင့်မတ်ပဲအမျိုးအစားမှာ ပြည်တွင်းဈေးကွက်အတွင်း ပုံမှန်အတိုင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ လက်ရှိတွင် ကုလားပဲနှင့်မတ်ပဲ အမျိုးအစားများကို ကုန်သည်များက ဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်မှာလည်း ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

“မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲနဲ့မတ်ပဲတွေ အရောင်းအဝယ်ပြန်ဖြစ်နေတဲ့အပြင် အခြားဂျုံ၊ တရုတ်ပဲကြီး စတဲ့ကုန်စည်တွေလဲ ဈေးကွက်ထဲမှာ အရောင်းအဝယ် ပြန်ပြီးကောင်းနေတယ်။ ကျန်တဲ့ ပြောင်း၊ ပဲတီစိမ်း စတဲ့ကုန်စည်တွေကတော့ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၂၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ကုလားပဲ(TW) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၆၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ်၂၄၂၀၀၀၊ မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀ ထိပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

# တောင်သမန်တံတားနှင့်အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွား ဇွန်လ နောက်ဆုံးပတ်မှစ၍ များပြားလာ

**မန္တလေး ဇူလိုင် ၁**

တောင်သမန်တံတားနှင့်အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွား ဇွန်လ နောက်ဆုံးပတ်မှစ၍ များပြားလာကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် တောင်သမန်တံတားနှင့်အင်းမှာ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့် နေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့် အင်းသို့ ဇွန်လ နောက်ဆုံးပတ်မှစ၍ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

“အခု တောင်သမန်တံတားနဲ့အင်းကို ပြည်တွင်းအပြင် နိုင်ငံခြားသားခရီးသွားဝင်ရောက်လည်ပတ်မှုက တော်တော်လေးများလာတယ်။ အခုလတ်တလော တောင်သမန်တံတားနဲ့အင်းကနေ နေဝင်ဆည်းဆာအလှကို လာရောက်ကြည့်ရှုရင်း အနားယူအပန်းဖြေတဲ့ခရီးသွားတွေ ပြန်များလာပါတယ်”ဟု တောင်သမန်တံတားပြုပြင် ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြသည်။

ဇွန်လ တတိယပတ်က တောင်သမန်တံတားနှင့်အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်သာရှိခဲ့သော်လည်း ဇွန်လ နောက်ဆုံးပတ်မှစ၍ တောင်သမန်တံတားနှင့်အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၂၀၀ ကျော်ထိရှိကြောင်း သိရသည်။

တောင်သမန်အင်းအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့်ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အန်ကာနယ်မြေကို လေ့လာခြင်း (အပိုင်း-၄)

ပါမောက္ခကိုကိုအောင်




**ကမ္ဘောဒီးယားနိုင်ငံ စီယမ်ရိမြို့ရှိ နာမည်ကျော် Night Market ကို တွေ့ရစဉ်။**

ကမ္ဘောဒီးယားနိုင်ငံ၊ စီယမ်ရိမြို့ (**Siem Reap**) အနီးရှိ ကမ္ဘာကျော် **Tonle Sap** ရေကန်ကြီးအတွင်း၌ ရှိနေကြသော ရွှေ့လျားရေပေါ်အိမ်များအနက် စားသောက်ဆိုင်နှင့်စတိုးဆိုင်ကို ပူးတွဲဖွင့်လှစ်ကာ ရောင်းချနေသော အရွယ်အစားအကြီးဆုံး ရေပေါ်စားသောက်ဆိုင်ကြီးတွင် တရုတ်အစားအစာနှင့် ကမ္ဘောဒီးယားရိုးရာ စားသောက်ဖွယ်ရာများ၊ ကမ္ဘောဒီးယားဒေသထွက်ကုန်များ၊ ကမ္ဘောဒီးယားရိုးရာ လက်မှုပစ္စည်းများ၊ အုန်းသီးဖြင့်ပြုလုပ်ထားသော ပန်းပုရုပ်များ၊ မိကျောင်းသားရေဖြင့် ပြုလုပ်ထားသော အမျိုးသမီးကိုင် လက်ပွေ့အိတ်နှင့်လွယ်အိတ် အမျိုးမျိုး၊ ပိုက်ဆံအိတ်အမျိုးမျိုး၊ စားပွဲတင်အရုပ် အမျိုးမျိုး၊ မိကျောင်းသားရေ ခါးပတ်အမျိုးမျိုးကို ရောင်းချပေးလျက်ရှိသည်။

အဆိုပါ ရေပေါ်စားသောက်ဆိုင်ကြီးတွင် အထူးစိတ်ဝင်စားဖွယ်ကောင်းသည်မှာ မိကျောင်းများကို မွေးမြူထားခြင်းနှင့် ဒေသမျိုးရင်းငှက်အမျိုးမျိုး၊ တွားသွားသတ္တဝါအမျိုးမျိုးတို့ကို လှောင်အိမ်များအတွင်းထည့်သွင်းကာ ပြသထားခြင်းပင်ဖြစ်သည်။ မိကျောင်းများမွေးမြူထားခြင်းမှာ အသားစားရန်နှင့် အရေခွံကို လူသုံးကုန်ပစ္စည်းပြုလုပ်ရန်ဖြစ်ပြီး၊ အဓိကအားဖြင့် အိမ်နီးချင်းဖြစ်သော ထိုင်းနိုင်ငံသို့ အကောင်လိုက်တင်ပို့ရန်ဖြစ်ကြောင်းကိုလည်း စုံစမ်းသိရှိရသည်။

ဤသို့ဖြင့် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် အဆိုပါ ရေပေါ်စားသောက်ဆိုင်ကြီးဆီသို့ ရောက်ရှိနေကြသည့် အခြားသောနိုင်ငံခြားသားခရီးသည်များနှင့်အတူ ခေါင်မိုးထပ်သို့တက်၍ နေဝင်ဆည်းဆာအလှကို စောင့်ကြည့်သည်။ ညနေ ၅ နာရီခွဲခန့်တွင် **Tonle Sap** ရေကန်ကြီး၏ အနောက်ဘက် ရေပြင်နှုတ်ခမ်းစပ်အနီးသို့ နေလုံးကြီးက တဖြည်းဖြည်းချင်း နိမ့်ဆင်းကျရောက်လာသည်မှာ အလွန်ပင်ကြည့်ကောင်းလှသည်။ ကုန်းမြေဒေသပေါ်၌ နေလုံးကြီး နိမ့်ဆင်းဝင်ရောက်သွားခြင်းထက် ဤမျှ အပြောကျယ်လှသည့် ရေမရေကန်ကြီး၏ ရေပြင်နှုတ်ခမ်းစပ်အနီး၌ နေလုံးကြီးက တဖြည်းဖြည်းချင်း နိမ့်ဆင်းဝင်ရောက်သွားခြင်းက ပို၍ဆွဲဆောင်မှုရှိပြီး၊ ပို၍လည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ ရေပြင်နှင့် နီးကပ်လာသည်နှင့်အမျှ ရေပြင်ထဲက နေလုံးကြီး၏ ပုံရိပ်နှင့် ရေပြင်ပေါ်က တကယ့်နေလုံးကြီး၏ပုံပန်းသဏ္ဍာန်တို့ကို ယှဉ်တွဲမြင်တွေ့ရသည်မှာ သဘာဝတရားကြီး၏ ရှုမောဖွယ်ရာမြင်ကွင်းတစ်ရပ်ပင်ဖြစ်ပေတော့သည်။

နေဝင်သွားပြီဆိုသည်နှင့်တစ်ပြိုင်နက် နိုင်ငံခြားသားဧည့်သည်များကိုတင်ဆောင်ထားသည့် မော်တော်ဘုတ်အစီးရေများစွာတို့သည် အဆိုပါရေပေါ်စားသောက်ဆိုင်ကြီးမှ အလျှိုအလျှိုထွက်ခွာခဲ့ကြသည်။ **Tonle Sap** ရေကန်၏ ရေပြင်ကျယ်ကြီးမှတစ်ဆင့် ဆိပ်ကမ်းသို့သွားရောက်ရာ တူးမြောင်းတစ်လျှောက်တွင် မော်တော်ဘုတ်များ ရှေ့နောက်တန်းစီပြီး ခုတ်မောင်းနေကြသည့် မြင်ကွင်းကလည်း မထူးခြားလှသည့်တိုင် ကြည့်၍အလွန်ကောင်းသည်။ ဤသို့ဖြင့် နိုင်ငံခြားသားများ လိုက်ပါလာသည့် မော်တော်ဘုတ်များသည် နေဝင်ရီတရောအချိန်ကို ကျော်လွန်ကာ အမှောင်ထုကို ဖြတ်သန်းပြီးနောက် ဆိပ်ကမ်းဆီသို့ ဆိုက်ရောက်လာကြတော့သည်။ အဆိုပါ ဆိပ်ကမ်းတွင်ရပ်ထားခဲ့သော မိတ်ဆွေကိုမောင်မောင်၏ ကားဖြင့် စီယမ်ရိမြို့တွင်းသို့ ပြန်လည်မောင်းနှင်လိုက်ပါလာခဲ့ရာ မိနစ် ၄၀ ခန့်အကြာတွင် မြို့ထဲသို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် ကိုမောင်မောင်က စီယမ်ရိမြို့၏နာမည်အကြီးဆုံးသော ဘူဖေးစားသောက်ဆိုင်သို့ ပို့ဆောင်ပေးသည်။ **Kulim Restaurant** ဟု အမည်ပေးထားသည့် ဘူဖေးစားသောက်ဆိုင်ကြီးတွင် ဥရောပအစားအစာ၊ တရုတ်အစားအစာ၊ ကမ္ဘောဒီးယားရိုးရာအစားအစာအမျိုးပေါင်း တစ်ရာကျော်ကိုခင်းကျင်းပေးထားသလို ဧည့်သည်စုစုပေါင်း ခြောက်ရာကျော်ခန့် တစ်ပြိုင်တည်းသုံးဆောင်နိုင်အောင်လည်း စီစဉ်ခင်းကျင်းပေးထားသည်။ ထို့ထက်ပို၍ထူးခြားသည်မှာ ဘူဖေးသုံးဆောင်နေသူ ဧည့်သည်များအားလုံးမြင်တွေ့နိုင်သည့် ဇာတ်စင်ကြီးတစ်ခုပေါ်၌ ကမ္ဘောဒီးယားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ပေးနေခြင်းပင်ဖြစ်သည်။

အစားအစာများက အမျိုးစုံလင်သလောက် တစ်ခုချင်းအားဖြင့်လည်း အရသာကောင်းမွန်လှသည့် အဆိုပါဘူဖေးစားသောက်ဆိုင်ကြီးတွင် ညစာသုံးဆောင်ရင်း ကမ္ဘောဒီးယားရိုးရာ အကများကိုပါ စုံစုံလင်လင်ကြည့်ခွင့်ရသည့်အတွက် အမှတ်တရညချမ်းတစ်ညဖြစ်ခဲ့ရသည်။ ရိုးရာဟန်လည်းမပျက်ဘဲ မြူးကြွသွက်လက်ပြီး ခေတ်မီသော ကကွက်ဆန်းများက နိုင်ငံခြားသားဧည့်သည်များကို ထိုင်ရာကမထနိုင်အောင် ဆွဲဆောင်ထားလျက်ရှိသည်။ အမြင်မတော် မတင့်တယ်သော ပြကွက်၊ ကကွက်များ လုံးဝမပါဝင်ဘဲ ကမ္ဘောဒီးယားနိုင်ငံသားတို့၏ ရှေးခေတ် အန်ကာယဉ်ကျေးမှုကို ထင်ဟပ်စေသည့် ကကွက်ဆန်းများဖြစ်၍ တီထွင်ဖန်တီးပေးသူများကို စိတ်ထဲက တလေးတစားချီးကျူးရင်း အသိအမှတ်ပြုမိလိုက်သည်။

မြန်မာနိုင်ငံတွင် လှည့်လည်ကပြနေကြသည့် လက်ရှိနှစ်ပါးခွင်ကဲ့သို့ မင်းသားတစ်လက်ကို မင်းသမီး ၁၅ လက်လောက်က ဝန်းရံပေးနေရသည့် မင်းသားဦးစားပေး ကကွက်မျိုးမဟုတ်ဘဲ မင်းသား၊ မင်းသမီး၊ အမျိုးသား၊ အမျိုးသမီး အချိုးညီပါဝင်သည့် မြူးကြွသွက်လက်သော ရှေးမူမပျက်ကကွက်ဆန်းများက ကမ္ဘောဒီးယားနိုင်ငံနှင့် ကမ္ဘောဒီးယားယဉ်ကျေးမှုကို ကမ္ဘာ့အလယ်၌ ထင်ရှားသိသာဖြစ်စေသည်။ နိုင်ငံခြားသားခရီးသွားဧည့်သည်များကို ဖိတ်ခေါ်လက်ကမ်းပေးလျက်ရှိနေသည်။ တစ်ခေါက်ရောက်ပြီးသောခရီးသွားများကို နောက်ထပ်လာချင်အောင်လည်း ဆွဲဆောင်စည်းရုံးပေးနေကြသည်။

**Kulim** ဘူဖေးစားသောက်ဆိုင်ကြီးတွင် အချိန်တစ်နာရီ မိနစ် ၃၀ ခန့်ကြာအောင် ညစာသုံးဆောင်ရင်း ရိုးရာကကွက်ဆန်းများကို ကြည့်ရှုခံစားပြီးနောက် မိတ်ဆွေ ကိုမောင်မောင်က စီယမ်ရိမြို့၏နာမည်ကျော် **Night Market** ဆီသို့ခေါ်ဆောင်သွားသည်။ အဆိုပါဈေးကြီးတွင် လှည့်လည်ကြည့်ရှုလေ့လာကာ အပြန်ခရီးအတွက် ကမ္ဘောဒီးယားရိုးရာ အထိမ်းအမှတ်အဝတ်အထည်နှင့် အမှတ်တရလက်ဆောင်များကို ဝယ်ယူဖြစ်ခဲ့သည်။ **Night Market** တွင် အချိန်နှစ်နာရီခန့်ကြာပြီးနောက် တည်းခိုနေထိုင်ရာ **Hotel Beyond Yangon** သို့ပြန်လည် ထွက်ခွာခဲ့ကြသည်။ **Hotel** သို့ ပြန်ရောက်ပြီးနောက် တစ်နာရီခန့်အနားယူပြီး ရေချိုးသန့်စင်သည်။ ပြီးနောက် တစ်နာရီကျော်ခန့် စာဖတ်ပြီးနောက် အိပ်စက်အနားယူသည်။

နောက်တစ်နေ့ ဒီဇင်ဘာ ၁ ရက် နံနက်တွင် **Hotel** ၌ နံနက်စာသုံးဆောင်ရင်း **Hotel** ပိုင်ရှင် ကိုမောင်မောင်တို့မိသားစုနှင့် စကားပြောဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသူနှင့် အိမ်ထောင်ကျပြီး သားတစ်ယောက်၊ သမီးတစ်ယောက်ပင်ရနေပြီဖြစ်သည့် ကိုမောင်မောင်သည် အိမ်ထောင်တစ်ခုကိုကောင်းစွာ ထိန်းကျောင်းပဲ့ကိုင်နိုင်သည့် အရည်အသွေးရှိကြောင်း စကားပြောရင်းဖြင့် ပို၍သိလာရသည်။ ကိုမောင်မောင်၏ဇနီးဖြစ်သော ကမ္ဘောဒီးယားနိုင်ငံသူသည် သဘောကောင်းပြီး နှစ်လိုဖွယ်ရှိသော အိမ်ထောင်ရှင်မကောင်း တစ်ဦးလည်းဖြစ်သည်။

**Hotel** ၌ နံနက်စာသုံးဆောင်အပြီး နံနက် ၉ နာရီ မိနစ် ၃၀ ခန့်တွင် ကိုမောင်မောင်၏ကားဖြင့် **Hotel** မှ အန်ကာဝပ်(**Angkor Wat**) ကျောင်းတော်ဆီသို့ ထွက်ခွာခဲ့ကြသည်။ ကားပေါ်၌ ကမ္ဘောဒီးယားလူမျိုး **Tourist Guide** တစ်ဦးလိုက်ပါလာသည်။ သဘောကောင်းပြီး အင်္ဂလိပ်စကားကို ကျွမ်းကျင်စွာပြောနိုင်သည့်အဆိုပါ **Tourist Guide** ကို မိတ်ဆွေဖြစ်သူ ကိုမောင်မောင်ကပင် စီစဉ်ခေါ်ယူပေးထားခြင်းဖြစ်သည်။ ဦးစွာ အန်ကာယဉ်ကျေးမှုနယ်မြေသို့ ဝင်ရောက်လည်ပတ်ခွင့်လက်မှတ်ကို သတ်မှတ်ထားသည့် **Ticket Booth** ကြီး၌ သွားရောက်ဝယ်ယူရသည်။ အန်ကာယဉ်ကျေးမှုနယ်မြေကြီးအတွင်း၌ အန်ကာဝပ်ကျောင်းတော်အပါအဝင် အန်ကာယဉ်ကျေးမှု အမွေအနှစ်များစွာ တည်ရှိနေသည်။

အဆိုပါနယ်မြေအတွင်း နံနက် ၇ နာရီ မိနစ် ၃၀ မှ ညနေ ၅ နာရီအတွင်း တစ်နေ့တာလည်ပတ်မှုအတွက် လူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၇ ဒေါ်လာကို ကြိုတင်ပေးဆောင်ကြရသည်။ လက်မှတ်အရောင်းဌာနကြီးတွင် ကောင်တာများစွာခွဲပေးထားပြီး သက်ဆိုင်ရာ **Tourist Guide** များက စနစ်တကျ တန်းစီနိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြသည်။ လက်မှတ်ဝယ်ယူမည့်သူသည် ကောင်တာရှေ့ရှိ ကင်မရာကိုကြည့်ရပြီး အဆိုပါကင်မရာက ရိုက်ယူမှတ်တမ်းတင်ထားသော မိမိ၏ဓာတ်ပုံကိုပါ တစ်ပါတည်း ရိုက်နှိပ်ထားသည့် လက်မှတ်တစ်စောင်စီကို ရယူကာ မပျောက်ပျက်အောင် သေချာစွာသိမ်းဆည်းထားကြရသည်။

အကယ်၍ အန်ကာယဉ်ကျေးမှုနယ်မြေအတွင်း လည်ပတ်နေရင်း လက်မှတ်ပျောက်ဆုံးခဲ့ပါက နောက်ထပ် ၃၇ ဒေါ်လာ ထပ်မံပေးဆောင်ကာ လက်မှတ်အသစ် ထပ်မံဝယ်ယူကြရသည်။ ထို့ပြင် သက်ဆိုင်ရာ လည်ပတ်ခွင့်လက်မှတ်ပေါ်၌ မိမိဓာတ်ပုံကိုပါ တစ်ပါတည်းရိုက်နှိပ်ထားသည့်အတွက် တစ်ဦးမှ အခြားတစ်ဦးသို့ လွှဲပြောင်းသုံးစွဲ၍ မရပေ။ အကြောင်းမှာ ယဉ်ကျေးမှုနယ်မြေအတွင်းရှိ တစ်နေရာသို့ဝင်လိုက်တိုင်း လုံခြုံရေးဝန်ထမ်းများက လက်မှတ်ပါဓာတ်ပုံနှင့်ခရီးသည်တို့ကို တိုက်ဆိုင်စစ်ဆေးကြသောကြောင့်ပင်ဖြစ်သည်။ အလွန်ပင်စနစ်ကျလှသောကြောင့် မြန်မာတို့၏ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံ-ညောင်ဦးဒေသ၌လည်း ထိုစနစ်မျိုးကို လျှင်မြန်စွာ အကောင်အထည်ဖော်သင့်ကြသည်။

အန်ကာယဉ်ကျေးမှု နယ်မြေအတွင်း၌ ကျင့်သုံးနေသည့်စနစ်က ကောင်းမွန်ပြည့်စုံသောကြောင့် ခရီးသွားဧည့်သည်များထံမှရရှိသော နိုင်ငံခြားငွေများမှာ အလေအလွင့်မရှိသလို တစ်ကိုယ်ကောင်းဆန်ပြီး တစ်ကွက်ကျော် လုပ်စားနေသူများကိုလည်း ထိရောက်စွာဟန့်တားထားရာရောက်သည်။

အန်ကာယဉ်ကျေးမှုနယ်မြေအတွင်းသို့ ဝင်ရောက်လည်ပတ်ခွင့်လက်မှတ်များကိုဝယ်ယူပြီးသည့်အခါ ဦးစွာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အထင်ကရအန်ကာဝပ်ကျောင်းတော်ကြီးဆီသို့ သွားရောက်ကြသည်။ အံ့ဩဘနန်း ကြီးကျယ်ခမ်းနားလှသော အန်ကာဝပ်ကျောင်းတော်ကြီးကို ကျုံးရေများက ပတ်လည်ဝိုင်းထားပြီး ခရီးသွားဧည့်သည်များက ကျုံးကိုဖြတ်သန်းကာ တည်ဆောက်ထားသော ရေပေါ်တံတားများမှတစ်ဆင့် ကျောင်းတော်ကြီးဆီသို့ ခြေကျင်လျှောက်ပြီးသွားရောက်ကြရသည်။ ၁၄ ရာစုအတွင်းက တည်ဆောက်ထားခဲ့သည့် အန်ကာကျောင်းတော်ကြီးမှာ အဝေးက မြင်ရစဉ်ကတည်းကပင် ခန့်ညားထည်ဝါလှသည့်အတွက် ၁၄ ရာစုကာလများက အန်ကာယဉ်ကျေးမှု မည်မျှထွန်းကားဖွံ့ဖြိုးစည်ပင်ခဲ့သည်ကို ပညာမျက်စိဖြင့် မြင်နေရသည်။

ရောမ ကျောက်တုံး၊ ကျောက်စိုင်ကြီးများဖြင့် ဖွဲ့စည်းတည်ဆောက်ခဲ့သော အန်ကာဝပ်ကျောင်းတော်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ၌ ဟိန္ဒူဘာသာထွန်းကားခဲ့မှု၏ ကမ္ဘာသိပြယုဂ်တစ်ခုဖြစ်သလို၊ မျက်မှောက်ခေတ် အင်ဂျင်နီယာပညာရှင်ကြီးများကပင် အံ့ဩချီးကျူးကြရသည့် ရှေးခေတ်အင်ဂျင်နီယာပညာများကို စုစည်းဖော်ပြရာ ကမ္ဘာကျော်အဆောက်အအုံကြီးတစ်ခုလည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၁၄ ရာစုမှသည် မျက်မှောက်ကာလအထိတိုင် သဘာဝဘေးအန္တရာယ်များကို အကြိမ်ပေါင်းများစွာခံခဲ့ရသည့်တိုင် အန်ကာကျောင်းတော်ကြီးက တည်ငြိမ်ခန့်ညားစွာ ရှိနေဆဲဖြစ်သောကြောင့်ပင်ဖြစ်သည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့ါအပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးမည်



ယခုနှစ် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၁၆၅၇၃၈ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၆၅၇၃၈ ဧကကိုလျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးစပါး ၁၆၅၇၃၈ ဧကကို ယခုနှစ် ဇူလိုင်လ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ပြီး စပါးများ လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက တောင်သူနည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါး ၁၆၅၇၃၈ ဧကထိလျာထားစိုက်ပျိုးမှာဖြစ်တယ်။ မိုးစပါးတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါပြင် ရွှေခရုအန္တရာယ်ကာကွယ်ရေးနဲ့ပတ်သက်ပြီးတော့ တောင်သူပညာပေးလုပ်ငန်းတွေကိုလဲ ကြိုတင်လုပ်ဆောင်ပေးနေပါတယ်။ မိုးစပါးတွေကို မျိုးကောင်းမျိုးသန့်နည်းစနစ်ဖြင့် ပိုမိုစိုက်ပျိုးလာနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းတွေက ကျေးရွာအုပ်စုအလိုက် နယ်လှည့်ပြီး အသိပညာပေးမှုများကိုလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါးမျိုးများအသုံးပြုမှု မှန်ကန်စေရေး၊ ရွှေခရုဖျက်ဆီးမှု မရှိစေရေး၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုမရှိစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခုနှစ် မိုးစပါးကို ဒေသခံတောင်သူများ၊ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအပြင် ရေဘေး ကာကွယ်ရေးအတွက် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပေါင်မြို့နယ် လက်ပံကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ပေါင် ဇူလိုင် ၁**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံကျွန်းကျေးရွာအုပ်စု လက်ပံကျွန်းကျေးရွာ၌ ပဉ္စမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် လက်ပံကျွန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၂၂ ဒသမ ၃ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၄ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က ပြောပြ၍ သိရသည်။

**သုတ**

## အမေ့အတွက် ကဗျာတစ်ပုဒ်

- ကဗျာအနွဲ့ရယ်နဲ့
စာဖွဲ့လျှင် စာဆိုမောရုံပ
ကျယ်ပြော ပင်ပြင်သို့
မွေးမိခင် ဂုဏ်အင်ထူးရယ်က
ဦးခိုက်လို့ မကုန်ဘွယ်။

- ဆင်စရာ ရွှေငွေဝေးတာကြောင့်
ပညာသာ အမွေပေးနိုင်တဲ့
လူလေး ဂုဏ်မငယ်ပဲ
အမေ့နှယ် မပင်ပန်းအောင်ကွဲ့
ကြိုးပမ်းကာ သင်ယူစမ်းပါလို့
လမ်းပြလို့ ညွှန်ခဲ့တယ်။

- ဆံနီကြင် ဆီတင်မအားသော်ကြောင့်
ကြည်မရွှင် သားအရေမွဲပေမယ့်
ထီမထင် အားတွေခဲပါလို့
ချွေးရွှဲစို နေပူအငွေ့တွေလဲ
အမေ့ရင်ဝယ် ပူတို့စွမ်းသာတော့
နေ့စဉ်ကွယ် ခြေတိုခမန်းပါပဲ
ဈေးဗန်းနဲ့ ရွာစဉ်လည်
သားငယ်တို့ ရှေ့ရေး။

- သည်နေ့ သည်အချိန်
ကြည်မွေ့ တထိန်ထိန်ပေါ့
အိမ်တစ်ဆောင်မီးတပြောင်အလှရယ်နဲ့
မေ့သားမောင် အခြေကျပေမယ့်
ဝေးစွ တဌာနေ၌
တာဝန်တွေ လွယ်တာခြားတာကြောင့်
အမေ့နားမှာ အယုအယလေးတွေနဲ့
ဝတ်များစွာ မပြုရသေးတာမို့
လူလေးရင် မရွှင်မြေ့လေတော့
မွေးမေထံ အမှန်ရည်စူးပါလို့
ကဗျာငုံ စာမုံဖူးရယ်နဲ့
အထူးပင် ဦးတင်ကန်တော့လိုက်ပါရဲ့
(အမေရယ်)
သားမိုက်ရွှေသွေး။ ။

**မြင်းမူမောင်နိုင်မိုး**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ဖူဂျီမီးတောင်၏ တောင်တက်ခရီးစဉ် ဝန်ဆောင်ကြေးကို ဂျပန်နိုင်ငံတိုးမြှင့်

**တိုကျို ဇူလိုင် ၁**

ဂျပန်သစ်တောဌာန တာဝန်ရှိသူများသည် ဖူဂျီမီးတောင်၏ တောင်တက်ရာသီကို ယနေ့တွင် စတင်ခဲ့ပြီး တောင်တက်ခရီးစဉ် ဝန်ဆောင်ကြေးကိုလည်း တိုးမြှင့်ခဲ့ကြောင်း သိရသည်။

ဂျပန်သစ်တောဌာနဝန်ထမ်းများသည် ဖူဂျီမီးတောင် တောင်တက်ရာသီကို ယနေ့တွင် တရားဝင်စတင်ခဲ့ခြင်းဖြစ်သည်။

တောင်တက် ရာသီသစ်တွင် ခရီးသည်များအနေဖြင့် ဖူဂျီမီးတောင်ပေါ်သို့ တက်ရောက်ရေးအတွက် ယန်းငွေ၂၀၀၀ (အမေရိကန်ဒေါ်လာ ၁၂ ဒေါ်လာ) ထိ တိုးမြှင့် ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အမှိုက်သရိုက်ပြဿနာ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာ၊ တောင်တက်လမ်းများ၌ ခရီးသည်များ ပြည့်ကျပ်မှုပြဿနာများကို တားဆီးရေးအတွက် ဖူဂျီမီးတောင်ပေါ်သို့တစ်ရက်လျှင် ခရီးသွားဦးရေ ၄၀၀၀ထိသာ တက်ရောက်ခွင့်ပေးရန် ဂျပန်သစ်တောဌာနက စီစဉ်ထားသည်။

အမြင့်ပေ ၁၂၃၈၈ ပေရှိသည့် ဖူဂျီမီးတောင်သည် ဂျပန်နိုင်ငံ၏ သင်္ကေတလက္ခဏာဖြစ်ပြီး ကမ္ဘာလှည့်ခရီးသည်ထောင်ပေါင်းများစွာကို ဆွဲဆောင်နိုင်သောနေရာဖြစ်သည်။

ဖူဂျီမီးတောင်သို့လာရောက်ခဲ့ကြသော ကမ္ဘာလှည့်ခရီးသည် အရေအတွက်မှာ နှစ်စဉ် ဦးရေ ၃၀၀၀၀၀ခန့်ထိ ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## နိုင်ငံပိုင်ရုပ်သံသတင်းများထုတ်လွှင့်ရန် တရုတ်ဂြိုဟ်တုအစား ရုရှားဂြိုဟ်တုကို မြောက်ကိုရီးယားပြောင်းလဲအသုံးပြု



**ပြုံယမ်း ဇူလိုင် ၁**

မြောက်ကိုရီးယား နိုင်ငံသည် နိုင်ငံပိုင်ရုပ်သံဌာနများမှ သတင်းထုတ်လွှင့်ပြသရေးအတွက် အသုံးပြုနေကျ တရုတ်ဂြိုဟ်တုအစား ရုရှားဂြိုဟ်တုတစ်စင်း ပြောင်းလဲအသုံးပြုနေကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

ယင်းကဲ့သို့ ဂြိုဟ်တုပြောင်းလဲအသုံးပြုနေသောကြောင့် မြောက်ကိုရီးယားမီဒီယာများ ထုတ်လွှင့်မှုကိုစောင့်ကြည့်ရာတွင် တောင်ကိုရီးယားအစိုးရအဖွဲ့အစည်းများနှင့် မီဒီယာများအတွက် ပြဿနာရှိလာနိုင်ကြောင်း သိရသည်။

ယခင်က မြောက်ကိုရီးယားနိုင်ငံသည် ချိုင်နားဆက် ၁၂အမည်ရှိ တရုတ်ဂြိုဟ်တုတစ်စင်းကို အသုံးပြုခဲ့သည်။

သို့သော် မြောက်ကိုရီးယားနိုင်ငံသည် ဇွန် ၂၉ရက်မှစ၍နိုင်ငံပိုင် ရုပ်သံဌာနများထုတ်လွှင့်ရေးအတွက် အိတ်စပရက် ၁၀၃ အမည်ရှိ ရုရှားဂြိုဟ်တု တစ်စင်းကို ပြောင်းလဲ အသုံးပြုနေကြောင်း တောင်ကိုရီးယားအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့သို့ ပြီးခဲ့သည့်ဇွန်လအတွင်း ရုရှားသမ္မတပူတင် လာရောက်ခဲ့ပြီးနောက် နိုင်ငံပိုင်ရုပ်သံဌာနများ ထုတ်လွှင့်မှုအတွက် ဂြိုဟ်တု ပြောင်းလဲ အသုံးပြုနေခြင်းဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယား ပြည်တွင်းအခြေအနေများကို အကဲခတ်ရေးအတွက် တောင်ကိုရီးယားအစိုးရနှင့် မီဒီယာများသည် မြောက်ကိုရီးယားမီဒီယာများကို စောင့်ကြည့်ကြရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ဘီလာရုစ်နယ်စပ်အနီး ယူကရိန်းအင်အားတည်ဆောက်မှု စိုးရိမ်မကင်းဖြစ်ရကြောင်း ရုရှားအစိုးရပြောကြား

**မော်စကို ဇူလိုင် ၁**

ယူကရိန်းမြောက်ပိုင်း ဇိုင်တိုမာဒေသသို့ ယူကရိန်းစစ်ဘက်က တပ်ဖွဲ့ဝင်များနှင့် လက်နက်ခဲယမ်းများ ထပ်မံပေးပို့နေသည်ဆိုသောသတင်းများနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိကြောင်း ရုရှားအစိုးရက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ယူကရိန်းမြောက်ပိုင်း ဇိုင်တိုမာဒေသသည် ဘီလာရုစ်နိုင်ငံနှင့် နယ်မြေချင်းထိစပ်နေသည့်နယ်မြေဖြစ်သည်။

ဘီလာရုစ်စစ်ဘက်၏အဆိုအရ ယူကရိန်းနိုင်ငံသည် ဇိုင်တိုမာဒေသ တပ်ဖွဲ့ဝင်နှင့် လက်နက်ခဲယမ်းများ ထပ်မံစေလွှတ်ပေးပို့ထားကြောင်း သိရသည်။

ဘီလာရုစ်စစ်ဘက်၏ အဆိုပါသတင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ရုရှားနိုင်ငံအနေဖြင့် စိုးရိမ်မကင်းဖြစ်ရကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ဘီလာရုစ်နယ်စပ်အနီး ယူကရိန်းနိုင်ငံက စစ်အင်အားတည်ဆောက်နေမှုနှင့်ပတ်သက်၍ ရုရှားနှင့်ဘီလာရုစ်ကာကွယ်ရေးဝန်ကြီးဌာနများက အဆက်အသွယ်မပြတ်စောင့်ကြည့်နေကြောင်း ဒီမီထရီပက်စကော့ဗ်က ပြောကြားခဲ့သည်။

ဘီလာရုစ်နိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကစစ်ရေးနှင့်နိုင်ငံရေး မဟာမိတ်နိုင်ငံဖြစ်ပြီး ယူကရိန်းစစ်ရေးပဋိပက္ခတွင် ရုရှားနိုင်ငံဘက်မှ ရပ်တည်ထောက်ခံထားသောနိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## တာတိုပစ်ဒုံးကျည်များ မြောက်ကိုရီးယားနိုင်ငံ ပစ်လွှတ်

**ပြုံယမ်း ဇူလိုင် ၁**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် ဘလစ်စတစ်ဒုံးကျည် နှစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ဂျန်ယောင်အမည်ရှိ မြို့တစ်မြို့မှ တစ်ဆင့် အရှေ့မြောက်စူးစူးအရပ်သို့ အဆိုပါဒုံးကျည်နှစ်စင်းကို ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားစစ်ဘက် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့က သုံးနိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများ အဆုံးသတ်ပြီး ရက်ပိုင်းအတွင်းမှာပင် မြောက်ကိုရီးယားနိုင်ငံက ဘလစ်စတစ်ဒုံးကျည်နှစ်စင်း ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံက ယနေ့တွင် ပစ်လွှတ်ခဲ့သောဒုံးကျည်နှစ်စင်းအနက်တစ်စင်းမှာ ပျံသန်းမှုပုံစံ မမှန်ခြင်းမရှိခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံက ပစ်လွှတ်ခဲ့သည့် ဒုံးကျည်နှစ်စင်းအနက် ပထမတစ်စင်းမှာ အကွာအဝေးမိုင် ၃၇၀ထိ ပျံသန်းခဲ့ပြီး ဒုတိယဒုံးကျည်မှာ ၇၅ မိုင်သာ ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် အဆိုပါဒုံးကျည်နှစ်စင်းကို တစ်စင်းနှင့် တစ်စင်း ၁၀ မိနစ်ခြား၍ ပစ်လွှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ပြင်သစ်လွှတ်တော်ရွေးကောက်ပွဲ ပထမအကျော့၌ မရင်းလီပင်း၏ လက်ယာစွန်းအုပ်စုအနိုင်ရရှိ

**ပဲရစ် ဇူလိုင် ၁**

ဇွန် ၃၀ ရက်တွင် ကျင်းပခဲ့သည့် ပြင်သစ်လွှတ်တော် ရွေးကောက်ပွဲ ပထမအကျော့တွင် အမျိုးသမီးနိုင်ငံရေးခေါင်းဆောင် မရင်းလီပင်း ဦးဆောင်သည့် လက်ယာစွန်း အမျိုးသားရေးဝါဒီများက အနိုင်ရရှိထားကြောင်း သိရသည်။

ပြင်သစ်လွှတ်တော်ရွေးကောက်ပွဲ ပထမအကျော့တွင် မရင်းလီပင်း၏ အမျိုးသားအင်အားစုပါတီ(အာရ်အင်န်)နှင့် မဟာမိတ်များသည် ထောက်ခံမဲရာနှုန်း ၃၃ ရာခိုင်နှုန်းထိရရှိထားကြောင်း ပြင်သစ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိ ပြင်သစ်သမ္မတ မက်ခရွန်၏ ညွန့်ပေါင်းအုပ်စုကမူ ထောက်ခံမဲရာခိုင်နှုန်း၂၀ရာခိုင်နှုန်းခန့်သာရရှိခဲ့ကြောင်း သိရသည်။

သို့သော် အာရ်အင်န်ပါတီအနေဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်စွမ်းရှိ၊ မရှိကို လာမည့်ရက်သတ္တပတ်အတွင်း ကျင်းပမည့် ဒုတိယအကျော့ ရွေးကောက်ပွဲ ရလဒ်များကသာ အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်သည်။



ဥရောပပါလီမန်ရွေးကောက်ပွဲများ၌ လက်ယာစွန်းအမျိုးသားရေးဝါဒီများ အနိုင်ရခဲ့ပြီးနောက် ပြင်သစ်သမ္မတ မက်ခရွန်သည် လွှတ်တော် ရွေးကောက်ပွဲများကို သတ်မှတ်ချိန်ထက်စော၍ ဇွန် ၃၀ ရက်တွင် စတင်ကျင်းပရန် ဆုံးဖြတ်ခဲ့ရသည်။

ပြင်သစ်လွှတ်တော်ရွေးကောက်ပွဲ ဒုတိယအကျော့ကို ဇူလိုင် ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နာဆာ၏ အိုဒက်ဆီအာကာသယာဉ်က ဇွန် ၃၀ ရက်တွင် အင်္ဂါဂြိုဟ်ကို အပတ်ရေ ၁၀၀၀၀၀ ထိ လှည့်ပတ်ခဲ့ပြီးဖြစ်



**ဝါရှင်တန် ဇူလိုင် ၁**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အိုဒက်ဆီ အာကာသယာဉ်သည် ဇွန် ၃၀ ရက်တွင် အင်္ဂါဂြိုဟ်ကို အပတ်ရေ ၁၀၀၀၀၀ ထိ လှည့်ပတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အိုဒက်ဆီ အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ကို လှည့်ပတ်ပျံသန်းနေသော နာဆာ အာကာသယာဉ်များအနက် သက်တမ်းအရင့်ဆုံး အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်ကို အိုဒက်ဆီ အာကာသယာဉ် လှည့်ပတ်မှု အပတ်ရေ ၁၀၀၀၀၀ ပြည့်ခြင်း အထိမ်းအမှတ်အဖြစ် အင်္ဂါဂြိုဟ်ပေါ်ရှိ အိုလံပတ်စ်မွန်းစ်အမည်ရှိ မီးတောင်ဓာတ်ပုံကို နာဆာအဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

နေအဖွဲ့အစည်း၏ အမြင့်ဆုံးမီးတောင်ဖြစ်သည့် အိုလံပတ်စ်မွန်းစ်မီးတောင်ကို ဓာတ်ပုံရိုက်ကူးရေးအတွက် အိုဒက်ဆီအာကာသယာဉ်သည် အမြန်နှုန်းကို လျှော့ချခဲ့ရကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် အိုဒက်ဆီ အာကာသယာဉ်ကို ၂၀၀၁ ခုနှစ် ဧပြီလတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိုဒက်ဆီ အာကာသယာဉ်သည် ၂၀၀၁ ခုနှစ် အောက်တိုဘာလမှာပင် အင်္ဂါဂြိုဟ်ပတ်လမ်းအတွင်း ဝင်ရောက်ခဲ့ပြီး ရေဓာတ်ရှာဖွေရေးလုပ်ငန်းများ စတင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## AIDS-4 ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုတစ်စင်းကို ဂျပန်အာကာသအေဂျင်စီ လွှတ်တင်

**တိုကျို ဇူလိုင် ၁**

AIDS-4 အမည်ရှိ ကမ္ဘာဂြိုဟ်လေ့လာရေး ဂြိုဟ်တုတစ်စင်းကို ဂျပန် အာကာသအေဂျင်စီက အိတ်ချ်-၃ ဒုံးပျံဖြင့် ဇွန် ၃၀ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဂျပန် အာကာသအေဂျင်စီသည် AIDS-4 ဂြိုဟ်တုကို တာနီဂါးရှီးမား အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၁၆ မိနစ်ခန့်အကြာတွင် အိတ်ချ်-၃ ဒုံးပျံသည် AIDS-4 ဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု ဂျပန်အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

AIDS-4 ဂြိုဟ်တုမစ်ရှင်သည် အိတ်ချ်-၃ ဒုံးပျံ၏ တတိယမြောက် အာကာသ မစ်ရှင်ဖြစ်သည်။

အိတ်ချ်-၃ ဒုံးပျံသည် အိတ်ချ်-၂အေ ဒုံးပျံများနေရာတွင် အစားထိုးအသုံးပြုရေးအတွက် ဂျပန်အာကာသအေဂျင်စီက တည်ဆောက်ထားခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် မတ်လတွင် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့သည်။

အလေးချိန် သုံးတန်ရှိ AIDS-4 ဂြိုဟ်တုသည် ၂၀၁၄ ခုနှစ်မှစ၍ ကမ္ဘာဂြိုဟ်ကို လေ့လာခဲ့သော AIDS-2 ဂြိုဟ်တုနေရာတွင် အစားထိုး တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။





**Ref : Xinhua News**
**Trs : KKO**

## နဂါးငွေ့တန်းကြယ်စု၏ အရံကြယ်စုငယ်နှစ်ခုကို နိုင်ငံတကာ သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဇူလိုင် ၁**

နဂါးငွေ့တန်းကြယ်စု၏ အရံကြယ်စုငယ်နှစ်ခုကို နိုင်ငံတကာ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇွန် ၃၀ ရက်သတင်းများအရ သိရသည်။




အဆိုပါ အရံကြယ်စုသစ်နှစ်ခုကို ဂျပန်၊ တရုတ်(တိုင်ပေ)နှင့် အမေရိကန် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကြယ်စုငယ်နှစ်ခုကို ဗာဂို-၃ နှင့် ဆက်စတန်းစ်-၂ ဟူ၍ နိုင်ငံတကာ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

ဗာဂို-၃ နှင့် ဆက်စတန်းစ်-၂ ကြယ်စုများကို ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် နဂါးငွေ့တန်းကြယ်စု၌ အရံကြယ်စုငယ် ကိုးခုထိရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ဗာဂို-၃ နှင့် ဆက်စတန်းစ်-၂ ကြယ်စုငယ်များကို HSC ရေဒီယိုတယ်လီစကုပ်အကူအညီဖြင့်ရှာဖွေတွေ့ရှိထားခြင်းဖြစ်သည်။

သိပ္ပံပညာရှင်များ၏ အဆိုအရ နဂါးငွေ့တန်းကြယ်စုတွင် အရံကြယ်စုငယ် ရာနှင့်ချီရှိနိုင်သော်လည်း အများစုကို ရှာတွေ့ခြင်းမရှိသေးကြောင်း သိရသည်။

နဂါးငွေ့တန်းကြယ်စု၌ အရံကြယ်စုငယ်ပေါင်း ၅၀၀ ခန့်ရှိနေနိုင်သော်လည်း အများစုမှာတယ်လီစကုပ်များမြင်ကွင်းမှ ပျောက်ကွယ်နေဆဲဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ခုခံအားစနစ်ဆေးနှင့် ဓာတုကုထုံးပေါင်းစပ်ထားသော ကုထုံးသစ်က ရင်သားကင်ဆာဖြစ်ခါစလူနာများ၏ ကျန်းမာရေးကို အထောက်အကူပြုနိုင်

**နယူးယောက် ဇူလိုင် ၁**

ခုခံအားစနစ်ဆေးတစ်မျိုးနှင့် ဓာတုကုထုံးတစ်မျိုး ပေါင်းစပ်ထားသော ကုထုံးသစ်သည် ရင်သားကင်ဆာ စတင်ဖြစ်ပွားခါစလူနာများ၏ ကျန်းမာရေးကို အထောက်အကူ ပြုနိုင်ကြောင်း ဇွန် ၃၀ ရက် သတင်းများအရ သိရသည်။

Kadcyla အမည်ရှိ အဆိုပါ နှစ်မျိုးတွဲကုထုံးသစ်သည် ကုထုံးရယူပြီးနောက်ပိုင်း လူနာများဝေဒနာကင်းစင်စွာ နေနိုင်ရေးအတွက် အထောက်အကူ ပြုနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လက်တွေ့စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Kadcyla ကုထုံးရယူထားသည့် အဆင့်-၁ ရင်သားကင်ဆာလူနာများသည် ကုထုံးရယူပြီး ငါးနှစ်အတွင်း ရောဂါလက္ခဏာများခံစားရခြင်း မရှိခဲ့ကြောင်း သိရသည်။

Kadcyla ကုထုံးသည် Trastuzumab အမည်ရှိ ခုခံအားစနစ်ဆေးတစ်မျိုးနှင့် Emtansine ခေါ် ဓာတုကုထုံးတစ်မျိုးကို ပေါင်းစပ်ထားသော ကုထုံးဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် Kadcyla ကုထုံးကို အဆင့်-၁ ရင်သားကင်ဆာ လူနာ ၅၁၂ ဦးဖြင့် လက်တွေ့စမ်းသပ်ကုသမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ကုသရန်ခက်သည့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်စဉ်တွင် ကော်တီဆောလ် ခေါ် စိတ်ဖိအားဟော်မုန်းတစ်မျိုးက အဓိကအခန်းကဏ္ဍ၌ ပါဝင်နေ

**နယူးယောက် ဇူလိုင် ၁**

ကုသရန် ခက်ခဲသည့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်စဉ်များတွင် ကော်တီဆောလ် (Cortisol) ခေါ် စိတ်ဖိအားဟော်မုန်းတစ်မျိုးက အဓိကအခန်းကဏ္ဍ၌ ပါဝင်နေဖွယ်ရှိကြောင်း ဇွန် ၃၀ ရက်သတင်းများအရ သိရသည်။


ကုသရန်ခက်ခဲသည့် ပုံစံ-၂ ဆီးချိုလူနာလေးဦးလျှင် တစ်ဦးတွင် ကော်တီဆောလ်ဟော်မုန်းအဆင့် ပုံမှန်ထက်မြင့်တက်နေတတ်ကြောင်း အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ကော်တီဆောလ် ဟော်မုန်းသည် Adrenal Glands ခေါ် အကျိတ်တစ်မျိုးက ထုတ်ပေးတတ်သည့် ဟော်မုန်းတစ်မျိုးဖြစ်ပြီး ၎င်းဟော်မုန်းသည် ကိုယ်တွင်းအင်္ဂါအားလုံးနီးပါးအပေါ် အကျိုးသက်ရောက်မှုရှိတတ်သည်။

Hypercortisolism ခေါ် ကော်တီဆောလ် ဟော်မုန်းပေါ်ထွက်မှုအဆင့်လွန်ကဲပါက ကိုယ်အလေးချိန်တက်လာခြင်း၊ သွေးဖိအားမြင့်တက်လာခြင်း၊ ကြွက်သားများအားနည်းလာခြင်းနှင့် စိတ်ခံစားမှုအပြောင်းအလဲများ ပေါ်ထွက်လာတတ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် ကုသရန်ခက်ခဲသည့် ပုံစံ-၂ ဆီးချိုရောဂါလူနာ ၁၀၀၀ တို့ကို လေ့လာခဲ့ကြရာ လူနာ ၂၄ ရာခိုင်နှုန်းတွင် ကော်တီဆောလ်ဟော်မုန်းလွန်ကဲနေသည်ကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ကိုပါအမေရိကဖလား အုပ်စုအဆင့်မှ မက္ကဆီကိုအသင်း ထွက်ခွာခဲ့ရ

**မက္ကဆီကိုစီးတီး ဇူလိုင် ၁**

မက္ကဆီကိုအသင်းသည် ကိုပါအမေရိကဖလား အုပ်စုနောက်ဆုံးပွဲစဉ်တွင် အီကွေဒေါအသင်းကို ဂိုးမရှိသရေကစားနိုင်ခဲ့သော်လည်း အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

မက္ကဆီကိုအသင်းသည် ကိုပါအမေရိကဖလား အုပ်စု(B)တွင် အီကွေဒေါ၊ ဗင်နီဇွဲလား၊ ဂျမေကာအသင်းတို့နှင့်တွေ့ဆုံခဲ့ပြီး အုပ်စုမှကျော်ဖြတ်နိုင်ရန် ရေပန်းစားခဲ့သော်လည်း အဖွင့်ပွဲစဉ်တွင် ဂျမေကာအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး အုပ်စုဒုတိယပွဲစဉ်တွင် ဗင်နီဇွဲလားအသင်းကို မထင်မှတ်ဘဲရှုံးနိမ့်ခဲ့သောကြောင့် အုပ်စုမှကျော်ဖြတ်နိုင်ရန် အခက်တွေ့ခဲ့သည်။

အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်သည့် အီကွေဒေါအသင်းနှင့် ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှုအသာနှင့်ကစားနိုင်ခဲ့ပြီး ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပွဲချိန် မိနစ် ၉၀ ကျော်တွင် ပင်နယ်တီကန်သွင်းခွင့်ရမည့်အခွင့်အရေးပိုင်ဆိုင်ခဲ့သော်လည်း VAR ဖြင့် ပြန်လည်ပယ်ဖျက်ခဲ့သောကြောင့် ဂိုးမရှိသရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

မက္ကဆီကိုအသင်းသည် အုပ်စုအဆင့်တွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ်လေးမှတ်ပိုင်ဆိုင်ထားသဖြင့် အီကွေဒေါအသင်းနှင့် ရမှတ်တူနေပြီး ဂိုးကွာခြားချက်ကြောင့် အုပ်စုအဆင့်မှထွက်ခွာခဲ့ရသည်။

မက္ကဆီကိုအသင်းသည် နည်းပြလိုဇာနိုလက်ထက်တွင်ခြေစွမ်းပိုင်းတိုးတက်လာခဲ့သဖြင့် ၂၀၂၃ ခုနှစ် ကွန်ကာကပ်ဂိုးကပ်ပြိုင်ပွဲတွင် ဆုဖလားရယူနိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ကွန်ကာကပ်နေးရှင်းလိဂ်ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲထိတက်ရောက်ခဲ့ကာ ယခုပွဲစဉ်တွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသဖြင့် လိုဇာနိုနှင့် မက္ကဆီကိုအသင်းတို့၏ အနာဂတ်မှာ မရေရာမှုများရှိနေသည်။

ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့သည့် အီကွေဒေါအသင်းအနေဖြင့် လက်ရှိချန်ပီယံအာဂျင်တီးနားအသင်းနှင့် ကစားရမည်ဖြစ်ပြီး အုပ်စုဗိုလ်ဖြင့် တက်ရောက်ခဲ့သည့် ဗင်နီဇွဲလားအသင်းက ကနေဒါအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



## ယူရိုပြိုင်ပွဲကွာတားဖိုင်နယ်အဆင့်တွင် အင်္ဂလန်အသင်းနှင့်ဆွစ်ဇာလန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံ



**လန်ဒန် ဇူလိုင် ၁**

ယူရိုပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်တွင် အင်္ဂလန်အသင်းသည် ဆလိုဗက်ကီးယားအသင်းနှင့်တွေ့ဆုံခဲ့သော်လည်း အချိန်ပိုထိကစားခဲ့ရပြီး နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကာ ဆွစ်ဇာလန်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေကြောင်း သိရသည်။

အင်္ဂလန်အသင်းသည် ၁၆ သင်းရှုံးထွက်အဆင့်တွင် ဆလိုဗက်ကီးယားအသင်းနှင့်တွေ့ဆုံခဲ့သော်လည်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးနိုင်ခဲ့ကာ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ မလုပ်နိုင်သောကြောင့် ဆလိုဗက်ကီးယားအသင်းက ပွဲချိန် ၂၅ မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် ရှရန်နီဇက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပိုင်းတွင် အင်္ဂလန်အသင်းက တိုက်စစ်မြှင့်ဖိအားပေးမှုများ ဆက်တိုက်ပြုလုပ်လာခဲ့သော်လည်း ကစားသမားများနားလည်မှုအလွဲများကြောင့် ချေပဂိုးမရရှိခဲ့သဖြင့် ဖိအားအောက်ကျရောက်ခဲ့ပြီး နာကျင်အချိန်ပို ၉၄ မိနစ်အကျော်တွင် ဘယ်လင်ဟမ်၏ နောက်ပြန်ကန်ချက်ဖြင့် ချေပဂိုးရရှိခဲ့သောကြောင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အချိန်ပိုဆက်လက်ကစားခဲ့ရာ ပွဲအစ ၉၁ မိနစ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်း၏ ခေါင်းတိုက်ဂိုးဖြင့် ဦးဆောင်ဂိုးရခဲ့ပြီးနောက် ပြိုင်ပွဲကို ဆက်လက်ထိန်းချုပ်နိုင်ခဲ့သဖြင့် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ကွာတားဖိုင်နယ် အဆင့်တွင် အင်္ဂလန်အသင်းသည် လက်ရှိချန်ပီယံအီတလီအသင်းကို အနိုင်ရခဲ့သည့် ဆွစ်ဇာလန်အသင်းနှင့် တွေ့ဆုံနေပြီး ဇူလိုင် ၆ ရက်၌ ကျင်းပသွားမည်ဖြစ်ပြီး အခြားကွာတားဖိုင်နယ်တွင် ဂျော်ဂျီယာကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် စပိန်အသင်းနှင့် ဒိန်းမတ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည့် ဂျာမနီအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

## လီဗာပူးအသင်းက ဂေါ်ဒွန်ကိုခေါ်ယူရန် ဂိုးသမားကယ်လာဟာကို အလိုက်ပေးကမ်းလှမ်း

**လန်ဒန် ဇူလိုင် ၁**

လီဗာပူးအသင်းသည် နယူးကာဆယ်အသင်း တောင်ပံကစားသမား ဂေါ်ဒွန်ကိုခေါ်ယူရန် ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၅၀ အပြင် အသင်းဂိုးသမား ကယ်လာဟာကို အလိုက်ပေးကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ဂေါ်ဒွန်သည် အဲဗာတန်အသင်းနှင့် အသက် ၁၁ နှစ်အရွယ်ကတည်းက ပူပေါင်းခဲ့ပြီးနောက် အသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် စီနီယာအသင်းကြီးသို့ ရောက်ရှိခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက နယူးကာဆယ်အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅ သန်းဖြင့်ခေါ်ယူခဲ့ကာ နည်းပြဟိုဝီလက်အောက် ပထမဆုံးဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၈ ပွဲတွင် သွင်းဂိုး ၁၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ်ထိပြုလုပ်ခြေစွမ်းပြနိုင်ခဲ့သောကြောင့် ဂေါ်ဒွန်၏ စွမ်းဆောင်ရည်ကို ကာလရှည်စောင့်ကြည့်နေသည့်လီဗာပူးအသင်းက ခေါ်ယူရန်ကမ်းလှမ်းခဲ့သည်။

နယူးကာဆယ်အသင်းအနေဖြင့် လီဗာပူးအသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ပြီးနောက် ပြောင်းရွှေ့ကြေးအပြင် ခံစစ်ကစားသမား ကွမ်ဆာဟ်ကိုပါအလိုရှိနေသောကြောင့် လီဗာပူးအသင်းက ကွမ်ဆာဟ်ကို လက်မလွှတ်လိုသဖြင့် ဂေါ်ဒွန်ကို ခေါ်ယူမည့်ကိစ္စကို ရပ်တန့်ခဲ့ပြီးနောက် ယခုအခါ လီဗာပူးအသင်းက ဂေါ်ဒွန်ကိုခေါ်ယူရန် ထပ်မံကြိုးပမ်းခဲ့ကာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ နှင့် ဂိုးသမား ကယ်လာဟာကို အလိုက်ပေးကမ်းလှမ်းခဲ့သည်။

ဂေါ်ဒွန်သည် နယူးကာဆယ်အသင်းတွင်ပျော်ရွှင်လျက်ရှိနေကာ အသင်းနှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိသော်လည်း အသင်းအနေဖြင့်ဘဏ္ဍာရေးအကျပ်အတည်းကိုဖြေရှင်းနိုင်ရန် ဂေါ်ဒွန်ကို ရောင်းချမည်ဖြစ်ပြီး ပြီးခဲ့သည့်ရက်ပိုင်းက အန်ဒါဆန်နှင့်မင်တက်တို့ကို နော်တင်ဟမ်နှင့် ဘရိုက်တန်အသင်းတို့သို့ အပြီးသတ်ရောင်းချခဲ့သော်လည်း ဘဏ္ဍာရေးလိုအပ်ချက် စတာလင်ပေါင် ၆၅ သန်းထိရှိနေသဖြင့် ဂေါ်ဒွန်ကိုရောင်းချမှသာ ပရီးမီးယားလိဂ်၏ ဝင်ငွေထွက်ငွေစည်းမျဉ်းကိုကျော်ဖြတ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

**Ref : Sputnik**
**Trs : ML**

## အက်သရာဒါကို အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိကာ WBC စူပါဖလိုင်းဝိတ်တန်းချန်ပီယံဆုကို ရိုဒရီကွက်ဇ် ဆွတ်ခူး

**ဖီးနစ် ဇူလိုင် ၁**

WBC စူပါဖလိုင်းဝိတ်တန်းချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့သမား ရိုဒရီကွက်ဇ်နှင့် မက္ကဆီကိုလက်ဝှေ့သမားအက်သရာဒါတို့ ဇွန် ၃၀ ရက်က အမေရိကန်နိုင်ငံ ဖီးနစ်ပြည်နယ်တွင် ထိုးသတ်ခဲ့ရာ ရိုဒရီကွက်ဇ်ကဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံခါးပတ်ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ရိုဒရီကွက်ဇ်သည် ခုနစ်ချီမြောက်တွင် အက်သရာဒါကို အလဲထိုးနိုင်ခဲ့ခြင်းဖြစ်ပြီး အက်သရာဒါအနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် အလဲထိုးရလဒ်ဖြင့် ပထမဆုံးအကြိမ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မထိုးသတ်မီ ညှိနှိုင်းချက်အရ ၄င်းတို့ကြားမကျေပွဲစဉ်ထိုးသတ်နိုင်သည့် သဘောတူညီချက်စာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားပြီး စာချုပ်အရမကျေပွဲစဉ်ကို အမြန်ဆုံးစီစဉ်ပေးမည်ဖြစ်ကြောင်း ရိုဒရီကွက်ဇ်၏ Promoter ဖြစ်သူ အက်ဒီဟန်းက ပြောကြားခဲ့သည်။

သို့သော် အက်ဒီဟန်းအနေဖြင့် မကျေပွဲစီစဉ်ရေးအတွက် ရိုဒရီကွက်ဇ်နှင့် ညှိနှိုင်းသွားရမည်ဖြစ်ပြီး ရိုဒရီကွက်ဇ်လက်ခံမှသာမကျေပွဲစဉ်ကို စီစဉ်နိုင်မည်ဖြစ်သည်။

ရိုဒရီကွက်ဇ်သည် အက်သရာဒါကို ပထမဆုံးအချီမှစတင်၍ ဖိအားပေးထိုးသတ်နိုင်ခဲ့ပြီး ခန္ဓာကိုယ်ထိုးချက်များနှင့် အက်သရာဒါကို အဓိကဖိအားပေးခဲ့သည်။

ရိုဒရီကွက်ဇ်က "ဒီစိန်ခေါ်ပွဲအတွက် ကျွန်တော်သေချာပြင်ဆင်ခဲ့တယ်။ ပွဲစကတည်းကကိုယ်ခန္ဓာကို အဓိကထားထိုးသတ်ခဲ့တယ်။ ခန္ဓာကိုယ် ထိုးချက်တွေကြောင့်ပဲ ကျွန်တော် အနိုင်ရခဲ့တာပါ။ ကျွန်တော့်ထိုးချက်ကြောင့် ကြမ်းပြင်ပေါ်လဲကျသွားတဲ့ အက်သရာဒါရဲ့ အခြေအနေနဲ့ပတ်သက်ပြီးသူစတင်လဲကျသွားတည်းက ဒီစိန်ခေါ်ပွဲဟာ ကျွန်တော့်အတွက် နိုင်ပွဲတစ်ပွဲဖြစ်သွားပြီဆိုတာကို သိလိုက်တယ်။ ဒီစိန်ခေါ်ပွဲက ကျွန်တော့်ကစားသမားဘဝမှာ အကောင်းဆုံးပွဲစဉ်တွေထဲက တစ်ပွဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**



## အားကစားသတင်းအတိုအထွာများ

- ဒေါ့မွန်အသင်းက ကွင်းလယ်ကစားသမား ရေနာကို နွေရာသီအပြောင်းအရွှေ့ကာလတွင် ရောင်းချမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။
- မန်ယူအသင်းက နာပိုလီအသင်းတိုက်စစ်မှူး အိုစီမန်ကိုခေါ်ယူနိုင်ရန် ပြောင်းရွှေ့ကြေးအပြင် တိုက်စစ်မှူး ဟိုက်လန်းကိုပါ အလိုက်ပေးကမ်းလှမ်းခဲ့ကြောင်း သိရသည်။
- အာဆင်နယ်အသင်းအနေဖြင့် တောင်ပံကစားသမား ဆန်ချိုကို ခေါ်ယူနိုင်သည့်အခွင့်အရေးများရှိနေသော်လည်း ကစားသမား၏ လုပ်ခလစာမြင့်မားမှုကြောင့် ခေါ်ယူရန်ဆန္ဒမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ML**

# Max Energy Futsal ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်




**ရန်ကုန် ဇူလိုင် ၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်ပြီး MFF Futsal Stadium၌ ကျင်းပခဲ့ကြောင်း သိရသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီတွင် FFU Youthအသင်းနှင့် VUC Athleticအသင်းတို့ ကစားခဲ့ရာ FFU Youthအသင်းက လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၉နာရီခွဲတွင် Warm Brother FCအသင်းနှင့် Let Wel Youth အသင်းတို့ကစားခဲ့ရာ Let Wel Youthအသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီတွင် Moonhead Yangon အသင်းနှင့် Yankin Brotherhood အသင်းတို့ ကစားခဲ့ရာ Yankin Brotherhoodအသင်းက လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် Marga FCအသင်းနှင့် Gentel Guys အသင်းတို့ကစားခဲ့ရာ Marga FCအသင်းက လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး မွန်းလွဲ ၂ နာရီတွင် RPG FCအသင်းနှင့် Black Cross Youthအသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ကာ ညနေ ၃ နာရီတွင် Yankin Youth အသင်းနှင့် Taw Win Nan FCအသင်းတို့ ကစားခဲ့ရာ Taw Win Nan FCအသင်းက ၁၃ ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၂ ရက် နံနက် ၈ နာရီတွင် Lagacy FCအသင်းနှင့် Future Light FCအသင်း၊ နံနက် ၉နာရီခွဲတွင် Sar Bal Gyi FC အသင်းနှင့် Passion Play FC အသင်း၊ နံနက် ၁၁ နာရီတွင် Bushido Teamအသင်းနှင့် Fithouse FCအသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် Combine Team အသင်းနှင့် Power HBIအသင်း၊ မွန်းလွဲ ၂ နာရီတွင် Futsal 94 FCအသင်းနှင့်Junior FCအသင်း၊ ညနေ ၃ နာရီခွဲတွင် 42 Youth Clubအသင်းနှင့် 7Brother FC အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# မန်ယူအသင်းက အားကစားဒါရိုက်တာအဖြစ် ဒန်အက်ရှ်ဝေါ့ကိုခန့်အပ်

**မန်ချက်စတာ ဇူလိုင် ၁**

မန်ယူအသင်းက အသင်းအားကစားဒါရိုက်တာသစ်အဖြစ် နယူးကာဆယ်အသင်းမှ ဒန်အက်ရှ်ဝေါ့ကိုခန့်အပ်ရန်အတွက် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

လက်ရှိမန်ယူအသင်း ပူးတွဲအသင်းပိုင်ရှင်ဖြစ်ပြီး အသင်း၏ အားကစားဆိုင်ရာကိစ္စရပ်အားလုံးကို ဦးဆောင်လုပ်ကိုင်ခွင့်ရရှိထားသည့် ရက်ကလစ်ဖ်က အသင်းကို အပြောင်းအလဲများစွာ လုပ်ဆောင်ရန်စီစဉ်နေပြီး လက်ရှိတွင် အသင်းဘုတ်အဖွဲ့ကို ပြောင်းလဲနေခြင်းဖြစ်သည်။

မန်ယူအသင်းသည် အသင်းဘုတ်အဖွဲ့ အပြောင်းအလဲအဖြစ် အစောပိုင်းကလည်း မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းမှ အသင်းအမှုဆောင်အရာရှိချုပ် ဘာရာဒါကို အသင်း၏ အမှုဆောင်အရာရှိချုပ်သစ်အဖြစ် ခန့်အပ်ခဲ့ပြီးနောက် ယခုအခါတွင်လည်း အသင်းအားကစားဒါရိုက်တာအဖြစ် ဒန်အက်ရှ်ဝေါ့ကို ခန့်အပ်ရန်သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ဒန်အက်ရှ်ဝေါ့ကို အသင်းအားကစားဒါရိုက်တာသစ်အဖြစ်ခန့်အပ်ရန် အစောပိုင်းကတည်းက ပုဂ္ဂိုလ်ရေးအရသဘောတူညီမှုရရှိထားပြီးဖြစ်သော်လည်း နယူးကာဆယ်အသင်းက လက်မလွှတ်သည့်အတွက်ကြန့်ကြာခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် နယူးကာဆယ်အသင်းကလည်း စာချုပ်ဖျက်သိမ်းရန် သဘောတူညီမှုရရှိခဲ့သည်။

လက်ရှိတွင် မန်ယူအသင်းက နယူးကာဆယ်အသင်းနှင့် သဘောတူညီမှုရရှိခဲ့ပြီးနောက် လာမည့်ရက်ပိုင်းအတွင်း ဒန်အက်ရှ်ဝေါ့နှင့် အပြီးသတ်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# AFC Futsal Level-1 နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနား မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)တွင် ကျင်းပ




**မန္တလေး ဇူလိုင် ၁**

အာရှဘောလုံးအဖွဲ့ချုပ်(AFC) နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)တို့ ပူးပေါင်းဖွင့်လှစ်သည့် အာရှဘောလုံးအဖွဲ့ချုပ်အသိအမှတ်ပြုဖူဆယ်နည်းပြသင်တန်း AFC Futsal Level-1 Coaching Certificate Course 2024ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ရှိ မြန်မာဘောလုံး အကယ်ဒမီ(မန္တလေး)တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့မှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ဖူဆယ်ကော်မတီနှင့် ကလပ်အသင်းများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ MFFအလုပ်အမှုဆောင် (အထက်မြန်မာပြည်) အဖွဲ့ဝင် ဦးကျော်စွာထွန်း၊ မန္တလေးတိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သက်လှိုင်၊သင်တန်းနည်းပြဆရာ ဦးကျော်ဇင်ညွန့်တို့က အမှာစကား အသီးသီးပြောကြားခဲ့ပြီးနောက် အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါAFC Futsal Level-1 Coaching Certificate Course 2024 သင်တန်းကို ယနေ့မှစတင်ပြီး ဇူလိုင် ၆ ရက်ထိ မန္တလေးမြို့ မြန်မာဘောလုံး အကယ်ဒမီတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့၊ မန္တလေးမြို့၊မိတ္ထီလာမြို့၊ပြင်ဦးလွင်မြို့၊နေပြည်တော်ရှိ ကလပ်အသင်းများမှ နည်းပြများ၊ ကစားသမားဟောင်းများ စုစုပေါင်းသင်တန်းသားဦးရေ ၂၀ တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။ STA

# Rocket Mortgage Classic ပြိုင်ပွဲတွင် ကင်မရွန်းဒါဗစ် ချန်ပီယံဆုဆွတ်ခူး

**ဒက်ထရိုက် ဇူလိုင် ၁**

အမေရိကန်နိုင်ငံ ဒက်ထရွိုက်ပြည်နယ်တွင် ကျင်းပခဲ့သည့် Rocket Mortgage Classic ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဩစတြေးလျဂေါက်သီးရိုက် ကစားသမား ကင်မရွန်းဒါဗစ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား အာရွန်ရိုင်၊ ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား မင်ဝူလီနှင့် တတိယနေ့ထိအမှတ်ပေးဇယားကိုဦးဆောင်နိုင်ခဲ့သော အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘာတီယာတို့မှာ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ဘာတီယာအနေဖြင့် ချန်ပီယံဆုကိုဆွတ်ခူးနိုင်သည့်အခွင့်အရေးကောင်းများ ရရှိခဲ့သော်လည်း နောက်ဆုံးနေ့တွင် ပုံစံကောင်းပျောက်ဆုံးကာ ရလဒ်များကျဆင်းပြီး အမှတ်ပေးဇယား၏ ဒုတိယနေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။

ကင်မရွန်းဒါဗစ် အနေဖြင့် နောက်ဆုံးနေ့တွင် ရလဒ်အကောင်းဆုံးရရှိခဲ့သော ကစားသမားဖြစ်ခဲ့သလို နောက်ဆုံးနေ့ရလဒ်ကြောင့် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကင်မရွန်းဒါဗစ်က"ရလဒ်ဆိုးရွားတဲ့အခြေအနေကနေရုန်းထွက်နိုင်ခဲ့ပြီးချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဘာတီယာအနေနဲ့ အခွင့်အရေးကောင်းတွေပိုင်ဆိုင်ခဲ့သလို ချန်ပီယံဆုနဲ့ လဲထိုက်တန်ခဲ့ပါတယ်။ နောက်ဆုံးနေ့ရလဒ်ကြောင့် ချန်ပီယံဖြစ်မဲ့ အခွင့်အရေးနဲ့လွဲချော်ခဲ့တဲ့ ဘာတီယာရဲ့ခံစားချက်ကို ကျွန်တော်ကိုယ်ချင်းစာပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဆုဖလားကိုဒုတိယမြောက်ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**



# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲအဖွင့်ပွဲစဉ်၌ အမ်မာရာဒူကာနူနှင့် ဇာရာဇူအာတို့ ယှဉ်ပြိုင်ရမည်

**လန်ဒန် ဇူလိုင် ၁**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပသွားမည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တွင် မဲခွဲမှုအရ ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူသည် အလက်ဇန်းဒါးရှိဗ်ာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း အလက်ဇန်းဒါးရှိဗ်ာသည် ပြိုင်ပွဲမှနုတ်ထွက်ခဲ့သည့်အတွက် ပြိုင်ဘက်အသစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဟု ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အမ်မာရာဒူကာနူသည် ပြိုင်ပွဲမှထွက်ခွာခဲ့သည့် အလက်ဇန်းဒါးရှိဗ်ာနေရာတွင်အစားထိုးမည့် မက္ကဆီကိုတင်းနစ်မယ် ဇာရာဇူအာနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

အလက်ဇန်းဒါးရှိဗ်ာသည် ပြိုင်ပွဲဝင်ရန်ပြင်ဆင်ထားပြီးဖြစ်သော်လည်း နေမကောင်းဖြစ်နေ၍ ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး အမ်မာရာဒူကာနူသည် ပထမအဆင့်ပွဲစဉ်အဖြစ် အလက်ဇန်းဒါးရှိဗ်ာနှင့် ယှဉ်ပြိုင်ကစားရန်အတွက် လိုအပ်သော ပြင်ဆင်မှုများပြုလုပ်ထားသော်လည်း ပြိုင်ဘက်အပြောင်းအလဲဖြစ်ခဲ့သည့်အတွက် ယှဉ်ပြိုင်ကစားသွားရမည့်ပြိုင်ဘက်သစ်နှင့်ပတ်သက်ပြီး လိုအပ်သောကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်လိုအပ်နေကြောင်း ဝန်ခံပြောကြားသွားခဲ့ကာ ဇာရာဇူအာသည် ခက်ခဲသည့် ပြိုင်ဘက်တစ်ဦးဖြစ်လာနိုင်သည်ဟု သုံးသပ်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ဆရာသော်တာဆွေ၏ "ကြုံခဲ့ရသည်" ဝတ္ထုတိုကို ခံစားခြင်း

ဆရာသော်တာဆွေသည် ဂျပန်ခေတ်က မြင်းလှည်းမောင်းသမားဖြစ်ခဲ့သည်။ ၁၉၆၁ ခုနှစ် စာပေဗိမာန်ဆုရ "ဘဝထိုထို"ဝတ္ထုတိုပေါင်းချုပ်တွင် မြင်းလှည်းသမားဘဝ အတွေ့အကြုံများကို ရေးသားတင်ပြခဲ့သည်။ အဆိုပါဝတ္ထုတိုများအနက် "ကြုံခဲ့ရသည်" ဝတ္ထုတိုလေးကို ခံစားတင်ပြချင်ပါသည်။

ထိုအချိန်က ဆရာသော်တာဆွေ အိမ်ထောင်ကျစပြုပြီ။ သူ့ယောက္ခမက မြင်းလှည်းနှင့်မြင်းကို ငွေကျပ် ၄၀၀ ဖြင့်ဝယ်ပေးသည်။ ထို့ကြောင့် ယောက္ခမမျက်နှာရအောင် တစ်နေ့ဝင်ငွေ တစ်ဆယ်၊ ဆယ့်နှစ်ကျပ်ရအောင် ရှာရသည်။ ထိုအချိန်က သူ့မြင်းလေးမှာ မည်းမည်း၊ ပုပု၊ ဝဝ လေးဖြစ်သည်။ အပြစ်ဆိုစရာမရှိပါ။ မောင်းသွား၊ ထားနေ၊ အတပ်အဖြုတ်လည်း လွယ်ကူလှသည်။ အကောင်နှင့်စာလျှင်လည်း သွေ့ခြေမခေ၊ လေးဖက်ကွဲသည်။ ကျဲသည်၊ မာသည်၊ မာကျောလှသည်။ သို့သော် ဒီကောင် ဘယ်လောက်မောမော ဆရာသော်တာဆွေက သူ့ယောက္ခမမျက်နှာ၊ ဇနီးချောမျက်နှာရအောင် ဖိငွေရှာရာ လေးလအကြာတွင် သူ့မြင်းလေး "နက်ကြုတ်"မှာ အမောရောဂါရလာပါတော့သည်။

မြင်းလှည်းမောင်းပြီး လှည်းမှဖြုတ်လိုက်သည်နှင့် မြင်းကလေးမှာ မောလွန်းလှ၍ မြေပြင်တွင် ခြေကားယား၊ လက်ကားယား လဲလျောင်းကာ အသက်ရှူမဝဖြစ်နေပါသည်။ ဤသည်ကို အိမ်သားများက "အေးပေါ့ကွာ၊ အလုပ်ကပြန်လာတော့ ခဏတုံးလုံးပက်လက်လှဲတာပေါ့"ဟု ဆိုကြပါသည်။

ဤစကားသည် လူအတွက်မှန်သော်လည်း မြင်းအတွက် မမှန်၊ လှည်းမှဖြုတ်လိုက်သောမြင်းသည် ဇောင်းထဲရောက်လျှင်ရောက်ချင်း အစာတောင်းရမည်။ စားခွက်ကို နှုတ်ခမ်းဖြင့် ပွတ်ရမည်။ ထိုးလှန်ပစ်ရမည်။ လူက တော်တော်နှင့်မပေးလျှင် ဟီရမည်။ ခြေဆောင့်ခြင်း၊ ခွာပေါက်ခြင်းပြုရမည်။ သို့မှ ကျန်းမာခြင်းနှင့် ညီညွတ်သောမြင်း၊ ယခု ဆရာသော်တာဆွေ၏မြင်း "နက်ကြုတ်"ကလေးကား အစာတောင်းရန်နေနေသာသာ စည်ပိုင်းထဲအသင့်ပြင်ပြီးသည့်တိုင် သူဆာလွန်းလှသော်လည်း တော်တော်နှင့် အစာမစားနိုင်ရှာပါ။

မနက်ငါးနာရီ၊ ခြောက်နာရီမှစကာ နေ့လယ်တစ်နာရီ၊ နှစ်နာရီထိ အဆမတန်ခိုင်းခဲ့ရာ "နက်ကြုတ်" လှည်းမှဖြုတ်လိုက်သည့်တိုင် အစာမစားနိုင်ပါ။ ဆရာသော်တာဆွေ မြင်းလှည်းမောင်းထွက်လျှင် ဘဝတူ မြင်းလှည်းသမားများက သူ့ကို မြင်းသတ်ထွက်ပြီဟေ့၊ မြင်းသတ်ထွက်ပြီ၊ ပြန်လာလျှင် မြင်းသတ်ထွက်ပြီး ပြန်လာပြီဟေ့. . . ဟု နောက်ကြပါသည်။ မြင်းလှည်းမောင်းစ ဆရာသော်တာဆွေမှာ မြင်းအကြောင်း နားမလည်သေးပါ။ သူ့မြင်းလေး မောပန်း၍ မဆွဲနိုင်၊ မရုန်းနိုင်၊ မောနေသည်ကို အမှုမထား။ မြင်းလှည်းစီးသူများ သူ့မြင်းလှည်းကို နောက်မစီးမည်စိုး၍ "နက်ကြုတ်"ကို ကြာပွတ်နှင့်ရိုက်ကာ အတင်းရုန်းစေခဲ့ပါသည်။

တစ်ခါသော် "နက်ကြုတ်"ကို တစ်ရာဖြင့်ပြန်ရောင်းကာ မြင်းတစ်ကောင်နှင့် လဲလှယ်မောင်းရန် အကြံဖြစ်သည်။ သို့သော် "နက်ကြုတ်"ကို မတရားလိုချင်ကြသည်။ တစ်ရာမျှပင် မပေး။ သူ့ယောက္ခမကြီးက "ဒါတော့ တို့က လူသစ်ဆိုပြီး ဘာမှနားမလည်ဘူးထင်ပြီး တမင်နှိမ်တာကွ၊ မတရားဈေးနဲ့တော့ မရောင်းဘူး။ ဖြစ်သလိုမောင်း၊ သည့်ပြင်မြင်းလိုပဲ တစ်နေ့ငါးကျပ်၊ ခြောက်ကျပ်လဲ ရတာပဲ။ မြင်းကောင်းကော ဘာထူးပြီးရတာမို့လဲ"

ပညာရှိ ယောက္ခမကြီး၏စကားကို သော်တာဆွေ နားခံရပြန်၏။ "မြင်းဆိုတာ အဲဒီလိုဟာမှ မြင်းကွ၊ မင်း ဇက်ကြိုးကိုင်လိုက်ရုံပဲ။ ဘာမှ တက်ခေါက်စရာ၊ ကြာပွတ်ရိုက်စရာ မလိုတော့ဘူး။ မင်း ဇက်ပြားတစ်ချက်လောက် ခတ်ကြည့်လိုက်စမ်း၊ မြင်းလှည်းကို ဆွဲသွားလိမ့်မယ်၊ ထိန်းသာထားပေရော့"

"ခွာထိုးကပြင်း၊ အာကြိုးကတင်း၊ အသပြာတိုးမဲ့ မြင်းဆိုတာ ဒါပေါ့ကွ"

"အင်း. . . ဒီမြင်းရဲ့ခြေနဲ့စိတ်တော့ သဘောကျပါပြီဗျာ။ ဒါပေမဲ့ အထွက် တွန်းတွန်းပေးရတာက ခက်တယ်"

ဆရာသော်တာဆွေက မြင်းပွဲစားများစကားကြောင့် ဝယ်ရန်ပြင်သောအခါ ယောက္ခမကြီးက-

**❖ မနက်ငါးနာရီ၊ ခြောက်နာရီမှစကာ နေ့လယ် တစ်နာရီ၊ နှစ်နာရီထိ အဆမတန်ခိုင်းခဲ့ရာ "နက်ကြုတ်" လှည်းမှဖြုတ်လိုက်သည့်တိုင် အစာမစားနိုင်ပါ။ ဆရာသော်တာဆွေ မြင်းလှည်းမောင်းထွက်လျှင် ဘဝတူ မြင်းလှည်းသမားများက သူ့ကို မြင်းသတ်ထွက်ပြီဟေ့၊ မြင်းသတ်ထွက်ပြီ၊ ပြန်လာလျှင် မြင်းသတ်ထွက်ပြီး ပြန်လာပြီဟေ့…ဟု နောက်ကြပါသည်။ မြင်းလှည်းမောင်းစ ဆရာသော်တာဆွေမှာ မြင်းအကြောင်း နားမလည်သေးပါ။ သူ့မြင်းလေးမောပန်း၍ မဆွဲနိုင်၊ မရုန်းနိုင်၊ မောနေသည်ကို အမှုမထား။ မြင်းလှည်းစီးသူများ သူ့မြင်းလှည်းကို နောက်မစီးမည်စိုး၍ "နက်ကြုတ်"ကို ကြာပွတ်နှင့်ရိုက်ကာ အတင်းရုန်းစေခဲ့ပါသည်။ ❖**

"နေပါအုံးကွ၊ ငွေနဲ့ကြေးနဲ့လုပ်ရမဲ့ကိစ္စ မင်းတစ်ယောက်တည်း ချက်ချင်းကြီး မသွားပါနဲ့အုံး၊ ဟိုဘက်အိမ်က မောင်ဘလှနဲ့တိုင်ပင်ကြည့်ပါအုံး"

"အမယ်လေး ကိုယ့်လူရယ် ဗဟန်းထွန်းရှိန်နဲ့ ထွေးမောင်နဲ့မှ တွေ့ခဲ့တယ်ဗျာ၊ ဖြစ်မှဖြစ်ရလေ၊ လက်မတင်ကလေး ကံကြီးပေလို့"

"နေပါအုံး ကိုထွန်းရှိန်ပြောတာတွေ မဟုတ်ဘူးလား"

"ဒီကောင်တွေ ဗဟန်းကမြင်းလှည်း သုံး၊ လေးစီး ထောင်ထားတဲ့ ကိုအောင်ဖံကြီးဆီမှာ မြင်းလှည်းမောင်းနေတဲ့ ကောင်တွေပါကွာ။ ခုလဲ ကိုအောင်ဖံကြီးရဲ့ မြင်းကျိုးမလေး ဘယ်သူမှ ဝယ်သူမရှိလို့ ပစ်ထားရတာ ကြာပြီ"

"နို့ ဒီနေ့ ကျွန်တော်တွေ့ရတာတော့ အကောင်းပါလား"

"မကောင်းပါဘူးကွာ၊ ခင်ဗျား မကြည့်တတ်လို့ပါ။ နောက်ကားနေတယ်၊ လှည်းထဲတပ်ထားပြီး တွန်းပေးလိုက်မှ ကမျှုးရှူးထိုးပြေးနိုင်တာ၊ အဲဒါ သုံး၊ လေးရက်မှ တစ်ခါမောင်းနိုင်တာဗျ။ တစ်ခါမောင်းပြီး နောက်ရက်တွေမှာဆိုရင် ဇောင်းထဲလဲနေရော၊ ခင်ဗျားမယုံရင် နက်ဖန်ခါ သူတို့ဇောင်းထဲသွားကြည့်"

မြင်းလှည်းသမား မောင်ဘလှပြောမှ မဝယ်ဖြစ်တော့၊ သို့သော် နောက်ထပ် မြင်းတစ်ကောင်တွေ့ပြန်၏။ "နက်ကြုတ်"ကလေးကို ဆရာသော်တာဆွေက နိုင်ခဲ့၊ နှိပ်စက်ခဲ့သလို ဆရာသော်တာဆွေကို နိုင်မဲ့ နှိပ်စက်မဲ့ မြင်းနှင့်တွေ့ခဲ့ခြင်းဖြစ်သည်။

"အဲဒါ မင်းလိုချင်တဲ့ အစားပဲကွ၊ အသွားအလာမှန်တယ်။ လေးဖက်ကျတယ်။ စိတ်သဘောကောင်းတယ်။ ကိုယ်ကာယကြီးကတော့ မင်းမြင်တဲ့အတိုင်းပဲ။ မြင်းနည်းနည်းညောင်းတာကတော့ ဒီမြင်းပိုင်ရှင် အဘိုးကြီးနဲ့ သူ့သားက အာဖျန်ကြီးပဲဗျ၊ မြင်းကို အစာလဲ ကောင်းကောင်းကျွေးတာ မဟုတ်ဘူး"

မြင်းကြီးကိုမြင်းလှည်းတွင်တပ်ကာ မြင်းပိုင်ရှင် ဦးတိုးရဲ့သား မောင်ထွန်းက တစ်ခေါက်ဆွဲသည်။ သော်တာဆွေက မြင်းအကြောင်းသိရန် လှည်းနှင့်လိုက်ပါစီးနင်းကြည့်သည်။ အပြန်တွင် အဘိုးကြီးကို ဈေးလျှော့ရန်ပြောသည်။ ပွဲစားက ဈေးလျှော့ရန်နေနေသာသာ မြင်းရောင်းဝယ်ရေးကိစ္စနှင့်ပတ်သက်ပြီး အဘိုးကြီးနှင့်အဘွားကြီး ရန်ဖြစ်နေကြပုံကိုပြောသည်။

"ငါစကား လွန်နေပြီကွာ။ ငါ လူကြီးစကား တစ်ခွန်းမဖျက်ချင်ဘူး"

"ကျုပ်တော့ ဟောဒီကျုပ်သားကြီးနဲ့ မခွဲနိုင်ဘူးတော့"ဟုဆိုကာ အဘွားကြီးက ငိုပြန်သည်။

မည်သို့ဆိုစေ မြင်းကြီးကို ၉၅၀ကျပ်နှင့်ဝယ်ပြီး တစ်ရက်နားကာ နောက်တစ်နေ့တွင် စမ်းချောင်းဂိတ်မှ ရန်ကုန်သို့ လူခြောက်ယောက်တင်ပြီး ထွက်ခဲ့သည်။ သိမ်ကြီးဈေးထိ အိုကေပါပဲ။ အပြန် လူငါးယောက်တင်ပြီး စမ်းချောင်းဂိတ်တွင် လူငါးယောက်ချကာ ကြည့်မြင်တိုင်သို့ လူနှစ်ယောက်ကို ဆက်ပို့ရာ၌ ငြင်းဆန်နေတော့သည်။ ဘယ်လိုမောင်းလို့မှ မသွား။

"အာဖျန်ကြီးက မြင်းကြီးကို ၉၅၀ ကျပ်နဲ့ ရောင်းလိုက်တယ်တဲ့"

"အမယ် အဘွားကြီးက ငိုပြလိုက်သေးသတဲ့ဆရာ"

"အဲဒါ သေသွားတဲ့ ဦးအောင်ဖံကြီး မိန်းမနည်းတွေပေါ့။ မြင်းတစ်ကောင် မြန်မြန်ထုတ်ချင်ပြီဆိုရင် လင်မယားချင်းချိတ်ဆက်ပြီး အဲဒီအပေါက်မျိုးလုပ်ကရော"

"ခင်ဗျားဗျာ မစုံစမ်းဘဲ ဒီမြင်းကြီးကို သွားဝယ်ရတယ်လို့၊ ဒီမြင်းကြီးက တစ်ခေါက်ကောင်းပဲရတာဗျ။ အဲဒါလဲ စမ်းချောင်းဂိတ်ပြန်ရောက်ပြီဆိုရင် သူ့အိမ်ဘက်ကလွဲပြီး ဘယ်မှမသွားတော့ဘူး။ ဒါကြောင့် ရန်ကုန်ကအပြန် ကြည့်မြင်တိုင်ကို မောင်းမယ်ဆိုရင် ကမ်းနားလမ်းလှည့်ပြီးမှ ကြည့်မြင်တိုင်ဘက်ကို အရင်မောင်းရတယ်။ အဲ. . . စမ်းချောင်းပြန်ရောက်ပြီဆိုရင်တော့ နောက်တစ်ခေါက် ဘယ်မောင်းမောင်း မရတော့ဘူး။ ဒီနေ့အဖို့ သူ့ဂျူတီကုန်ပြီတဲ့။ ဒါကြောင့် မောင်ထွန်းတို့က ဒီမြင်းကြီးကို သိပ်မမောင်းဘဲ လူမသိအောင် ကျိတ်နေတာဗျ။ ညနေမှ တစ်ခေါက်ထွက်မောင်းတတ်တယ်"

"မြင်းကြီးက မြင်းကတ်မဟုတ်၊ မြင်းနပ်၊ မြင်းကတ်က လူကနိုင်လျှင် မြင်းကောင်းဖြစ်နိုင်၏။ ဆရာသော်တာဆွေသည် ဤမြင်းနပ်ကြီးကို မေတ္တာမရှိ၊ ပြန်ရောင်းထုတ်လို၏။ ၉၅၀ ကျပ်ပေးရသော ဤမြင်းကို ၄၀၀ ကျပ်မျှရလျှင်ပင် ပြန်ရောင်းချင်၏၊ သို့မဟုတ် အလကားပေးချင်၏။ ဖြစ်ပုံက ဆရာသော်တာဆွေကို လူစင်စစ်က မြင်းဖြစ်စေခဲ့သည်မှာ ဤမြင်းကြီးကြောင့်ပင်. . .။

တစ်နေ့ ဂျပန်စစ်ဗိုလ်တစ်ဦးက မြင်းလှည်းလာငှားသည်။ ဆရာသော်တာဆွေ၏ မြင်းကြီးကိုသဘောကျကာ ငှားဖြစ်၏။ ဘယ်ကိုသွားမလဲမေးတော့ ဆင်မလိုက်ကို မောင်းစေ၏။ ကမ်းနားဂိုဒေါင်မှ ဂုန်နီအိတ်စည်းများကို မြင်းလှည်းပေါ်အပြည့်တင်ကာ အလုံလမ်းက စစ်ရုံးဟုဆို၏။ စမ်းချောင်းဂိတ်ရောက်တော့ မြင်းကြီးက ဆက်မသွားတော့၊ သူ့တာဝန် ကျေပြီ။ အိမ်ပြန်မည်ဆိုသည့်သဘော။ မြင်းလှည်းသမားတချို့က ကြာပွတ်ဖြင့်ဝိုင်းရိုက်တော့ တစ်ဟုန်ထိုးပြေးထွက်၏။ ကြာပွတ်ရိုက်သူများနှင့် ဝေးသွားတော့ ဆက်မသွားတော့။ သူ့ကိုလှည်းမှဖြုတ်ကာ ခုံတိုင်တွင် ချည်နှောင်ထားခဲ့ပြီး သူ့အစား ဆရာသော်တာဆွေက အလုံလမ်း၊ စစ်ရုံးထိ ရှေ့မှာဆွဲခဲ့ရပြီး ဂျပန်ဗိုလ်က နောက်မှတွန်းပေးခဲ့ရ၏။ တစ်သက်နှင့်တစ်ကိုယ် ပထမဆုံး လူစင်စစ်က မြင်းလုပ်ခဲ့ရခြင်းဖြစ်သည်။

ဒုတိယအကြိမ်ကား ဂျပန်စစ်ဗိုလ်တစ်ဦးက ရန်ကုန်ထောင်ကြီးသို့ငှား၏။ မြင်းလှည်းခြောက်စီးရ၏။ ထောင်ကြီးရောက်တော့ သေဆုံးနေပြီဖြစ်သော သံ့ပန်းခုနစ်ဦး၏ အလောင်းများကို တင်စေ၏။ အခြားလှည်းများက အလောင်းတစ်လောင်းသာ တင်ရသော်လည်း သူ့မြင်းကြီးကိုကြည့်ကာ အလောင်းနှစ်လောင်းတင်စေ၏။ ခရစ်ယာန်ဘာသာဝင်တစ်လောင်း၊ ဟိန္ဒူဘာသာဝင်တစ်လောင်းဖြစ်၏။ သူတို့ကို သူတို့ဘာသာရေးဆိုင်ရာ သင်္ချိုင်းများတွင် မြှုပ်ရ၏။ ခရစ်ယာန်ဘာသာဝင်အလောင်းကို တိရစ္ဆာန်ရုံနားက ခရစ်ယာန်သင်္ချိုင်းမှာ ချပေးလိုက်ရသည်။ ဟိန္ဒူအလောင်းကိုကား ကြံတောသင်္ချိုင်းထိ မောင်းလာရာ ဟံသာဝတီအဝိုင်းအရောက်တွင် "ပြည်သူ့မေတ္တာ" အမည်ပေးထားသော မြင်းကြီးက ရှေ့ဆက်မသွားတော့၊ အိမ်ပြန်လမ်းဖြစ်သော ပြည်လမ်းလက်ဝဲဘက်ကို ကော်ထိုးပါလေရော၊ လှည်းပေါ်ကဆင်း၊ သူ့ကိုဖြုတ်ပြီး ကိုယ်နဲ့ဘာမှမတော်တဲ့ မသာကို စဏ္ဍာလလုပ်ပြီး ဟိန္ဒူသင်္ချိုင်းအရောက် ပို့ဆောင်ပေးခဲ့ရလေသည်။

ဆရာသော်တာဆွေက မြင်းလှည်းသမားဘဝ အတွေ့အကြုံနှင့် သူဆုံခဲ့ရသည့်မြင်းများအကြောင်း သရုပ်ပေါ်အောင် ရေးပြထားသည်။ အဆိုပါ "ပြည်သူ့မေတ္တာ"အမည်ရှိ မြင်းကြီးအား မြင်းလှည်းထောင်မည့် မလည်မဝယ် မြင်းဝယ်သူကို နောင်တော့် နောင်တော်ကြီးများ၏ နည်းနာများအတိုင်း လင်မယား စကားများရန်ဖြစ်ဟန်နှင့် ဇာတ်တိုက်ထားသည့်အတိုင်း အယုံသွင်းကာ ရောင်းလိုက်ပါတော့သည်. . . တဲ့။

ဩော်. . . ဘဝတာ ဝမ်းရေးကြောင့် ဤသို့ပြုမူရပါလား။ ဘဝသည် ကြောက်ဖွယ်လိလိဟု ရေးကာ ဆရာသော်တာဆွေက အဆုံးသတ်ထားပါသည်။ ဆရာ သော်တာဆွေ၏ "ကြုံခဲ့ရသည်"ဟူသော ဝတ္ထုမှ ကောက်နုတ်ချက်ဖြစ်ပါသည်။

**ပုသိမ်အောင်သန်းဦး**

# ကျောက်တံတားမြို့နယ်တွင် The Glorification Workshop Demonstration ရေဆေး၊ ဆီဆေး လက်တွေ့ရေးဆွဲပန်းချီပြပွဲ ပြုလုပ်မည်



တတိယအကြိမ် ရေဆေး၊ ဆီဆေး လက်တွေ့ရေးဆွဲပြပွဲ

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ရွှေခေတ်ဦးပန်းချီပြခန်းတွင် The Glorification Workshop Demonstration ရေဆေး၊ ဆီဆေး လက်တွေ့ရေးဆွဲ ပန်းချီပြပွဲကို ဇူလိုင် ၁၄ ရက်မှ ၁၈ ရက်ထိ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြပွဲတွင်ပါဝင်ရေးဆွဲပြသမည့် ပန်းချီ ညီညီထွန်းက ပြောပြ၍ သိရသည်။

The Glorification Workshop Demonstration လက်တွေ့ရေးဆွဲ ပန်းချီပြပွဲသည် ရွှေခေတ်ဦး ပန်းချီပြခန်းတွင် စတုတ္ထအကြိမ်အဖြစ် ကျင်းပပေးခြင်းဖြစ်ပြီး အဆိုပါရေဆေး၊ ဆီဆေး လက်တွေ့ရေးဆွဲပန်းချီ ပြပွဲတွင် ပန်းချီဆရာ ၁၈ ဦးက ပါဝင်ကာ လက်တွေ့ရေးဆွဲပြသကြမည်ဖြစ်ကြောင်း သိရသည်။

"ရွှေခေတ်ဦး ပန်းချီပြခန်းမှာ The Glorification Workshop Demonstration နဲ့ ရေဆေး၊ ဆီဆေး ပန်းချီလက်တွေ့ရေးဆွဲပွဲမှာ ကျွန်တော်အပါအဝင် ပန်းချီဆရာ ၁၈ ယောက်က လာမဲ့ ဇူလိုင် ၁၄ ရက်ကနေ ၁၈ ရက်ထိ လက်တွေ့ရေးဆွဲပြသပေးမှာဖြစ်ပါတယ်။ ပြပွဲမှာပါဝင်တဲ့ ပန်းချီတွေရဲ့ မတူညီတဲ့ အနုပညာအမြင်၊ ရှုထောင့်အမျိုးမျိုး၊ မတူကွဲပြားတဲ့ ကိုယ်ပိုင်ဟန်အသီးသီးနဲ့ ခံစားရေးဆွဲထားတဲ့ ပန်းချီကားတွေကို ခံစားကြည့်ရှုလိုသူ၊ ပန်းချီချစ်မြတ်နိုးသူတွေအနေနဲ့ လက်လွတ်မခံဘဲ လာရောက်ကြည့်ရှု အားပေးစေလိုပါတယ်"ဟု ပန်းချီ ညီညီထွန်းက ပြောပြသည်။

အဆိုပါ လက်တွေ့ရေးဆွဲပန်းချီပြပွဲတွင် ပန်းချီ မောင်တင့်ရွှန်း၊ ကိုမောင်ဝင်းလှ၊ လှထွန်းအောင်၊ အောင်သင်းဦး၊ မြင့်ဦး၊ သန့်စင်၊ သုဝဏ်၊ မျိုးကျော်၊ အောင်သီဟ၊ ဆန်းထွန်း၊ ညီညီထွန်း၊ အောင်မျိုးမြတ်၊ စစ်မိုးအောင်၊ အောင်ဝင်းထွဋ်၊ စိုးခိုင်၊ အောင်ထက်လွင်၊ ကျော်ဇာသစ်၊ အောင်ကိုထိုက်တို့ ပါဝင်ကြောင်း သိရသည်။

ASH

# The Instigators ဇာတ်ကားအတွက် ဒေါက်ဂလပ်လီမင်းနှင့် မက်ဒါမွန်တို့ လက်တွဲမည်

**နယူးယောက် ဇူလိုင် ၁**

ကမ္ဘာကျော်မင်းသား မက်ဒါမွန်နှင့် ဒါရိုက်တာ ဒေါက်ဂလပ်လီမင်းတို့သည် The Instigators အမည်ရှိ ဟာသအက်ရှင်ဇာတ်ကားအတွက် ထပ်မံလက်တွဲ ပူးပေါင်းမည်ဖြစ်ကြောင်း ဇွန် ၃၀ ရက် သတင်းများအရ သိရသည်။

The Instigators ဇာတ်ကားသည် ရဲလက်မှပြေးနေသည့် သူခိုးနှစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသအက်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ဒေါက်ဂလပ်လီမင်းနှင့် မင်းသား မက်ဒါမွန်တို့သည် The Bourne Identity ဇာတ်ကား၌ အတူလက်တွဲခဲ့ဖူးသူများဖြစ်ကြောင်း သိရသည်။

The Instigators ဇာတ်ကားတွင် မင်းသား မက်ဒါမွန်နှင့်အတူ မင်းသား ကာဆေးအက်ဖလက်လည်း ပါဝင်မည်ဖြစ်သည်။

The Instigators ဇာတ်ကားကို လာမည့် ဩဂုတ် ၉ ရက်တွင် Apple TV + အွန်လိုင်းရုပ်သံလိုင်းမှတစ်ဆင့် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း၊ သို့ရာတွင် Apple TV+ မှ တစ်ဆင့်မထုတ်လွှင့်မီ အကန့်အသတ်ဖြင့် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# မနုဿတဒုလ္လဘ ဇာတ်လမ်းတွဲကို Myanmar Arts ရုပ်သံအစီအစဉ်မှ ထုတ်လွှင့်မည်

**ရန်ကုန် ဇူလိုင် ၁**

မနုဿတဒုလ္လဘ ဇာတ်လမ်းတွဲကို ဇူလိုင် ၅ ရက်တွင် Myanmar Arts ရုပ်သံအစီအစဉ်မှထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သရုပ်ဆောင် စစ်နိုင်က ပြောပြ၍ သိရသည်။

မနုဿတဒုလ္လဘ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ကနုတ်မေက ရေးသားထားကာ ကိုငယ်(စိတ်ပညာ)က ဇာတ်ညွှန်းရေးထားပြီး ဒါရိုက်တာ မင်းဇော်က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်သည်။

"လူ့ဘောင်လောကနဲ့ အံမဝင်ဘဲ တစ်လောကလုံးကိုပြဿနာပတ်ရှာနေသူ သားဖြစ်သူနဲ့ မိခင်ဖြစ်သူ စရိုက်ဆိုးဆိုး မိန်းမရှိုင်းကြီးတို့ သားအမိနှစ်ယောက် ဇာတ်လမ်းကို အခြေခံပြီး လောကဇာတ်ခုံပေါ်က လူသားတိုင်းသတိထားရမဲ့ ကံ ကံရဲ့အကျိုးကို မီးမောင်းထိုးပြထားတဲ့ ဘဝသရုပ်ဖော် ဇာတ်လမ်းတွဲလေး ဖြစ်ပါတယ်။ စေတနာဆိုတာ ကံ ဆိုတဲ့ စကားလို၊ ကံ ကံရဲ့အကျိုး ဆိုတဲ့ စကားလို အဲဒီ သားအမိရဲ့ အမှုအကျင့် လုပ်ရပ်တွေအပေါ် မှီတည်ပြီး သတိသံဝေဂ ရစရာ၊ ကရုဏာသက်စရာ မြင်တွေ့ခံစားကြရမဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်" ဟု သရုပ်ဆောင် စစ်နိုင်က ပြောပြသည်။




မနုဿတဒုလ္လဘ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် စစ်နိုင်၊ လင်းအောင်၊ ရဲရင့်၊ ဒေါင်းဝေ၊ မြတ်ကေသီအောင်၊ ခင်စိုးပိုင်၊ ဝါဝါအောင်၊ သာသာ၊ မေသည်းခင်၊ သွန်းဆုနဒီ၊ ခိုင်သဇင်၊ ကြယ်စင်ရှိုင်းနှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း၊ အဆိုပါဇာတ်လမ်းတွဲကို ဇူလိုင် ၅ ရက်မှစတင်ကာ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၉ နာရီတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# A Quiet Place:Day One ဇာတ်ကား သုံးရက်တာဝင်ငွေ ကန်ဒေါ်လာ ၅၃ သန်းရရှိ

**နယူးယောက် ဇူလိုင် ၁**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ A Quiet Place:Day One ဇာတ်ကား၏ စတင်ရုံတင်ပြီး သုံးရက်တာ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၃ သန်းထိရရှိခဲ့ကြောင်း ဇွန် ၃၀ ရက် သတင်းများအရ သိရသည်။

Paramount ရုပ်ရှင်ကုမ္ပဏီသည် A Quiet Place:Day One ဇာတ်ကားကို ဇွန် ၂၇ ရက်ကစတင်ရုံတင်ခဲ့ရာ ထိုနေ့တစ်နေ့တည်းမှာပင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၂ သန်းထိရှိခဲ့သည်။

Paramount ရုပ်ရှင်ကုမ္ပဏီသည် A Quiet Place:Day One ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၆၇ သန်းထိ သုံးစွဲထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် A Quiet Place နှင့် A Quiet Place Part II ဇာတ်ကားများ၏ နောက်ဆက်တွဲဇာတ်ကားသစ်ဖြစ်ကြောင်း သိရသည်။

A Quiet Place:Day One ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ဆာမိုစကီးက တာဝန်ယူရိုက်ကူးခဲ့ပြီး ဝတ္ထုဇာတ်ညွှန်းကို ဂျွန်ကရာစင်စကီးက ရေးသားပေးထားသည်။

A Quiet Place:Day One ဇာတ်ကားတွင် မင်းသား ဂျိုးဆက်ကွင်း၊ အဲလက်ဝုဖ်နှင့် မင်းသမီး လူပီတာညောင်ဂိုတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# တေးရေး၊ တေးဆို အလင်္ကာမင်းညီ၏ 14th Memory Acoustic Mini Album စာနယ်ဇင်းမိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁**

တေးရေး၊ တေးဆို အလင်္ကာမင်းညီ၏ 14th Memory Acoustic Mini Album အမည်ရှိ တေးသီချင်း စာနယ်ဇင်းမိတ်ဆက်ပွဲကို ဇွန် ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ဦးဥတ္တမပန်းခြံအတွင်း Happy World Stage Area တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း ၎င်းကပြောပြ၍ သိရသည်။

အဆိုပါတေးသီချင်းစာနယ်ဇင်း မိတ်ဆက်ပွဲတွင် တေးရေး မိရာမိုရ်က ဂုဏ်ပြုအားပေးစကားပြောကြားကာ သရုပ်ဆောင် ရှင်ဘုန်းပြည့်၊ တေးသံရှင် ပုံရိပ်တို့အပြင် အခြားတေးသံရှင်များကလည်း စာနယ်ဇင်းမိတ်ဆက်ပွဲလာ ပရိသတ်များကို တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ အိပ်မက်တွေ အကောင်အထည် ဖော်နိုင်ဖို့ အကောင်းဆုံးကြိုးစားထားတာပါ။ သီချင်းတွေ အကုန်လုံးကတော့ ကျွန်တော်ရဲ့ခံစားချက်တွေကို ရေးထားတဲ့ သီချင်းတွေပါပဲ။ အဖေ့အတွက်ဆိုတဲ့ သီချင်းလေးပါတယ်။ အခုလိုပွဲမျိုးလုပ်ရလို့လဲ ရင်ခုန်ပီတိလဲဖြစ်ပါတယ်။ အယ်လ်ဘမ်ကတော့ ဇူလိုင်လထဲမှာ ထွက်ရှိလာမှာပါ" ဟု တေးသံရှင် အလင်္ကာမင်းညီက ပြောပြသည်။

14th Memory Acoustic Mini Album အမည်ရှိ တေးသီချင်းတွင် တေးရေး၊ တေးဆို အလင်္ကာမင်းညီ၏ ကိုယ်တိုင်ရေး တေးသီချင်းငါးပုဒ်ပါဝင်ကာ အဆိုပါ တေးသီချင်းများကို စာနယ်ဇင်းမိတ်ဆက်ပွဲ၌ သီဆိုဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။ ASH

# 600,000 fingerlings released into Ayeyawady River


Fingerlings being released into the Ayeyawady River.

**Mandalay July 1**

A ceremony to release 600,000 two-inch fingerlings into Ayeyawady River took place on 28 June with the aim of sustaining fish species in the region, said assistant director U Tun Naung Win of Thayetgon fishing camp.

Thayetgon and Natyaygan fishing camps jointly released 600,000 fingerlings to the river from Nyaunggwe port. They set Shwewa sturgeon, rohu and barbus on free into the river.

"Thanks to releasing fingerlings, local fishing farms will develop and local people need to sustain fish species. They will have job opportunities and incomes. The Fisheries Department releases fingerlings into the natural water for sustainability of fish species for local consumption," he added.

The ceremony was also attended by Aungmyethazan District Administration Body U Aung Swe, Patheingyi Township Administration Body U Myint Oo, officials from the Fisheries Department and staff.

185

# Naga Self-Administered Zone planted more than 2,500 acres of tapioca this monsoon

**Nanyun July 1**

Statistics of the Sagaing Region Agriculture Department stated that a total of 2,648 acres of tapioca has been planted in Naga Self-Administered Zone this monsoon.

In 2024-25 monsoon, the region earmarked 2,750 acres of tapioca but local farmers grew 2,648 acres against the target cultivation.

"This year, we planned to grow more than 2,700 acres of tapioca but more than 2,600 acres of tapioca has been planted. We are striving for meeting the target cultivation. Local farmers grow tapioca as an agricultural item," said Dr Tin Mar Mar Oo, assistant director of Sagaing Region Agriculture Department.

This year, Lahe Township planted 119 acres of tapioca, Htanpakhwe 21 acres, Nanyun Township 932 acres, Donhee 927 acres and Pansawng 649 acres, totalling 2,648.

This monsoon, Leshi Township earmarked 55 acres of tapioca, Lahe Township 130 acres, Htanpakhwe 25 acres, Nanyun Township 940 acres, Donhee 940 acres and Pansawng 660 acres.

Tapioca can be harvested three to four months after cultivation. Local people send tapioca to other townships.

206


A vast stretch of tapioca plantations.

# Monywa Township planted more than 1,400 acres of vegetables this monsoon

**Monywa July 1**

According to the statistics of Monywa Township Agriculture Department, a total of 1,433 acres of croplands have been placed under vegetables in Monywa Township of Sagaing Region this monsoon.

In 2024-25 monsoon, the township earmarked cultivation of 9,300 acres of vegetables but local farmers planted 1,433 acres of kitchen crops against the target cultivation.

"Local farmers try their best to meet the target cultivation with growing kitchen crops on remaining croplands. They grow mustard, chilli, spicy, potato, cabbage, eggplant, cauliflower and other crops. Our department urge local farmers to use GAP system for growing all crops to be free from chemical residue and pests," said U Soe Thet Aung, head of Township Agriculture Department.

This year, Monywa Township Agriculture Department conducts training for local famers to use good agriculture practices for crops, production of healthy crops and expansion of sown acreage for kitchen crops.

At present, vegetable plantations are thriving in Monywa Township. Local farmers can earn increased incomes from sale of vegetables. Agricultural staff provide farmers with techniques of preventing pests and applying good agriculture practices.

206

# Egypt, EU sign investment deals worth billions of USD

**Cairo July 1**

A two-day Egyptian-European investment conference concluded here on Sunday, with both sides signing investment deals worth tens of billions of U.S. dollars.

On Sunday, on the sidelines of the Egypt-EU Investment Conference in Cairo, the Sovereign Fund of Egypt and the Suez Canal Economic Zone (SCZone) signed four agreements worth about 33 billion dollars in the field of green ammonia with European and other developers, the Egyptian cabinet announced in a statement.

The first deal, worth 11 billion dollars, was signed with German company DAI Infrastruktur GmbH, and the second, worth 4.25 billion dollars, was signed with India's Ocior Energy.

The third agreement, worth 3.46 billion dollars, was signed with an alliance of Egypt's TAQA Arabia and French company Voltalia, and the fourth, worth 14 billion dollars, was signed with Britain's BP, the United Arab Emirates' Masdar, Egypt's Hassan Allam Utilities, and Infinity Power, a joint venture of Egypt's Infinity and Masdar.

Xinhua

# Far-right wing party leads 1st round of France's snap legislative elections: projections

**Paris July 1**

The French far-right wing party National Rally (RN) is leading the first round of France's snap legislative elections held on Sunday, according to projections published by research firm Elabe.

According to the projections, RN and its allies have gained 33 percent of the votes, which should give them between 260 and 310 seats in the National Assembly.

Following the RN, the New Popular Front (NFP), the left-wing parties electoral alliance, should have gained 28.5 percent of the votes with between 115 and 145 seats in the future National Assembly.

French President Emmanuel Macron's centrist coalition comes in third with 22 percent of the votes which would allow them to elect 90 to 120 deputies, the projections show.

Following the announcement of projections, Marine Le Pen of the National Rally called on voters to vote for the RN in the upcoming second round of the legislative elections to allow the RN the "absolute majority" in the National Assembly, which will allow the far-right wing party to occupy the position of prime minister in the next government.

Xinhua



A mother, holding her child walks past posters for legislative elections in Clichy-La-Garenne, near Paris, France, June 30, 2024.

# Efforts for putting ancient Inwa city into World Heritage Lists


Ancient structures in the ancient city of Inwa.

**TadaU July 1**

Preparations are being made to put ancient Inwa city in TadaU Township in Mandalay Region into the World Heritage Lists, said U Nay Tun Naing, deputy director of Department of Archaeology and National Museum (Mandalay Branch).

Inwa region ancient Inwa city has abundant ancient cultural heritages. Visitors view round Bagaya monastery, Mei Nu brick monastery, walls of the royal palace, tower and Hsinkyon fortress.

"Preparations are being made to compile necessary documents in line with guidelines of UNESCO. At present, guide maps are posted in the cultural zone. Histories of each pagodas and mapping are being conducted. Later, we will cooperate with the Ministry of Hotels and Tourism in managing tourism network road and tourism infrastructures," he explained.

Travellers can visit three Pinya caves, Pinya Shwezigon Pagoda, Yadana Myazigon Pagoda, Mingala Pagoda, Yanaungmyin Pagoda, Pinya Aungzigon Pagoda, Pyinsamaleinda Yadana Myazigon Pagoda and others located on the hill, west of the road leading to Inwa-TadaU airport road. Ancient Inwa city is located on seven square miles formed with 961 ancient pagodas and buildings.

As ancient Inwa city had been a royal city for some 400 years from 1364 AM to 1821 AD, there are many pagodas and buildings conducted by kings, queens, princes and people. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Some 2,000 acres of kitchen crops planted this monsoon

**Yamethin July 1**

This monsoon, Yamethin Township of Mandalay Region has planted 1,935 acres of vegetables, said U Aung Myo Thant, Head of the township Agriculture Department.

Local farmers emphasize cultivation of kitchen crops on the remaining croplands. They sell crops for family incomes.

The head of the township department, "This year, we earmarked 5,500 acres of kitchen crops but local farmers have planted some 2,000 acres of vegetables. Kitchen crops can earn family incomes. So, the township does not need to purchase vegetables from other regions. The plants are free from pests. Our department provides quality strains of seeds and agricultural techniques to local farmers."

Yamethin Township plants kitchen crops such as coriander, tomato, eggplant, roselle, gourd, ladyfinger, cabbage, reddish, long bean, papaya, water convolvulus, cucumber and bitter gourd.


A kitchen crop plantation.

Officials from the Township Agriculture Department made field trips to the vegetable plantations and gave necessary agricultural knowledge to local farmers. 185

# Corn cultivation in Myaung Township: growers tend to grow 3,552 acres of rain-fed corn

**Myaung July 1**

A total of 3,552 acres of millet and maize have been planted in Myaung Township, Sagaing District this year rain crops planting season, according to the Department of Agriculture for Sagaing District.

In the 2024-2025 rain crops planting season, 7,455 acres of millet and 2,160 acres of maize have been earmarked to be planted in Myaung Township and 2,915 acres of millet and 637 acres of 3,552 acres have been planted since May.

"We are working to ensure that the targeted acres are planted. We are also providing awareness for the success of the corn crop, and we are providing awareness to prevent the spread of the pest," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

It is said that in Myaung Township, the production of millet per acre is more than 19 baskets and the cost to plant millet is 350,000 kyats per acre and the maize production is more than 50 baskets per acre and the cost is 500,000 kyats per acre. 206


A corn plantation.

# Sunflower growers in Sagaing Township cultivate 3,207 acres of rain-fed sunflowers

**Sagaing July 1**

A total of 3,207 acres of sunflower have been planted in Sagaing Township, Sagaing District this year rain crops planting season, according to the statistics of Department of Agriculture for Sagaing Township.

During the 2024-2025 rain crops planting season, 12,366 acres of sunflower have been earmarked to be planted in Sagaing Township, and 3,207 acres have been planted since June this year.

"Sunflower is mostly planted in the winter. In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower, which is an oil-producing crop. The production of sunflower oil per acre is more than that of other peanuts and sesame," said U Zaw Oo, head of the Department of Agriculture for Sagaing Township.

It is reported that this year in Sagaing Township, farmers who will be planting sunflower crops will be provided with seeds and urea fertilizers will be sold at a low price. The sunflower varieties produced will be distributed through farmer-to-farmer exchange methods.

206

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Red Cat ကုမ္ပဏီက ကင်းထောက်နှင့် တိကျသောတိုက်ခိုက်ရေးဒရုန်းအမျိုးအစားသစ်များ ထုတ်ဖော်ပြသခဲ့




အမေရိကန်နိုင်ငံ ကာရစ်ဘီယံကျွန်းစုရှိ ပရီတိုရီကိုမြို့မှ Red Cat Holdings ဒရုန်းနည်းပညာကုမ္ပဏီသည် ဈေးကြီးသော လေကြောင်းရန်ကာကွယ်ရေး ဖြေရှင်းနည်းများအတွက် အစားထိုး စွမ်းအားစုတစ်ခုဟုဆိုထားသည့် ထောက်လှမ်းရေးနှင့် တိကျသောတိုက်ခိုက်ရေး ဒရုန်းအမျိုးအစားသစ်များကို ထုတ်ဖော်ပြသခဲ့သည်ဟု The Defense Post သတင်းဌာနက ဇွန် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပဲရစ်တွင်ကျင်းပသည့် Eurosatory 2024 ကာကွယ်ရေးပြပွဲအတွင်း ဒရုန်းနည်းပညာကုမ္ပဏီသည် ၎င်း၏ ဒေါင်လိုက်အတက်၊ အဆင်းပြုလုပ်နိုင်သော Edge 130 Blue ဒရုန်းစနစ်(UAS)ကိုထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

တိကျမှုမြင့်မားသော ဝေဟင်မှပုံရိပ်များကို နှစ်နာရီကျော်ကြာ ရိုက်ကူးနိုင်ရန် အော်ပရေတာတစ်ဦးတည်းက လက်ဖြင့် လွှတ်တင်နိုင်သည်ဟုသိရသည်။ Red Cat သည် တီထွင်ထုတ်လုပ်နေဆဲဖြစ်သည့် ၎င်း၏ FANG First-Person View ဒရုန်းကိုလည်း ပြသခဲ့သည်။

Edge 130 Blue ဒရုန်းသည် ပိုမိုတိကျပြီး သေစေလောက်သောတိုက်ခိုက်မှုများအတွက် အခြားသောအဖျက်စွမ်းအားပြင်း Payloads များနှင့် ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းခြင်း၊ ကင်းထောက်ခြင်း (ISR)စနစ်များနှင့်အတူ တပ်ဆင်အသုံးပြုနိုင်သည်ဟု ကုမ္ပဏီက ပြောကြားခဲ့သည်။

ထို့ပြင် Red Cat ကုမ္ပဏီသည် မိနစ် ၃၀ ကြာ ပျံသန်းနိုင်သော ညအချိန်ပျံသန်းစစ်ဆင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် လူတစ်ကိုယ်သယ်ဆောင်နိုင်သော Teal 2 ဒရုန်းကိုလည်း ထုတ်ဖော်ပြသခဲ့သည်။ ၎င်းသည် စစ်ဆင်ရေးနယ်မြေတွင် အသုံးပြုမည့်တပ်ဖွဲ့ဝင်များအတွက် တိုက်ပွဲပျက်စီးဆုံးရှုံးမှုများအပေါ် အကဲဖြတ်ဆန်းစစ်ရာတွင်လည်း အသုံးပြုနိုင်စေမည်ဖြစ်သည်။

Red Cat ကုမ္ပဏီက ၎င်း၏တီထွင်ထုတ်လုပ်ထားသော ဒရုန်းအမျိုးအစားသစ်များသည် ကုန်ကျစရိတ်သက်သာသော ဒရုန်းဖြေရှင်းချက်များအတွက် ကမ္ဘာလုံးဆိုင်ရာလိုအပ်ချက်ကိုဖြည့်ဆည်းရန် ဒီဇိုင်းထုတ်ထားကြောင်း ပြောကြားခဲ့သည်။ ၎င်းသည် တာဝန်အမျိုးမျိုးကိုပံ့ပိုးပေးရန်အတွက် စစ်ဆင်ရေးဆောင်ရွက်မည့် တပ်ဖွဲ့ဝင်များအနေဖြင့် ဒရုန်းများနှင့် Payloads များကို မှန်ကန်စွာပေါင်းစပ်နိုင်ရန် ရွေးချယ်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထိုအုပ်စုထဲမှ ဒရုန်းအသစ်သုံးမျိုးကို အသုံးပြုခြင်းဖြင့် အော်ပရေတာများအား ခြိမ်းခြောက်မှုများကိုတိကျစွာ ခွဲခြားသိမြင်နိုင်ပြီး နည်းဗျူဟာမြောက်စွာ အသိဉာဏ်တု၊ ကွန်ပျူတာအမြင်နှင့် စက်ပိုင်းဆိုင်ရာ လေ့လာမှတ်သားမှုဆော့ဖ်ဝဲတို့ ပေါင်းစည်းထားသောလုပ်ဆောင်နိုင်စွမ်းကိုပါ ရရှိစေမည်ဖြစ်ကာ ပစ်မှတ်များကို ဖယ်ရှားရှင်းလင်း၊ တိုက်ခိုက်ဖျက်ဆီးနိုင်မည်ဖြစ်သည်။

စစ်ဆင်ရေးနှင့် ဒရုန်းနည်းပညာအသုံးပြုမှု၏ သဘောသဘာဝတစ်ခုလုံးသည် အခြေခံအားဖြင့် အပြောင်းအရွှေ့တစ်ခုဖြစ်ပြီး ကုမ္ပဏီထုတ် ဒရုန်းအသစ်များသည် သမားရိုးကျ တီထွင်ထုတ်လုပ်ထားသော ကင်းထောက် (ISR) နှင့် ဗုံးကြဲတိုက်ခိုက်သည့်စနစ်များ၏ လက်ရှိဈေးကွက်ကို လုံးလုံးလျားလျားသက်ရောက်မှုရှိစေလိမ့်မည်ဖြစ်သည်ဟု ကုမ္ပဏီအမှုဆောင်အရာရှိချုပ် Jeff Thompson က ပြောကြားခဲ့သည်။ အရည်အသွေးပိုင်းတွင် ပိုမိုကောင်းမွန်သောဘက်ထရီများ၊ အမိန့်ပေးကွပ်ကဲထိန်းချုပ်မှုလင့်ခ်များနှင့် Electro-Optical Payload များကဲ့သို့သော လုပ်ဆောင်ချက်အသစ်များဖြင့် ဒရုန်းများ၏ ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်မှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အာမခံချက်ပေးနိုင်ကြောင်း Red Cat ကုမ္ပဏီက ကတိပြုခဲ့သည်။

**Red Cat Unveils New Family of Surveillance, Precision Strike Drones ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနိုင်ငံက ယူနီဖောင်းကိုအခြေခံ၍မှတ်သားထားသော တိုက်ခိုက်ရေးဒရုန်းများကို တီထွင်ထုတ်လုပ်နေ

ယူကရိန်းနိုင်ငံမှ နည်းပညာကုမ္ပဏီကြီးတစ်ခုသည် ယူနီဖောင်းများကိုအခြေခံမှတ်သား၍ တိုက်ခိုက်နိုင်ရန် ပရိုဂရမ်ထည့်သွင်းထားနိုင်သောဉာဏ်ရည်တု (AI) နည်းပညာသုံးဒရုန်းများကို တီထွင်နိုင်ခဲ့သည်ဟု The Defense Post သတင်းဌာနက ဇွန် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒရုန်းများသည် အချင်းချင်းဆက်သွယ်ပြီး တိုက်ခိုက်ရမည့်နေရာကို လျင်မြန်စွာဆုံးဖြတ်နိုင်ကာ ပစ်မှတ်များကို အစုလိုက်အပြုံလိုက် တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။

သို့သော်လည်း AI အသိဉာဏ်တုကို ကျင့်ဝတ်သိက္ခာရှိစွာ အသုံးပြုမှုသေချာစေရန် ပေါင်းစပ်တိုက်ခိုက်မှုတစ်ရပ်မလုပ်ဆောင်မီ ဒရုန်းများထံ လူသားအော်ပရေတာ၏ အတည်ပြုချက်ရရှိရန်လိုအပ်မည်ဖြစ်သည်ဟု တီထွင်ထုတ်လုပ်သည့် ကုမ္ပဏီက ပြောကြားထားသည်။

ဒရုန်းများသည် တိုက်ခိုက်မှုများအပြင် ထောက်လှမ်းရေးအချက်အလက် စုဆောင်းခြင်း ရည်မှန်းချက်တာဝန်များကိုပါ လူသားတို့စွမ်းနိုင်သည်ထက် ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်စွမ်းရှိမည်ဖြစ်သည်။ အဆိုပါနောက်ဆုံးပေါ် ဒရုန်းများကို တပ်ဖြန့်အသုံးပြုနိုင်လာပါက အင်အားချင်းမယှဉ်သာသော ရုရှားတပ်ဖွဲ့များအပေါ် စစ်မြေပြင်အကျိုးအမြတ်များရရှိလာနိုင်ရန် ယူကရိန်းတို့ဘက်က မျှော်မှန်းထားသည်။

အဆိုပါယူကရိန်းကုမ္ပဏီ တည်ထောင်သူ Serhii Kuprienko ၏ ပြောကြားချက်အရ အမည်နာမအတိအကျ ဖော်ပြမထားသည့်အဆိုပါဒရုန်းများသည် လူသားများအစား တိုက်ပွဲဝင်စက်ရုပ်များအဖြစ် အသုံးပြုနိုင်ရေးဟူသော အဓိကရည်ရွယ်ချက်တစ်ခုတည်းဖြင့် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်ဟု သိရသည်။ ဤအတွေးအခေါ်သည် ရုရှားတပ်ဖွဲ့များကိုတိုက်ခိုက်ရာတွင် အသာစီးရရန် အလိုအလျောက်လုပ်ဆောင်နိုင်စွမ်းရှိသော စနစ်များတွင် ယူကရိန်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတိုးမြင့်လာမှုကို အလေးပေးဖော်ပြပြီး စစ်ရေးအရ အသေအပျောက်များကို ရှောင်ရှားနိုင်ရန်ဖြစ်သည်ဟု ၎င်းက ဆိုသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ရုရှား၏ ယူကရိန်း အထူးစစ်ဆင်ရေးမစတင်မီအချိန်က ယူကရိန်းနိုင်ငံတွင် စစ်ဘက်နည်းပညာကုမ္ပဏီ ၂၀ ခန့်သာ ရှိခဲ့သည်ဟု The Times သတင်းဌာနက မကြာသေးမီက ရေးသားဖော်ပြခဲ့သည်။ သို့သော် ယခုအခါ အဖွဲ့အစည်းပေါင်း ၂၀၀ ကျော်သည် ကာကွယ်ရေးနည်းပညာများ အထူးသဖြင့် အလိုအလျောက် လုပ်ဆောင်နိုင်သည့်စနစ်များကို တီထွင်ထုတ်လုပ်နိုင်ရေးအပေါ် အာရုံစိုက်ကြိုးပမ်းလုပ်ဆောင်နေကြသည်။

"ရုရှားတွေ စစ်တိုက်နေကြတယ်။ သေလဲ သေပါတယ်။ သူတို့ ဒါကိုဂရုမစိုက်ဘူး။ ဒါပေမဲ့ ကျွန်တော်တို့က စစ်ပွဲကိုဒီလို ချဉ်းကပ်လုပ်ဆောင်မှာ မဟုတ်ဘူး" ဟု ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Alex Bornyakov က ပြောကြားခဲ့သည်။



ယခုနှစ်အစောပိုင်းတွင် ယူကရိန်းနိုင်ငံသည် ဒရုန်းစစ်ဆင်ရေးအတွက် သီးသန့် စစ်ဘက်ဌာနခွဲတစ်ခုကို ဖွဲ့စည်းထူထောင်ခဲ့သည့် ကမ္ဘာ့ပထမဆုံးနိုင်ငံဖြစ်လာခဲ့သည်။

**Ukraine Develops Drones That Can Recognize, Shoot 'Based on Uniforms' ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာ၌ မတ်ပဲ ၁၀၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ရှုလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၄၂ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၀၅၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မတ်ပဲသီးနှံ ၃၀၅၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၄၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲ သီးနှံစိုက်ပျိုးမှုအနေနဲ့ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင် ဖို့ ဆောင်ရွက်ပေးနေပါတယ်။မတ်ပဲ စိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မြောင်မြို့နယ်တွင် မတ်ပဲသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောက်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ကျောက်ပန်းတောင်းမြို့နယ် ကွဲကူး-စည်ပင်လမ်းပေါ်တွင် ကွန်ကရစ်ရေကျော်တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ရှုလိုင် ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကွဲကူး-စည်ပင်လမ်းပေါ်တွင် ကွန်ကရစ်ရေကျော်တည်ဆောက်နေမှုကို ဇွန် ၃၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ အင်ဂျင်နီယာချုပ်ဦးလှခိုင်၊ ညောင်ဦးခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအေးလွင်နှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၉၈ ဒသမ ၃ သန်းဖြင့် ကျောက်ပန်းတောင်းမြို့နယ် ကွဲကူး-စည်ပင်လမ်းပေါ်တွင် ကွန်ကရစ်ရေကျော်တည်ဆောက်နေမှုကိုစစ်ဆေးကြပြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ဖြိုးဖြိုးသိမ့်က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းပြသရာအင်ဂျင်နီယာချုပ်က သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ကျောက်ပန်းတောင်းမြို့နယ် ကွဲကုန်း-စည်ပင်လမ်းပေါ်တွင် ကွန်ကရစ် ရေကျော်တည်ဆောက်ခြင်းသည် အလျားပေ ၁၆၀၊ အနံပေ၂၀၊ အမြင့် ကိုးလက်မရှိပြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဇွန် ၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပါက ကွဲကူး၊ ဥယျာဉ်၊ စည်ပင်ကျေးရွာရှိ လူဦးရေ ၂၇၀၄ ဦးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရမ်းမြေ)**

# တန့်ယန်းမြို့နယ် ဟိုမန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်း

**တန့်ယန်း ရှုလိုင် ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုမန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်တီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများမှ အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကြောင်းအရာများ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ဟိုမန်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့သည်။

ဟိုမန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာ ပြည်သူထည့်ဝင်ငွေများကိုအသုံးပြုကာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှရွေးချယ်ထားသော ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁-၇-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၆၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)များ၊ အဖွဲ့ဝင်များ လာရောက်ဖူးမြော်ကြည်ညို



**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဉယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)များ၊ အဖွဲ့ဝင်များ စုစုပေါင်း ၄၃ ဦးတို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီ စက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက်ဘုရားဖူးလာသည့် အဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီးအောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းအဆင့်ဆင့်တို့နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။ ယင်းနောက် ဘုရားဖူးအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဘုရားဖူးလာအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြသည်။

ထို့နောက် ကျောက်စာရုံစေတီများနှင့် အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီး၊ အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။ ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများလည်း လာရောက် ဖူးမြော်ကြည်ညိုလျက်ရှိကြကြောင်း သတင်းရရှိသည်။ (၅၀၁)



# မြစ်ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့် မြစ်ကြီးနားမြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၁**

ကချင်ပြည်နယ်အတွင်း ဇွန် ၃၀ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေများ မြင့်တက်လာပြီး မြစ်ကြီးနားမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများအတွင်း၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ရေဝင်ရောက်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများကို ယနေ့တွင်လည်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် လိုအပ်သည်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Myat Noe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်နေ ထက်မြတ်နိုးအား မွန်းလွဲ ၁ နာရီခွဲတွင် အောင်မြေသာစံမြို့နယ် အမှတ်(၄)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# စတုတ္ထအကြိမ်မြောက် ဟိမဝန္တာတောင်တန်းများဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၁**

စတုတ္ထအကြိမ်မြောက် တရုတ်နိုင်ငံ ရှီးကျန်းဒေသ၏ ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် (4th China Xizang Trans-Himalaya Forum for International Cooperation)သို့ တက်ရောက်ရန် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ညန်ချီမြို့သို့ ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယခုကျင်းပမည့်ဖိုရမ်ကို ဇူလိုင် ၃ ရက်မှ ၅ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ညန်ချီမြို့၌ ကျင်းပမည်ဖြစ်ပြီး ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ လူသားများနှင့် သဘာဝတရားအကြား သဟဇာတဖြစ်သော ဖွံ့ဖြိုးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုစသည့် ကဏ္ဍသုံးခုကို ချိတ်ဆက်ပေးရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်းနှင့် နိုင်ငံ ၁၂ နိုင်ငံမှ ကိုယ်စားလှယ် ဦးရေ ၃၀၀ တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အောင်မြေသာစံခရိုင် စုပေါင်းရုံးသစ်ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်



**မန္တလေး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် စုပေါင်းရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အဆိုပါစုပေါင်းရုံးသစ် အဆောက်အအုံရှေ့ မင်္ဂလာနေရာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့(၆) ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အောင်မြေသာစံခရိုင် စုပေါင်းရုံးသစ် အာရ်စီ သုံးထပ်အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆောက်အအုံအထူးအဖွဲ့(၆) ဒုတိယညွှန်ကြားရေးမှူးက အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အောင်မြေသာစံခရိုင် အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ကို ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အဆောက်အအုံသစ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေး၍ ရုံးသစ်ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရသစ်ပင်များကို စိုက်ပျိုးပေးခဲ့ကြပြီး စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကာ အဆောက်အအုံအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

☆ **ကျောဖုံးမှအဆက်**

များပြားစွာထုတ်ချေးလျက်ရှိကြောင်း သိရှိရသဖြင့် ပုဂ္ဂလိကဘဏ်များကို လိုအပ်သောစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။ ထိုသို့စစ်ဆေးခဲ့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်အားကျော်လွန်၍ အိမ်ရာချေးငွေထုတ်ချေးထားသည့် အောက်ပါပုဂ္ဂလိကဘဏ် ခုနစ်ခုကို စိစစ်တွေ့ရှိရပါသည်-

(က) ရိုးမဘဏ်က ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၁၁ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(ခ) မြန်မာနိုင်ငံသားများဘဏ်က ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၈ ဒသမ ၉၄ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(ဂ) ဧရာဝတီဘဏ်က ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၁ ဒသမ ၉၆ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(ဃ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်က ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၁ ဒသမ ဝ၁ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(င) ယူအေဘီဘဏ်က ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၃ ဒသမ ၃၈ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(စ) မြန်မာမက်ထရိုဘဏ်က ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် သုည ဒသမ ၃၉ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(ဆ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်က ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၁၆ ဒသမ ၃၄ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

အဆိုပါဘဏ်များက ကျော်လွန်ထုတ်ချေးထားသည့် ချေးငွေများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသော အိမ်ရာချေးငွေနှင့် ပတ်သက်သည့် သတ်မှတ်ချက်အတိုင်း သတ်မှတ်ထားသောကာလအတွင်း ပြန်လည်ရောက်ရှိစေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး သတ်မှတ်ချက်ကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့သည့် ပုဂ္ဂလိကဘဏ် ခုနစ်ခုမှ တာဝန်ရှိသူများကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

သတ်မှတ်ချက်အား ကျော်လွန်ထုတ်ချေးထားသည့် ချေးငွေများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၅၄ အရ ဥပဒေနှင့်အညီ ထိရောက်သောဒဏ်ကြေးပေးဆောင်စေမည်ဖြစ်ပြီး ပုဂ္ဂလိကဘဏ်များကို စစ်ဆေးကြီးကြပ်ကွပ်ကဲရန် အားနည်းခဲ့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများကိုလည်း စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **(၅၀၁)**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“ဓားပြတိုက်၊ သတ်ဖြတ်၊ ပြန်ပေးဆွဲလုပ်ရပ်များနဲ့ မစ္ဆရိယအမှောင်ဖုံးနေတဲ့ အကြမ်းဖက်သမားများရဲ့ တော်လှန်ရေး”** ခေါင်းစဉ်ဖြင့် ၃-၇-၂၀၂၄ ရက် မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“လက်နက်ကိုင် သောင်းကျန်းသူများနှင့် မူးယစ်ဆေး”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ် တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ချင်းတွင်းမြစ်ရေ ခန္တီးမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် (ရှစ်စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ခန္တီးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇- ၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့ လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု
(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၀၂၄၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်(၆/၂၀၂၄)ထုတ်ပြန်

၁။ နိုင်ငံတစ်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုများ ချမှတ်ဆောင်ရွက်ခြင်းသည် အဆိုပါနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့်ကဏ္ဍအားလုံးအပေါ် ဆိုးကျိုးသက်ရောက်စေပြီး နိုင်ငံသားများ၏လူမှုစီးပွားအခွင့်အလမ်းများအတွက် အကန့်အသတ်များလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

၂။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသော နိုင်ငံများတွင် ဘဏ်များ၏ အခန်းကဏ္ဍသည် အဓိကကျပြီး လူအများ၏ နေ့စဉ်လူမှုစီးပွားဘဝနှင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းပြည်ပကုန်သွယ်မှုများတွင် ဘဏ်ဝန်ဆောင်မှုများကို အားထားဆောင်ရွက်ကြရပါသည်။

၃။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၆)ကြိမ်မြောက် အစည်းအဝေး၌ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ တင်သွင်းခဲ့သည့် အစီရင်ခံစာတွင် အပြည်ပြည်ဆိုင်ရာဘဏ်များ၊ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့်ပုဂ္ဂလိကဘဏ်အချို့ကို အရေးယူပေးရန် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၄။ ဘဏ်များကို ပိတ်ဆို့အရေးယူဆောင်ရွက်ခြင်းသည် ပြည်သူများ၏ စီးပွားရေးအခွင့်အလမ်းများနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက်နစ်နာမှုများစွာဖြစ်ပေါ်စေနိုင်ကြောင်း ကော်မရှင်အနေဖြင့် သုံးသပ်မိပါသည်။

၅။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်တစ်ရပ်ဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ်(၁)၊ အပိုဒ်ခွဲ(၂)တွင် "... လူတစ်ဦး၏ အသက်မွေးဝမ်းကျောင်းမှုနည်းလမ်းများကို မည်သည့်အကြောင်းနှင့်မျှ ပိတ်ပင်တားမြစ်ခြင်းမရှိစေရ။"ဟု ပါရှိပါသည်။ စီးပွားရေးပိတ်ဆို့ခြင်းများသည် လူ့အခွင့်အရေးရှုထောင့်မှ ရှုမြင်ပါက အပြုသဘောမဆောင်သော အကျိုးသက်ရောက်မှုများသာဖြစ်ပေါ်စေနိုင်ပြီး လူမှုစီးပွားဆိုးကျိုးသံသရာ ရှည်ကြာစေနိုင်သည်ဖြစ်၍ ပြည်သူများ၏ အခြေခံအခွင့်အရေးများထိခိုက်နစ်နာမှုမရှိစေရေး သက်ဆိုင်သူအားလုံးက အထူးသတိပြုကြရန် လိုအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်ကို ငြင်းပယ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သတင်းထုတ်ပြန်ချက်**
၂၀၂၄ ခုနှစ် ဇူလိုင်လ ၁ ရက်

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ပေးပါရန် **ရခိုင်အမျိုးသားပါတီ (Arakan National Party)** ၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်းတွေ့ရှိရပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ်(၁၁/၂၀၂၄) ဆုံးဖြတ်ချက်အရ ယင်းပါတီ၏ ပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေပါ ပုံစံ(ဆ)ဖြင့် ငြင်းပယ်လိုက်ကြောင်းနှင့်ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။"**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# လှိုင်ကော်မြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၁**

ကယားပြည်နယ် လှိုင်ကော်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံထောက်ပံ့ပွဲကို ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်တပ်နယ်ခန်းမ၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များက လက်ခံရယူပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် လှိုင်ကော်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

# အနောက်မြောက်တိုင်းစစ်ဌာနချုပ် (၂၉)ကြိမ်မြောက် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

အနောက်မြောက်တိုင်း စစ်ဌာနချုပ် ၂၀၂၄ခုနှစ် (၂၉)ကြိမ်မြောက် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲအဖွင့်ပွဲစဉ်ဖြစ်သည့် တိုင်းစစ်ဌာနချုပ်(စခန်းရုံး) အသင်းနှင့် မုံရွာတပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၅ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(မြဝ)



အနောက်မြောက်တိုင်းစစ်ဌာနချုပ် (၂၉)ကြိမ်မြောက် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဒိုင်းဆုရရှိသည့် အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၁**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသား၊ အမျိုးသမီး ပစ္စတိုထိလဲပစ်ခတ်စဉ် ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများ၊ ဒိုင်းဆုရရှိသော တိုင်းစစ်ဌာနချုပ် (စခန်းရုံး) ကိုယ်စားပြုအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲတွင် ပစ်ခတ်စဉ် ၁၁ မျိုးပါဝင်ပြီး ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ဇွန် ၂၁ ရက်မှ ယနေ့ထိကျင်းပ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (မြဝ)

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်နိုင်စိုးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားပြီး ပူဖောင်းအား ပစ္စတိုဖြင့် ပစ်ဖောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသား၊ အမျိုးသမီး ပစ္စတို ထိလဲပစ်ခတ်စဉ်၊ ပစ္စတို အမြန်နှင့် အကာအကွယ်နောက် ပစ်ခတ်စဉ်များကို သရုပ်ပြပစ်ခတ်နေမှုများအား ကြည့်ရှုအားပေးကြသည်။

အဆိုပါတိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၁၀ ရက်ထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မြဝ)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

# လင်းခေးမြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**လင်းခေး ဇူလိုင် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက်ပိုင်းက Solar Power Plant စီမံကိန်းမြေနေရာတွင်ပြုလုပ်သည်။

ဦးစွာလင်းခေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းနှင့်တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများကို ပျိုးပင်များအသီးသီးပေးအပ်ကြသည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသော ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာများတွင် ပျိုးပင်များ စိုက်ပျိုးကြပြီး တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဒေသနှင့်ကိုက်ညီသည့် တပေဘူတ၊ စိန်တချူ၊ မာတာကွတ်၊ မဲဇလီ၊ ရေတမာ၊ စိန်ပန်းနီ၊ ကုက္ကိုစသည့် ပျိုးပင် ၁၀၀၀ ကို ပြည်သူလူထုအင်အား ၄၀၀ ခန့်က တပျော်တပါးစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **ကျော်ဇောဦး(မောရှမ်းမြေ)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

❖ ဖမ်းဆီးရမိမှု

ထိုသို့ဝင်ရောက်ရှာဖွေရာတွင် နေအိမ်အပေါ်ဆုံးထပ်ရှိ ညှိနှိုင်းခန်းအတွင်း၌ Online လောင်းကစားပြုလုပ်ရန်အတွက် အငှားထားသော အိမ်ပိုင်ရှင်ဖြစ်သူ ထင်ရှမ်း ၃၂ နှစ် (ဘ)ဦးအောင်နိုင်နှင့် တရားမဝင် Online လောင်းကစားလုပ်ငန်း လုပ်ကိုင်နေသူများဖြစ်ကြသည့် ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ရပ်ကွက်နေ မန်နေဂျာ ရန်ဝင်းမြင့်(ခ)ကျန်ဝမ်ရီ ၂၁နှစ် (ဘ)ဦးကျော်ဝင်း၊ လောက်ကိုင်မြို့နယ် ကျုံးရှန်ကျေးရွာနေ ကြီးကြပ်လုပ်ကိုင်သူ လော်ကျင်းကျွမ် ၂၆ နှစ် (ဘ)ဦးလော်ဆုရောင်းနှင့် လောင်းကစားဂိမ်းဝန်ထမ်းများ ဖြစ်ကြသည့် တာမိုးညဲမြို့ အမှတ်(၄) ရပ်ကွက်နေ ဇင်မာထွေး(ခ)ရင်ရုံ ၁၉ နှစ် (ဘ)ဦးမကျင်အမ်းပါ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးရှစ်ဦး၊ စုစုပေါင်းအိမ်ရှင်တစ်ဦးအပါအဝင် တရားခံ ၁၂ ဦးတို့ကို တရားမဝင် Online လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် Laptop မျိုးစုံခြောက်လုံး၊ လက်ကိုင်ဖုန်းမျိုးစုံ ၆၃ လုံး၊ မြန်မာငွေစက္ကူ ကျပ်သိန်း ၁၁၀၊ နိုင်ငံသားစိစစ်ရေးကတ် ခြောက်ခု၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အလားတူ ဇွန် ၂၈ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပါဆတ်ရပ်ကွက် လွန်းကျိုင်းလမ်း အိမ်အမှတ်(မ-၃/၂၃၂)တွင် တရုတ်နိုင်ငံသားများ ခိုအောင်းနေထိုင်ပြီး တရားမဝင် Online လောင်းကစားများ လုပ်ကိုင်လျက်ရှိကြောင်း သတင်းအရသက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်း အထောက်အထားတစ်စုံတစ်ရာ မပါရှိဘဲ တရားမဝင်ရောက်ရှိနေသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၈၈ ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၂၉၅ ဦးတို့ကို Online လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းမျိုးစုံ အလုံး ၉၀၀၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်များတွင် ဖမ်းဆီးရမိထားသည့် တရားမဝင် Online လောင်းကစားလုပ်ကိုင်သူ မြန်မာနိုင်ငံသား ၁၂ ဦးနှင့် တရုတ်နိုင်ငံသား ၂၉၅ ဦးတို့ကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လိုအပ်သော စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မဝ)





ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်၌ တရားမဝင် Online လောင်းကစားလုပ်ကိုင်နေသူများကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။





တာချီလိတ်မြို့နယ် ပါဆတ်ရပ်ကွက်၌ တရားမဝင် Online လောင်းကစားလုပ်ကိုင်နေသူ အထောက်အထားမဲ့ရောက်ရှိနေသည့် တရုတ်နိုင်ငံသားများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။





တာချီလိတ်မြို့နယ် ပါဆတ်ရပ်ကွက်၌ အထောက်အထားမဲ့ရောက်ရှိနေသည့် တရုတ်နိုင်ငံသားများ တရားမဝင် Online လောင်းကစားလုပ်ကိုင်သည့်နေရာနှင့် Online လောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် သက်သေခံလက်ကိုင်ဖုန်းများမှတ်တမ်းဓာတ်ပုံ။

# စစ်မှုထမ်းဆောင်ရန် မန္တလေးမြို့ရှိ ရပ်ကွက်တစ်ခုလျှင် လူဦးရေ ၃၀ တောင်းခံနေကြောင်း သတင်းတု၊သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင် စစ်မှုထမ်းဆောင်ရန်အတွက် ရပ်ကွက်တစ်ခုလျှင် လူဦးရေ ၃၀ တောင်းခံနေကြောင်း မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းမှားများကို ပြည်သူများအထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ မန္တလေးမြို့ရှိ ရပ်ကွက်တစ်ခုလျှင် လူဦးရေ ၃၀ တောင်းခံသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး တာဝန်ရှိသူများအနေဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် ဥပဒေများအတိုင်းသာ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက လူမှုကွန်ရက်တွင် မဟုတ်မမှန် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(မဝ)

# ဇွန် ၂၃ ရက်မှ ၃၀ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၄၉ ဦး တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက် ည ၈ နာရီမှ ဇွန် ၃၀ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၇၃၉၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၄၉ ဦး တွေ့ရှိရသည်။

ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၃ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၄၂၉ ဧက စိုက်ပျိုးမည်


ယခင်နှစ်ကစိုက်ပျိုးခဲ့သည့် ဆလတ်စိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၄၂၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၄၂၉ ဧကကို ဇူလိုင်လ ပထမပတ်အတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဟင်းသီးဟင်းရွက်များ စိုက်ဧကပြည့်မီစိုက်ပျိုးနိုင်ရေး၊ အသီးများအထွက်နှုန်း တိုးတက်ရေး၊ အရည်အသွေးကောင်းအသီးများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများကို လယ်မြေစိုက်ခင်းများထိ ကွင်းဆင်းသွားရောက်ကာ တောင်သူအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ရာသီမှာ ကျုံပျော်မြို့နယ်အနေနဲ့ ဟင်းသီးဟင်းရွက်ဧက ၁၄၀၀ ကျော်ထိစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ သီးနှံတွေလျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့အသီးအနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်အသီးအနှံတွေ စိုက်ပျိုးနိုင်စေဖို့၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေး လုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်။ ဒီနှစ်မှာ ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ အသီးအနှံတွေကို အများဆုံး စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၄၂၉ ဧက စိုက်ပျိုးရာတွင် ငရုတ်၊ ပန်းဂေါ်ဖီ၊ ကြက်သွန်နီ၊ နံနံပင်၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ သခွားသီး၊ ကန်စွန်း၊ ရုံပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ ဆလတ် စသည့်သီးနှံများကိုစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပြည်မြို့နယ် တောင်တီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းမြေနီခင်းခြင်း စစ်ဆေး

**ပြည် ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် တောင်တီးကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း မြေနီခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ တောင်တီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာများနှင့် တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် တောင်တီးကျေးရွာ၌ လမ်း အရှည် ပေ ၄၆၆၀၊ အကျယ် ၁၀ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းမြေနီခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း အသုံးပြုပြီး ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများကတာဝန်ယူ၍ ဇွန် ၁၇ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၉ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက တောင်တီးကျေးရွာရှိ လယ်ယာစိုက်ပျိုးမြေဧက ၂၅၀ ကျော်မှထွက်ရှိမည့် လယ်ယာထွက်ကုန်သီးနှံများကို ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးဇော်က ပြောပြ၍ သိရသည်။

**ရှိလေး**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်






# ရိုးဂုဏ်

ချစ်သက်(မြန်မာစာ)



(၁)

ကောင်းကင်တစ်ခွင်လုံး တိမ်ညိုတိမ်လိပ်တို့ နေရာယူထားကြသည်။ လေပြေ၏ ကျီစယ်မှုကြောင့် သစ်ပင်ပန်းမန်တို့ ယိမ်းက ကနေသဖွယ်။ ပြေးလွှားနေသော တိမ်မည်းများကို ကြည့်ရင်း သိန်းလှိုင် တစ်ယောက် ရာသီဥတုအခြေအနေကို အကဲခတ်နေ၏။ ခဏကြာ နေရောင်ပျောက်၍ မိုးခြိမ်းသံများ ကြားလာရသည်။

"ဝင်းမေရေ မိုးရွာမယ် ထင်တယ်။ သမီးကို အပြင်ထွက်မဆော့စေနဲ့နော်။ မိုးဦးကျစဆိုတော့ မိုးရေနဲ့ မြေအပူကန်ပြီး သမီးလေး မျက်စိနာနေမယ်။ ငါ မင်းသူတို့အိမ် ခဏ သွားလိုက်အုံးမယ်"

သိန်းလှိုင် ပြောလို့ဖြင့် မကြာသေး။ မိုးရောလေပါ ပေါင်းစပ်၍ လာလေတော့သည်။ သည်းထန်စွာရွာသော မိုးရေကြောင့် ပတ်ဝန်းကျင်တစ်ခွင်လုံး အေးမြသွား၏။ သစ်ပင်တို့သည်လည်း မိုးရေကို သောက်သုံးပြီး အစွမ်းကုန် စိမ်းလန်းလျက်ရှိပေသည်။ လယ်ကွက်များတွင် ဖားတို့၏ အချက်ပေးသံကို ကြားရသည်။ မိုးစဲသည်နှင့် အမှောင်ရိပ်သန်းလာ၏။ ပုရစ်ငယ်တို့၏ အော်သံထက် ဖားကလေးများ၏ အသံမှာ ပို၍ ကျယ်လာသည်။ အရပ်ရှစ်မျက်နှာကို ကြည့်လိုက်လျှင်လည်း ဘုရားပွဲတော်အလား ဖားရိုက်မီးများဖြင့် စည်းကားနေလေတော့သည်။ သိန်းလှိုင်သည် မီးလုံး၊ ဖားရိုက် တုတ်၊ ပလိုင်းကို လွယ်ကာ လယ်ကွင်းထဲသို့ ထွက်ရန် ဟန်ပြင်နေတော့၏။

"ဝင်းမေရေ ငါ သွားပြီနော်။ ငါ့ကိုစောင့်မနေနဲ့။ စောစောအိပ်။ သမီးလဲ ခြင်ကိုက်မယ်။ ဂရုစိုက်လိုက်အုံး။ ငါ သွားပြီ"

အနေဆင်းရဲသော်လည်း စိတ်မဆင်းရဲသော သိန်းလှိုင်တစ်ယောက် သီချင်းညည်းကာ ဖားရိုက်ထွက်ခဲ့လေသည်။

(၂)

"ဖားတွေ ရမယ်ရှင်။ ဖားတွေ။ ရာသီစာလေးမို့ လျှော့ဈေးနဲ့ ရောင်းပေးပါမယ့်ရှင်"

ချိုသာသောအသံဖြင့် သံကုန်ဟစ်ကာ ဈေးရောင်းနေသော ဝင်းမေ။ ဝင်းမေ၏ နှုတ်ကြောင့်လား ဈေးချိုလို့လားမသိ။ ဝင်းမေအနား ဝယ်သူများဝိုင်းနေသည်။ သိပ်မကြာလိုက်ပါလာသမျှ ဖားများ ကုန်သွားသည်။ ဝင်းမေသည် ဟိုကြည့် သည်ကြည့်နှင့် တစ်ယောက်ယောက်ကို မျှော်နေပုံရသည်။ သိပ်မကြာ သိန်းလှိုင် ရောက်လာသည်။ လက်ထဲတွင်လည်း အထုပ်တစ်ထုပ်နှင့်။ ထို့ပြင် နုထွေးသော မန်ကျည်းရွက်များပါ ပါလာခဲ့သည်။

"ရော့ ဝင်းမေရေ ဒီမှာ ဖားတွေ။ မင်းသူဆီက မရမက ယူလာရတာ။ ဒီကောင်ညက တော်တော်ရတယ်တဲ့။ ကြောင်တွေတောင် ရသေး"

ဝင်းမေသည် သိန်းလှိုင်စကားကို နားထောင်ရင်း အထုပ်ကို လှမ်းယူလိုက်သည်။

"သိန်းလှိုင်နော်။ ရှင့်ကို ကျွန်မ တစ်ခါတည်း ပြောထားမယ်။ မိုးဦးကျ လေဦးကျ။ ညဘက် ကြောင်လေးတွေ အပြင်ထွက်တာ။ မသတ်ခဲ့ရဘူးနော်။ ကျွန်မ မကြိုက်ဘူး။ ဖားရိုက်ခိုင်းတာတောင် လွန်နေပြီ"

ဝင်းမေ၏ စိတ်ဓာတ်ကို သိနေသော သိန်းလှိုင် ဘာစကားတစ်ခွန်းမှ ပြန်မပြောတော့ပေ။

"ဖားရောင်းပြီးရင် အမြတ်ငွေကတော့ သမီးလေး အတွက်ပဲ။ ကျောင်းစရိတ် မပေးရဘူး၊ မကုန်ဘူး ဆိုတော့။ လွယ်အိတ်နဲ့ ကျောင်းဝတ်စုံ တစ်စုံတော့ ချုပ် ပေးရမယ်"

သိန်းလှိုင်နှင့်ဝင်းမေသည် နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး ကြုံရာကျပန်း အလုပ်ဖြင့် ဘဝခရီး ဆက်နေကြ၏။ လိုချင်တောင်းတမှုထက် ရိုးသားကြိုးစားမှုဖြင့် အေးချမ်းသော မိသားစုလေးကို ဖန်တီးလျက် ရှိကြသူများဖြစ်သည်။

(၃)

နေအပူရှိန်သည် တဖြည်းဖြည်း မြင့်တက်လာ၏။ မနေ့က မိုးရေကြောင့် အပူဒဏ်ကို ထင်သလောက် မခံစားရပေ။ သိန်းလှိုင်သည် ဝင်းမေ၏ လှုပ်ရှားမှုများကို ပြုံးပြုံးကြီးထိုင်ကာ ကြည့်နေ၏။

"သိန်းလှိုင် ထိုင်တာလဲ ကြည့်ထိုင်အုံး။ ပုဆိုးအပြဲနဲ့ ပေါင်က ကားကားကြီးဆိုတော့။ ဈေးဝယ်မဲ့သူတောင် ပြန်ပြေးနေမယ်"

သိန်းလှိုင်သည် ဝင်းမေပြောမှ မိမိကိုယ်ကို ပြန်ကြည့်မိ၏။ ပုဆိုးက ဝတ်လာတုန်းက အကောင်း။ မန်ကျည်းရွက် တက်ခူးရင်း ပြဲလာခဲ့ခြင်း ဖြစ်ကြောင်း စဉ်းစားမိပြန်၏။ ခြေထောက်ကိုစု၍ ထိုင်ကာ ဝင်းမေကို သေချာကြည့်နေ၏။

"အမယ် ငါ့မိန်းမက ကြည့်လေ လှလေပါလား။ ရိုးမသွားတဲ့ အလှဗျို့"

ဝင်းမေသည် သိန်းလှိုင်ကို မျက်စောင်းထိုးလိုက်၏။

"ရိုးရဲ ရိုးသွားကြည့် ဒီမှာတွေ့လား"

သနပ်ခါး အပြည့်လိမ်းထားသော ပါးကို ဖောင်းပြလိုက်သည်။ သူတို့နှစ်ယောက်ကို မြင်သူအဖို့ ရင်ကို အေးမြစေသည်။ တစ်ယောက်နှင့် တစ်ယောက် နားလည်မှု အပြည့်ရှိသော ဇနီးမောင်နှံဟု ကောက်ချက်ချလျှင် မှားမည် မထင်ပေ။

(၄)

ဝင်းမေသည် ဖားများကိုဆက်၍ ရောင်းနေတော့သည်။

"ဖားတွေ ရမယ်နော်။ ရာသီစာလေး။ ဖား ဝယ်ရင် မန်ကျည်းရွက်ပါ အလကား ပေးမယ်ရှင့်။ လာ ထားလာထား။ ဦးသူရမယ်ရှင့်"

ဈေးခြင်းတောင်းကို ဆွဲကာ အမျိုးသမီးတစ်ယောက် ဝင်းမေဆီ ရောက်လာ၏။ လည်ပင်းတွင် ဆွဲထားသော ဆွဲကြိုးနှင့် ဝင်းလက်တောက်ပနေသော လက်ကောက်များက ထိုအမျိုးသမီး၏ အလှကို ပို၍ပေါ်လွင်စေသည်။ လက်ထဲက ပိုက်ဆံအိတ်ကို ဖွင့်လိုက်၏။ တစ်သောင်းတန်များ အထပ်လိုက် မြင်တွေ့ရသည်။

"ဟဲ့ ဟဲ့ ဖား ဘယ်ဈေးတုံး"

"ထောင့်ခြောက်ရာပါ အစ်မ"

ထိုအမျိုးသမီးသည် ကိုင်ထားသော ဖားကိုချလိုက်၏။ ဝင်းမေကို ကြည့်လိုက်ပြန်သည်။ ဝင်းမေသည် မျက်နှာကို ပြုံးလျက်-

"ယူပါ အစ်မရယ်။ ဒါလေးပဲ ကျန်တော့တာ။ ရာသီပေါ် ဦး ပေါ်ဖျားလေး။ ဖားဝယ်ရင် မန်ကျည်းရွက် အလကား ပေးလိုက်ပါ့မယ်"

ဝင်းမေ မည်သို့ပင် ပြောသော်လည်း အမျိုးသမီးမှာ မကြားချင်ယောင်ဆောင်လိုက်၏။

"ညည်း ဖားတွေက နာတောင်နေပြီ။ အလကားရတဲ့ဖားကို ဝက်သားဈေးကို အမီလိုက်နေလား ထင်ရတယ်။ တစ်ထောင်ဈေး ထား"

"တစ်ထောင်ဈေး မရလို့ အစ်မရယ်။ ကျွန်မ အမြတ်နည်းနည်းပဲ ယူထားတာပါ။ မှန်တာပြော ချမ်းသာပါစေ"

ဝင်းမေသည် မျက်နှာကို အစွမ်းကုန်ပြုံးထားလိုက်သည်။ ပွဲကြည့် ပရိသတ်က သိန်းလှိုင်။ မျက်တောင်မခတ်ဘဲ ကြည့်နေ၏။

"နင်တို့ အဲဒါကြောင့် ဒီဘဝနေရတာ။ ဈေးရောင်းတာ လူကြည့်ရောင်းတယ်"

"ဟောတော့"

ဝင်းမေ၏ ပါးစပ်မှ လွတ်ခနဲ ထွက်သွား၏။ ထိုအမျိုးသမီးက မိမိလိုချင်သောဈေးကို မရ ရအောင် နည်းအမျိုးမျိုးဖြင့် ဆစ်သည်။ နောက်ဆုံး ကြည့်နေသူ သိန်းလှိုင်က-

"ကဲ ဝင်းမေ ပေးလိုက် ထောင့်သုံးရာနဲ့"

ထိုအမျိုးသမီး မျက်နှာပြုံးသွား၏။

"အစ်မလဲ ဈေးမဆစ်နဲ့တော့ ထောင့်သုံးရာနဲ့ယူ။ မန်ကျည်းရွက်ပါ အလကားယူသွား"

"ယူမယ် ယူမယ် ငါးဆယ်သားထည့်။ သနားလို့ ယူတာနော်"

ဝင်းမေသည် ဖားငါးဆယ်သား ချိန်ပေးပြီး ပိုက်ဆံကို ယူလိုက်၏။ ထိုအမျိုးသမီးသည်လည်း လိုချင်တာ ရပြီ ဖြစ်သောကြောင့် အပြုံးများဖြင့် လိုရာခရီးသွားတော့သည်။ ဝင်းမေကတော့ ပါးစပ်က ပွစိ ပွစိ လုပ်နေ၏။

"ငါတို့ကို ဘာတဲ့။ နင်တို့ ဒါကြောင့် ဒီဘဝနေရတယ်ဆိုပဲ။ သူများတွေလို ရွှေမရှိ၊ ငွေမရှိပေမဲ့ ရိုးဂုဏ်တော့ ရှိပါတယ်တော်"

(၅)

သိန်းလှိုင်ယူလာသော ဖားများရောင်းကုန်ပြီမို့ အိမ်သို့ပြန်ရန် ဝင်းမေ ခြေဦးတည်လိုက်သည်။

"ဝင်းမေရေ တစ်လက်စထဲ ဆန်ဝင်ဝယ်ရအောင်"

"ဝယ်လေ မြန်မြန်။ အိမ်မှာ သမီးလေး စောင့်နေတော့မယ်"

လမ်းလျှောက်ရင်း ဆန်ဆိုင်သို့ နှစ်ယောက်သား ဝင်လိုက်ကြသည်။

"ဆန် ဘယ်ဈေးလဲရှင့်"

"လေးထောင့်ငါးရာပါ"

"သုံးပြည် ပေးပါနော်"

သိန်းလှိုင်သည် ဆန်အိတ်ကို ဆွဲကာ ကျန်လက်တစ်ဖက်ဖြင့် ဝင်းမေ၏ လက်ကို ယုယစွာ ကိုင်လိုက်သည်။ သိန်းလှိုင်တို့၏ ရှေ့၌ အမျိုးသမီး တစ်ယောက်။ မိုးရွာပြီး မြေသိမ့်နေသောကြောင့် မြေထဲ၌ ဝင်းခနဲ အရောင်ကို သိန်းလှိုင်နှင့် ဝင်းမေ မြင်လိုက်၏။ ထို အရာကို ဝင်းမေ ကောက်လိုက်သည်။

"သိန်းလှိုင်ရေ လက်ကောက်တော့ လက်ကောက်။ ရှေ့က တစ်ယောက် ကျွတ်ကျတာ ထင်တယ်"

သိန်းလှိုင် စကားတစ်ခွန်းတောင် မပြောရသေး။ ဝင်းမေသည် ရှေ့က လူကို လှမ်းခေါ်၏။

"ဒီမှာရှင့် ဒီမှာ"

အမျိုးသမီးက သွားနေသော ခြေကို ရပ်လိုက်ပြီး။ နောက်ကို ပြန်ကြည့်လိုက်၏။ ဝင်းမေ၏ ပါးစပ်မှ ရုတ်တရက် ထွက်လိုက်လေသည်။

"အမလေး ဗုဒ္ဓေါ။ ဖားဝယ်တဲ့ အမျိုးသမီး"

"လက်စသတ်တော့ နင်တို့ကို။ ဘာတုံး"

"ဘာမှမဟုတ်ပါဘူး အစ်မရယ်။ ဒီမှာ အစ်မဟာ လေးလားလို့"

အမျိုးသမီးသည် မိမိလက်ကောက်များကို စစ်ကြည့်လိုက်၏။

"တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး။ ငါးကွင်းပြည့်တယ်ဟ။ ဘာလဲဟ ဖေ့စ်ဘုတ်ထဲကလို ငါ့ကို လက်ကောက်ပေး။ ပြီးရင် ပိုက်ဆံတောင်း။ ဒါမျိုးလုပ်မလို့ ထင်တယ်။ ရုပ်တွေနဲ့ စရိုက်တွေနဲ့ လိုက်ပါတယ်"

အမျိုးသမီးသည် မိမိလက်ကောက်များကိုကိုင်ရင်း စိတ်ထဲတွင် ပြောလိုက်ခြင်း ဖြစ်သည်။

ဝင်းမေသည် လက်ကောက်ကို အမျိုးသမီးကို

စာမျက်နှာ ၂၅ သို့ ➤

# မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ အင်းဝမြို့ဟောင်းကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး စတင်ဆောင်ရွက်နေ



**တံတားဦး ရှုလိုင် ၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ အင်းဝမြို့ဟောင်းကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး စတင်ဆောင်ရွက်နေကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးနေထွန်းနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ အင်းဝမြို့ဟောင်း တည်ရှိရာ အင်းဝဒေသတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဘုရားစေတီများနှင့် အဆောက်အအုံများစွာရှိပြီး လက်ရှိတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် ဗားကရာကျောင်းတော်ကြီး၊ မယ်နုအုတ်ကျောင်း၊ နန်းမြို့ရိုး၊ နန်းမြင့်စင်နှင့် ဆင်ကျုံးခံတပ်များသို့ နေ့တစ်ပိုင်းခရီးစဉ်အဖြစ် လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်မှာရှိတဲ့ အင်းဝမြို့ဟောင်းကို UNESCO ရဲ့ ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး စတင်ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ UNESCO က သတ်မှတ်ထားတဲ့ Guide Line တွေနဲ့ ပြည့်စုံအောင်ကြိုတင်ပြင်ဆင်နေပါတယ်။ လက်ရှိမှာ အင်းဝ ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း ခတ်ပုံတွေပါတဲ့ လမ်းညွှန်မြေပုံတွေ စိုက်ထူတာ၊ ဘုရားတစ်ဆူ ချင်းစီနဲ့ ရှေးဟောင်းအဆောက်အအုံတွေရဲ့ သမိုင်းကြောင်းကောက်ယူတာ၊ မြေပုံရေးဆွဲတာတွေ ဆောင်ရွက်နေပြီး နောက်ပိုင်းမှာ Tourism Network Road နဲ့ Tourism အခြေခံအဆောက်အအုံတွေ ကိုဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးနေထွန်းနိုင်က ပြောပြသည်။

အင်းဝဒေသတွင် ထင်ရှားသည့် အမွေအနှစ် လေ့လာစရာများမှာ ပင်းယဂူကြီးသုံးလုံး၊ ပင်းယရွှေစည်းခုံစေတီတော်၊ ရတနာမြစည်းခုံစေတီတော်၊ မင်္ဂလာစေတီ၊ ရန်အောင်မြင်စေတီ၊ ပင်းယအောင်စည်းခုံစေတီတော်၊ ပဋ္ဌမာလိန္ဒ ရတနာမြစည်းခုံစေတီတော်တို့နှင့် အခြားစေတီငယ်များစွာတို့ဖြစ်ကြောင်း၊ အင်းဝမြို့ဟောင်း၏ ရှေးဟောင်းနယ်မြေ ဧရိယာမှာ ခုနစ်စတုရန်းမိုင်ကျယ်ဝန်းပြီး ရှေးဟောင်းစေတီပုထိုးနှင့် အဆောက်အအုံပေါင်း ၉၆၁ ခုရှိကြောင်း သိရသည်။

အင်းဝမြို့ဟောင်းဒေသသည် သတိုးမင်းဖျား အေဒီ ၁၃၆၄ မှ စတင်၍ ဘကြီးတော်မင်း ၁၈၂၁ လက်ထက်သို့တိုင်အောင် နှစ်ပေါင်းလေးရာခန့် မင်းနေပြည်တော်ဖြစ်ခဲ့သောကြောင့် ထိုခေတ် ဘုရင်မင်းမြတ်၊ မိဖုရား၊ သားတော်၊ သမီးတော်များနှင့် မှူးမတ်ပြည်သူများ ဆောက်လုပ်လှူဒါန်းထားသည့် ဘုရားစေတီပုထိုး၊ ဂူကျောင်းနှင့် အဆောက်အအုံများစွာ တည်ရှိနေကြောင်း သိရသည်။ ASH

# တွံတေးမြို့နယ် သုံးအိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**တွံတေး ရှုလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီးတွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇွန် ၃၀ရက် နံနက်ပိုင်းက သဝန်းတောကျေးရွာအုပ်စု၊ သုံးအိမ်ကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်လင်းက သုံးအိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ကဏ္ဍအလိုက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော သုံးအိမ်ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့သည်။

တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် သုံးအိမ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒုတိယဦးစီးမှူး ဦးနိုင်လင်းထံမှ သိရသည်။

**မောင်နိုင်**

➤ စာမျက်နှာ ၂၄ မှအဆက်

ပေးလိုက်သည်။

အမျိုးသမီးသည်လက်ကောက်ကိုသေချာကြည့်၏။ အမျိုးသမီး၏ အမူအရာများကို နားမလည်သောသိန်းလှိုင်နှင့်ဝင်းမေ။ လက်ကောက်တွင် 'k' တံဆိပ် အထင်းသားပေါ်နေ၏။

"အင်း ဒါ ရွှေအစစ်ပဲဟ"

"ကျေးဇူးပါနော်။ ညီမတို့ တွေ့လို့။ အခြားသူဆို အစ်မလက်ကောက်တော့ ဆုံးပြီ"

"သွားပြီနော် အစ်မ"

ဝင်းမေ နှုတ်ဆက်လိုက်သည်။

အမျိုးသမီးသည် ပိုက်ဆံအိတ်ကိုဖွင့်ကာ တစ်သောင်းတန်ငါးရွက်ကိုထုတ်ပြီး ဝင်းမေ လက်ထဲထည့်လိုက်လေသည်။

"ဘယ်လိုမှ မအောက်မေ့နဲ့နော်။ မယူဘူးလို့ မငြင်းပါနဲ့။ ယူပါ။ ရေအဆုံး ကုန်းတစ်ဝက် ဆိုသလို ယူပါနော်"

အမျိုးသမီးသည် ပိုက်ဆံကို အတင်းပေးနေ၏။ ဝင်းမေလည်း မငြင်းသာသည့် အဆုံး မိမိရိုးသားမှုကို အသိအမှတ်ပြုသည့်အနေဖြင့် ပိုက်ဆံကိုယူကာ မိမိကိုယ်ကို ဂုဏ်ယူမိလေ၏။

(၆)

အမျိုးသမီးသည် ပျော်ရွှင်စွာဖြင့် အိမ်သို့ရောက်လျှင် လက်ကောက်လေးကို ပြလျက်။

"ကဲကဲ လာကြ လာကြ။ အမေ ရွှေကောက်ရတယ်"

မိသားစုအားလုံး ရောက်လာကြသည်။ အမျိုးသမီးသည် လက်ကောက်ကို သေချာရေဆေးကြည့်သောအခါ 'k' တံဆိပ်လေးက အထင်းသားပေါ်လွင်နေတော့သည်။

သူများရွှေဟု ရိုးရိုးသားသား ပြန်ပေးခဲ့သော သိန်းလှိုင်နှင့်ဝင်းမေသည် ငွေငါးသောင်းဖြင့် သမီးလေး ကျောင်းတက်ရန် ကျောပိုးအိတ်၊ ကျောင်းဝတ်စုံ၊ စာရေးကိရိယာများ အပြည့်အစုံဝယ်ယူလျက် တက်ကြွသောခြေလှမ်းများဖြင့် သမီးဆီသို့ ပြန်လာခဲ့လေတော့သည်။

## မျိုးဂုဏ်မြင့်စေတို့လုံမေ

- ဂုဏ်အင်ထူးခြား၊ အမျိုးသမီးများ
  မြင့်မားဘဝ၊ တောက်ကြွားရအောင်
  စွမ်းစတူယှဉ်၊ တီထွင်ကြံဆ
  အလှစုံညီ၊ မျိုးဂုဏ်ရည်၍
  ရှေ့ဆီထွန်းတောက်၊ ပေါက်မြောက်အောင်မြင်
  သိမြင်တိုးတက်၊ စွမ်းဆောင်ချက်ဖြင့်
  ရှေ့ဆက်ကာပင်၊ တို့စွမ်းအင်အား
  ထင်ရှားစေမည်၊ စွမ်းဆောင်ရည်ဖြင့်
  မျိုးဂုဏ်မြင့်စေ၊ တို့လုံမေ။

- နည်းပညာခေတ်၊ ဆန်းသစ်လေ့လာ
  တီထွင်ကာဖြင့်၊ ကမ္ဘာတစ်လွှား
  ကျော်ကြားထင်ပေါ်၊ အမြော်အမြင်
  ပညာရှင်များ၊ ဂုဏ်အင်များမှာ
  ထူးခြားလှစွာ၊ တို့ကမ္ဘာကို
  သာယာစေမှု၊ စွမ်းဆောင်မှုဖြင့်
  ဂုဏ်တင့်ဖြာဝေ၊ တို့လုံမေ။

- အမျိုးသမီးများ၊ ဉာဏ်မြင့်မား၍
  လူသားကောင်းကျိုး၊ ပိုမိုတိုးကာ
  သယ်ပိုးနိုင်စေ၊ အားပေးလေမှ
  အခြေတိုးမြင့်၊ ဂုဏ်တင့်ဝေဆာ
  နောင်အခါဝယ်၊ လူ့ရွာသိုက်အုံ
  လုံခြုံစိတ်ချ၊ လှပသာယာ
  မြတ်ပညာဖြင့်၊ တိုးတက်မှုတွေ
  ဆင့်ဆင့်ဝေ၍၊ အခြေမြင့်စေ
  တိုးတင့်နိုင်စေ၊ တို့လုံမေ။

- စွမ်းရည်မြင့်မား၊ လုံမေများသည်
  စွမ်းအားရင်းတည်၊ ဉာဏ်ကိုမှီ၍
  တီထွင်ကြံဆ၊ လောကလှအောင်
  အမှောင်ဖယ်ခွင်း၊ ဉာဏ်အလင်းဖြင့်
  ထုံသင်းမွှေးကြိုင်၊ ရနံ့လှိုင်၍
  အပြိုင်ပွင့်ဖူး၊ ဝတ်မှုန်ကူးသို့
  ဖြောင့်ဖြူးသာယာ၊ ပညာရှာမှီး
  တီထွင်ပြီးသော်၊ ခရီးတိုးမြင့်
  မျိုးဂုဏ်မြင့်စေ၊ တို့လုံမေ။

**မောင်လေပြေ(တောင်တွင်း)**

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# အလွမ်းဇာတ်လမ်းများ

**မောင်နှင်းဆီ**

**နိဒါန်း**

တမင်ရှာခြင်း မဟုတ်ပါဘဲ လက်ကိုင်ဖုန်း ယူကျုလိုင်းတစ်ခုက ပြဇာတ်လို ဖြစ်ရပ်တိုလေး တစ်ပုဒ် တင်ပေးထားသည်ကို ကြည့်လိုက်မိသည်။ တိုတိုလေးနှင့် ကရုဏာရသကို ခံစားကူးစက်ခံစားအောင် ဖော်ပြနိုင်ပေသည်။ နောက်ခံကား ဟိုတယ် မင်္ဂလာခန်းမ ညှော်ခံပွဲကြီးမှာဖြစ်သည်။ ပရိသတ်က မင်္ဂလာပွဲ အခမ်းအနားကို တက်ရောက်လာကြသော လူကုံထံ လူကြီးလူကောင်း၊ လူချမ်းသာနှင့် လူလတ်တန်းစားအလွှာမှ လူကြီး၊ လူရွယ်၊လူငယ်၊ အမျိုးသား၊ အမျိုးသမီးများ လှလှပပ၊ သားသားနားနား တောက်တောက်ပြောင်ပြောင် ဝတ်စားထားကြသည်။ ခန်းမကြီးကလည်း ကြီးကျယ်ခမ်းနားလှပသည်။

သို့ရာတွင် တက်ရောက်လာကြသော ပရိသတ်၏ ခံစားမှုဖော်ပြနေကြသောမျက်နှာများက ရွှင်ပျသာယာမရှိကြပါ။ သတို့သားနှင့်သတို့သမီးတို့ယှဉ်တွဲဝင်လာသော အလယ်ဗဟိုက လျှောက်လမ်းနံဘေးမှာ ရပ်နေကြသော ပရိသတ်အားလုံး၏ မျက်နှာကညှိုးငယ်ကြေကွဲနေပုံ သိသာစွာပေါ်လွင်နေကြ၏။

**ညှော်ခံပွဲ**

စကားတစ်ခွန်းမှလည်းမပြော။ နောက်ခံဂီတလည်း ဘာတူရိယာနှင့်မှ အထောက်အကူပို့၍ တီးခတ်ပေးခြင်းမရှိ။ တိတ်ဆိတ်ငြိမ်သက်။ မင်္ဂလာသတို့သားနှင့် မင်္ဂလာသတို့သမီးတို့ အဝင်ဝမှ စတင်ဝင်ရောက်လာပြီ။ လျှောက်လမ်းဝဲယာဘေးမှာ ရပ်လျက်ကြိုဆို ကြည့်ရှုနေကြသူအားလုံးက ရီဝေသော မျက်လုံးများနှင့် ငေးမောကြည့်နေကြသည်။ လှိုက်လှဲဝမ်းသာ မရှိလှ၊ ပြုံးရွှင်နေသော မျက်နှာတစ်ခုမှ မမြင်တွေ့ရ။ အချို့အမျိုးသားများမှာ စိတ်ထိခိုက်သော ခံစားမှုမျက်နှာတွင် သိသိသာသာပင် ပေါ်လွင်နေကြသည်။ အချို့သော အမျိုးသမီးများ၏ မျက်လုံးများသည်လည်း မျက်ရည်ဝိုင်းနေပြီး မျက်ရည်ကျလုလု ကြေကွဲရင်နင့်နေသော အမူအရာများ မြင်ရသည်။

**ကြေကွဲ**

သတို့သမီး၏ မိတ်ဆွေ၊ ဆွေမျိုးများလည်း ဖြစ်ကောင်းဖြစ်မည်။ ကင်မရာ၏ ဘယ်ဘက်တွင်မျက်နှာသာပေါ်၍ ကိုယ်တစ်ဝက်မျှသာမြင်သာသော လူရွယ်တစ်ဦးမှာမူ ငိုထားသဖြင့် မျက်ခွံမို့အစ်ကာ မျက်စိနီရဲသလိုရှိနေပြီး မျက်ရည်မဆည်နိုင်အောင်တွေတွေကျနေသဖြင့် ဣန္ဒြေပင် မဆည်နိုင်ဘဲ လက်ဖမိုးနှင့် မျက်ရည်သုတ်နေ၏။ မျက်နှာချင်းဆိုင်ဘက်မှ အမျိုးသမီး လေး၊ ငါးဦးခန့်၏ မျက်နှာများကလည်း သူ့ကို စိုက်ကြည့်ရင်း သနားစာနာစွာကြေကွဲမှု ထပ်တူခံစားနေကြပုံပေါက်နေ၏။

တစ်လှမ်းချင်းလှမ်းလာသော မင်္ဂလာမောင်နှံစုံတွဲသည် မလှမ်းမကမ်းမှပင် ပူဆွေးကြေကွဲ၍ ရင်ထဲက ပူလောင်ထိခိုက်မှုကို ဟန်ဆောင်ဖုံးကွယ်နိုင်စွမ်းမရှိရှာသော လူရွယ်ကိုကြည့်မြင်သည်။ နားလည်သွားသည်။ ခံစားမိသည်။ လူရွယ်က သူတို့ကိုပင် မကြည့်ရဲရှာပါ။ ခေါင်းမော့၍ မျက်ရည်စီးမကျလာအောင် ကြိုးစားနေပါ၏။ သတို့သမီးသည် သူစွန့်ခွာခဲ့ရသော သူဖြစ်ပုံရသည့် ချစ်သူ၏ကြေကွဲပူဆွေးသော မျက်နှာကို ကြည့်ရင်းကြည့်ရင်း သူလည်းမခံစားနိုင်တော့ဘဲ ထိုသူ့လက်ကို လှမ်းကိုင်မိရှာသည်။

မင်္ဂလာသတို့သမီး၏ ဘယ်ဘက်တွင် လက်တွဲလျှောက်လာသော ဆံပင်တိုတို၊ မျက်နှာပြည့်ပြည့်ဝဝနှင့် သတို့သားလောင်းသည် မနှစ်သက်သော အသွင်ဖြင့်လက်တွဲဖြုတ်ကာ နောက်သို့တစ်လှမ်းဆုတ်လိုက်သည်။ သတို့သမီးသည် ရင်ထဲက ပူလောင်ကြေကွဲစွာ ပူဆွေးငိုကြွေးနေပုံပေါက်သော လျှောက်လမ်းဘေးက သူ့ချစ်သူကို ပခုံးဖက်လိုက်လေတော့သည်။ ဇာတ်လမ်း၏အဆုံးလည်း ဖြစ်သည်။ ကြီးမားသော အလှည့်အပြောင်းလည်းဖြစ်၏။

**အပျော်**

မင်္ဂလာညှော်ပရိသတ်ကလည်း ယခုမှ ကျေနပ်ဝမ်းသာကြည်နူးစွာ ပြုံးရွှင်သွားကြလေသတည်း။ ပြီးသွားပေပြီ။ ယခုရေးသလောက်၊ ပြောပြသလောက်ကိုမူ ကင်မရာကနေရာ၊ ရှုထောင့် အများကြီး မကစားဘဲ နောက်ခံ၊ ပရိသတ်၊ အဓိကဇာတ်ကောင်၊ သရုပ်ဆောင်နေမှန်းမသိစေရအောင် သဘာဝကျကျ တင်ဆက်ပြသသွားသော အပျော်နှင့် ဆုံးသည့် Happy Ending ၊ အလွမ်းဇာတ်လမ်းတိုလေး Tragedy အသည်းကွဲခံစားချက်ဖြစ်လေသည်။

ငိုရလောက်အောင်ဆွဲဆောင်သော အခင်းအပျိုးမပါဘဲ၊ အပြော၊ အဆို၊ နောက်ခံဂီတ၊ ဘာကိုမှ အထောက်အကူမယူဘဲ အပြသက်သက်ဖြင့် ရင်ထဲခိုက်အောင် မိနစ်အနည်းငယ်မျှနှင့် ရောက်အောင်

❖မြန်မာစာပေ၊ နိုင်ငံတကာစာပေ ပုံပြင်၊ ဒဏ္ဍာရီများတွင်လည်း ရယ်စရာ၊ ရွှင်စရာ ကဗျာ၊ ဝတ္ထု၊ ပြဇာတ်များကို စာဖတ်သူများ နှစ်သက်အားပေးတတ်ပေသည်။ အချစ်၊ အလွမ်း အနုရသခံစားမှုကိုကား လူတိုင်း ကြိုက်တတ်ခြင်းမရှိ။ မိမိတွင် ဓာတ်ခံ ခံစားမှုရှိခဲ့ပါမှ စာနာနားလည်နိုင်ကြသည်။ ကိုယ်တိုင်ဖြတ်သန်း ကြုံတွေ့ရခြင်းမျိုး ဘဝ ခံစားချက်မရှိခဲ့သော်လည်း ကဗျာ၊ ဂီတ၊ ဝတ္ထု၊ ပြဇာတ်၊ ရုပ်ရှင်၊ ပန်းချီ စသော အနုပညာဖန်တီးမှုလက်ရာတို့နှင့်ကူးစက်ရရှိပြီး အနုပညာဓာတ်ခံ ရင့်သန်ဖွံ့ဖြိုးသူမျိုးဆိုလျှင်လည်း ရသအနုပညာ အချစ်၊ အလွမ်းကို အရသာ ခံစားရယူနိုင်လေသည်။ ❖

လက်စွမ်းပြနိုင်ကြပေသည်။ ဘဝတိုက်ပွဲများကြားတွင် ဘဝအမောအမျိုးမျိုးဖြင့် ရစ်ပတ်ရှုပ်ထွေးနေတတ်သော လူသားများမှာ ခံစားမှုအာရုံအပြောင်းအလဲကို တောင့်တတတ်မွတ်ကြသည်။

**အာရုံခံစားချက်**

ဘယ်နိုင်ငံက၊ ဘယ်လူမျိုး၊ ဘယ်မြို့၊ ဘယ်ဟိုတယ်မှာ ဘယ်လိုသရုပ်ဆောင်သူများနှင့် ဒါရိုက်တာ ဘယ်သူနှင့် ဘယ်ကုမ္ပဏီက ထုတ်လုပ်သူအဖြစ်၊ ဘာရည်ရွယ်ချက်နှင့် ရိုက်ကူးပြီး ယူကျုမှာ တင်လေသည်လဲ မသိပါ။ ဘာမှ မသိပါ။ ကြည့်သူပရိသတ်အဖြစ် လက်ကိုင်ဖုန်းလေးထဲ တွေ့ရာ ကြုံရာ ကြည့်မိသည်။ ခံစားရသည်။ အနုပညာဖန်တီးချက် လက်ရာကောင်းလေးတစ်ခုပဲ။ အတွေးကတော့ ရပ်မနေချေ။ စိတ်ထဲတွင် အလွမ်းဇာတ်များကို တန်းစီပြီး တစ်ခုပြီး တစ်ခု၊ တစ်ပုဒ်ပြီးတစ်ပုဒ်၊ တသီတတန်းကြီး စဉ်းစားမိလေတော့သည်။

၁။ အစောဆုံးကတော့ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၅၀၀ ဆီက ကပိလဝတ်ပြည် နန်းတော်ဆောင်ထဲက **ယသော်ဓယာ၏အလွမ်း**

၂။ **ရာမမင်းသား** ဂမ္ဘီရကြီးလူးမက ရွှေသမင်ယောင်ဆောင် လှည့်စားခေါ်ဆောင်ရာ လိုက်ပါမိပြီးမယ်သီတာကို ဒသဂီရိ ပန်းရထားဖြင့် ယူဆောင်သွားခြင်းခံရသော ချစ်သူချင်း ဝေးကွာခွဲခွာရခြင်း။

၃။ ပြဇာတ်ဆရာ ဝီလျံရှိတ်စပီးယား ဖန်တီးတင်ဆက်သော **ရိုမီယို နှင့် ဂျူလီယက်** အလွမ်းပြဇာတ်။

၄။ ကဗျာဆရာမင်းသုဝဏ် ဖွဲ့ဆိုသော **ရင်နင့်ဖွယ် နှင်းဆီပွင့် ကဗျာ** (ခရေပန်းကုံးလေးကို ကိုင်ရင်းငေးငိုင်ကြည့်နေရရှာသော လူရွယ်လေး)။

၅။ ဒါရိုက်တာ ရွှေဖုံးဘိအောင်က မင်းသားချောခင်မောင်ရင်ကို **ဗိုလ်အောင်ဒင်**အဖြစ်လူကြမ်းလူဆိုးကြီးအဖြစ်မှ မေမေဝင်း (မြမြဝင်းအဖြစ်)ကို ချစ်မိခဲ့ပြီး အဝေးကြီးဝေးရတော့မည်မို့ အဆွေးကြီး ဆွေးရရှာပုံ အလွမ်းခံစားချက်။

၆။ ၁၉၅၀-၁၉၆၀ ဆီက တက္ကသိုလ်ဘုန်းနိုင်ရေးခဲ့သည့် (မြဝတီမဂ္ဂဇင်းဝတ္ထုရှည်) **မုန်းရစ်လေဦးမှသည်** ဝတ်မှုံကူးစက်ပေါ်ထွက်လာသော စန္ဒရားလှထွတ် သီကုံးခဲ့သည့် **မုန်းရစ်လေဦးတေးသီချင်း** ရုပ်ရှင်နောက်ခံပင်မသီချင်းအဖြစ်မှ ကိုမင်းနောင် သာမက၊ စန္ဒရား လှထွတ်၊ စန္ဒရားချစ်ဆွေ၊ မာမာအေး၊ ချိုပြုံး၊ ခင်ညွန့်ရည်၊ စိုးစန္ဒာထွန်း၊ နီနီဝင်းရွှေ စသည့်အဆိုတော်ပေါင်းများစွာ၊

၇။ အဆိုတော်၊ တေးပြုစာဆိုမှ ရုပ်ရှင်မင်းသားအဖြစ်ရောက်ရှိစေခဲ့သော တွံတေးသိန်းတန် ရေးခဲ့သည့် **ထွေးညိုသီချင်း** နှင့် ရုပ်ရှင်၊ ချစ်ကြပါသော်လည်း ကွဲကွာရင်နာလွမ်းကြရပုံ၊

**အနုလက်ရာ**

စိတ်ထဲပေါ်ရာ အလွမ်းဖွဲ့အနုပညာရသ ဖန်တီးမှုခံစားသူများစွဲနစ်ခဲ့ကြရသည့် လက်ရာများကို ဖော်ပြခြင်းမျှသာ။ စာပေ၊ ဝတ္ထု၊ ကဗျာ၊ သဘင်၊ ပြဇာတ်၊ ရုပ်ရှင်၊ သီချင်းများ လွမ်းလောက်အောင် ဖမ်းစားနိုင်သော အရာများကား မရေမတွက်နိုင်အောင် ပေါ်ထွက်ခဲ့ပါပေသည်။

**ရိုမီယိုနှင့်ဂျူလီယက်**

ပြဇာတ်ရေးဆရာဝီလျံရှိတ်စပီးယား (၁၅၆၄-၁၆၁၆) အမည်ခံပြီး နောက်ကွယ်က အစစ်အမှန်ဖန်တီးရေးသားခဲ့သော ကလောင်ရှင်၊ **အမှတ်(၁၇) အောက်စဖို့ဒ် မြို့စားကြီး အက်ဒဝပ်ဒေဗရာ (၁၅၅၀-၁၆၀၄) (Adward de Vere)** ၏ လက်ရာ ရိုမီယိုနှင့် ဂျူလီယက်ပြဇာတ်ဆိုလျှင် နှစ်ပေါင်း ၄၀၀ ကာလကြာအတွင်း မင်းသား၊ မင်းသမီးပေါင်း စင်တင်ပြဇာတ်အဖြစ် သရုပ်ဆောင်ကပြခဲ့ကြသည်ပင် မရေမတွက်နိုင်ချေ။ ရုပ်ရှင်ဇာတ်ကားများအဖြစ်လည်း အမေရိကန်နိုင်ငံဟောလိဝုဒ်မှ သာမက ဗြိတိန်နိုင်ငံမှလည်း အကြိမ်ကြိမ် ရိုက်ကူးထုတ်လုပ်ခဲ့ဖူးသည်။ ပြင်သစ်၊ ဂျာမနီ စသော ဥရောပနိုင်ငံများမှလည်း ထိုအလွမ်းဇာတ် ရိုမီယိုနှင့် ဂျူလီယက်ကို ဇာတ်လမ်းမူရင်းပြဇာတ်အတိုင်း ဖြစ်စေ၊ ဆီလျော်အောင် မှီငြမ်းပြုပြင်ပြောင်းလဲ၍ ဖြစ်စေ၊ ရိုက်ကူးခဲ့ကြလေသည်။ ရုပ်ရှင်ဇာတ်ကားများသာမက အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားအသုံးများသောနိုင်ငံများတွင် ရှိတ်စပီးယား၏ (**ရိုမီယို နှင့်ဂျူလီယက်** အချစ်၊ အလွမ်းဇာတ်အပြင်) အခြားသော ဇာတ်လမ်းဇာတ်ကွက်များသည် လူ့သဘော လူ့သဘာဝကို ကောင်းစွာ ထင်ဟပ်နိုင်ကြသဖြင့် ဘာသာပြန်၍လည်းကောင်း၊ မှီငြမ်းပြု၍လည်းကောင်း စာအုပ်စာပေအနေဖြင့်လည်း ပြန့်နှံ့ရောက်ရှိကြလေသည်။ ရသ အနုပညာဖန်တီးမှုသည် ဤသို့ပင်ဝတ်မှုံကူးလျက်လေယူရာသွေး ပျံ့မွှေးကြိုင်လှိုင်တတ်သောသဘောပင်။

**ဆွဲဆောင်လှုံ့ဆော်**

ရသအနုပညာဖျော်ဖြေမှုတွင် လူများသည် ဝီရရသကို အားတက်စရာ၊ အားတင်းစရာ အခြေအနေမျိုးတွင် လိုလားတောင့်တကြသည်။ အသုံးချကြသည်။ လှုံ့ဆော်ကြသည်။ ဟဿရသအနုပညာကို ပျော်ရွှင်မြူးတူးလိုသော၊ ထက်သန်တက်ကြွလိုသော၊ ရယ်မောပေါ့ပါးလိုသော အခြေအနေ အချိန်အခါမျိုးတွင် အသုံးပြုကြသည်။ ဆိုင်းပွဲဇာတ်ပွဲတို့တွင် လူရွှင်တော်၊ လူပြက်၊ ဟာသ တင်ဆက်သူများ ပါဝင်ဖွဲ့စည်းလေ့ရှိပေသည် မဟုတ်ပေလား။

မြန်မာစာပေ၊ နိုင်ငံတကာစာပေ၊ ပုံပြင်၊ ဒဏ္ဍာရီများတွင်လည်း ရယ်စရာ၊ ရွှင်စရာ ကဗျာ၊ ဝတ္ထု၊ ပြဇာတ်များကို စာဖတ်သူများ နှစ်သက်အားပေးတတ်ပေသည်။ အချစ်၊ အလွမ်း အနုရသခံစားမှုကိုကား လူတိုင်း ကြိုက်တတ်ခြင်းမရှိ။ မိမိတွင် ဓာတ်ခံ ခံစားမှုရှိခဲ့ပါမှ စာနာနားလည်နိုင်ကြသည်။ ကိုယ်တိုင်ဖြတ်သန်း ကြုံတွေ့ရခြင်းမျိုး ဘဝခံစားချက်မရှိခဲ့သော်လည်း ကဗျာ၊ ဂီတ ၊ ဝတ္ထု၊ ပြဇာတ်၊ ရုပ်ရှင်၊ ပန်းချီ စသော အနုပညာဖန်တီးမှုလက်ရာတို့နှင့် ကူးစက်ရရှိပြီး အနုပညာဓာတ်ခံရင့်သန်ဖွံ့ဖြိုးသူမျိုး ဆိုလျှင်လည်း ရသအနုပညာ အချစ်၊ အလွမ်းကို အရသာ ခံစားရယူ နိုင်လေသည်။

**ဇာတ်သဘင်**

မျက်မှောက်ခေတ်သဘင် ၊ ဂီတ၊ လောက၏ အနုပညာရေစီးကြောင်းအရ **မင်္ဂလာဦးအောင်မောင်း** ၏ ပန်းပဲမောင်တင့်တယ် ဇာတ်ကို ကြည့်၍ ငိုယိုကြရသော ပွဲကြည့်ပရိသတ်ခေတ်လည်း မဟုတ်တော့ပေ။ **ဂရိတ်ဦးဖိုးစိန်**၏ **ပဋ္ဌာကျရား** မင်းသားနှင့် ပုဂံခေတ် သမီးတော်ရွှေအိမ်စည်တို့၏ အချစ်၊ အလွမ်းဇာတ်ထုတ်ကြည့်ကာ မျက်ရည်ကျရသော ပရိသတ်လည်း မရှိတော့ပေ။

**အလွမ်း**

**ဝဏ္ဏကျော်ထင်စိန်အောင်မင်း**၏ ဗျတ်ဝိနှင့် သုဝဏ္ဏဘုမ္မိ၊ ပုဂံခေတ်က မြို့ဝန်သမီး မအိုဇာတို့၏ ကြေကွဲဖွယ်ရာ အချစ်၊ အလွမ်းဇာတ်ထုပ်မှာ အသတ်မခံရခင် **ကွမ်းတစ်ယာ ရေတစ်မှုတ်** နဲ့ အစွမ်းရှိခဲ့သမျှ ဇော်ဂျီဖိုလ်ဝင်သားစားခဲ့ပြီး အားမာန်ရှိခဲ့သမျှ အညွှံ့ခံအရှုံးပေးပါပြီ။ ဓားနှင့်ထိုးသော်လည်း ဓားကျိုး လှံနှင့်စိုက်သော်လည်း လှံသွားကြွေသည့် ကာယသိဒ္ဓိတွေ ပျောက်ကွယ်အောင် စိတ်လျှော့လိုက်ပါပြီဟု မင်းသားစိန်အောင်မင်းက ငိုချင်းချလေသောအခါ ပွဲကြည့်ပရိသတ်အားလုံးလည်း မျက်ရည်နှင့် မျက်ခွက် တရွှဲရွှဲပင် ငိုယိုနေမိကြလေသော အခြေအနေ။ မြို့တစ်မြို့မှာတော့ ဇာတ်ပစ္စည်းကြိုတင်ပြင်ဆင်သူ နေထိုင်မကောင်းဖြစ်နေသဖြင့် အလွမ်းခန်း၌

စာမျက်နှာ ၂၇ သို့ ➤

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့



**ဘိုကလေး ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ပြီးခဲ့သည့် မေလအတွင်းက ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးမြွေထိုးခြောက် ပိဿာချိန် ၇၇၀၀၀ ထိသာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးမြွေထိုးခြောက် ပိဿာချိန် ၉၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမြွေထိုးခြောက်များကို ရန်ကုန်တိုင်းဒေသကြီးမှ ဝယ်ယူမှုများပြားနေခြင်းကြောင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"ငါးမြွေထိုးခြောက်က ဇွန်လ ပထမပတ်လောက် ကတည်းက ရန်ကုန်ဈေးကွက်ကို တင်ပို့မှု ကောင်းမွန်ခဲ့တာပါ။ တစ်လအတွင်း ငါးမြွေထိုးခြောက် ပိဿာချိန် ၉၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့တာဖြစ်ပါတယ်။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဘိုကလေး ဒေသခံတွေရဲ့ ဒေသစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အခုလို ငါးခြောက်တွေ မှာယူမှုများလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်း နယ်ပယ်အသီးသီးက အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတွေလဲ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးမြွေထိုးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၂၅၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှငါးမြွေထိုးခြောက်များ ပိုမိုတင်ပို့ ရောင်းချနေရခြင်းကြောင့် ငါးခြောက်လုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ငါးခြောက်အရောင်းအဝယ်လုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း ဘိုကလေးမြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပိုင်ရှင် ဒေါ်သီရိထံမှ သိရသည်။ **ကျော်ကျော်လင်း**

# ဘားအံမြို့နယ်၌ ကျောက်ကလပ်ကန်ပတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဘားအံ ဇူလိုင် ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ကလပ်ကန်ပတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၃၀ ရက် နံနက်ပိုင်းက ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ခင်ဇာဝင့်၊ ဘားအံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖော်အွာနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ကျောက်ကလပ်ကန်ပတ်လမ်း ကွန်ကရစ်လမ်းသည် အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ လမ်းဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုငွေကျပ် ၁၃၂ ဒသမ ၉၇၅ သန်းဖြင့် တင်ဒါ အောင်မြင်သော မြသမီးတော်ကုမ္ပဏီမှ ၂၀၂၄ ခုနှစ် ဇွန်လ ဒုတိယပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၅၅ ရာခိုင်နှုန်းခန့်ပြီးစီး ပြီဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်ထံမှ သိရသည်။

**ကိုသက်**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၂၆၄၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၂၆၄၈ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ကေ ၂၇၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၆၄၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပီလောပီနံ ကေ ၂၇၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၆၄၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီစွာစိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်။ ဒေသခံတွေ စီးပွားရေးအခွင့်အလမ်းတွေ ကောင်းလာစေဖို့နဲ့ ဒေသစိုက်ပျိုးထုတ်ကုန်တစ်ခု တိုးလာစေဖို့အတွက် စိုက်ပျိုးနေကြတာဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မာမာဦးက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မြို့နယ်အလိုက် ပီလောပီနံစိုက်ပျိုးပြီးစီးမှုအနေဖြင့် လဟယ်မြို့နယ်တွင် ၁၁၉ ကေ၊ ထန်ပါခွေမြို့နယ်တွင် ၂၁ ကေ၊ နန်းယွန်းမြို့နယ်တွင် ၉၃၂ ကေ၊ ဒုံဟီးမြို့နယ်တွင် ၉၂၇ ကေနှင့် ပန်ဆောင်မြို့နယ်တွင် ၆၄၉ ကေ စုစုပေါင်း ၂၆၄၈ ကေတို့ဖြစ်သည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၅၅ ကေ၊ လဟယ်မြို့နယ်တွင် ကေ ၁၃၀၊ ထန်ပါခွေမြို့နယ်တွင် ၂၅ ကေ၊ နန်းယွန်းမြို့နယ်တွင် ကေ ၉၄၀၊ ဒုံဟီးမြို့နယ်တွင် ကေ ၉၄၀ နှင့် ပန်ဆောင်မြို့နယ်တွင် ကေ ၆၆၀ စုစုပေါင်း ကေ ၂၇၅၀ တို့ဖြစ်ကြောင်း သိရသည်။

ပီလောပီနံစိုက်ပျိုးရာတွင် စတင်စိုက်ပျိုးသည့်အချိန်မှစ၍ သုံးလ သို့မဟုတ် လေးလခန့်အကြာတွင် ပြန်လည်တူးဖော်ရောင်းချကြပြီး အဆိုပါဒေသမှထွက်ရှိသည့် ပီလောပီနံများကို အခြားမြို့နယ်များသို့ တင်ပို့ရောင်းချကြကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မာမာဦးထံမှ သိရသည်။ (၂၀၆)

# လှည်းကူးမြို့နယ် ကမာနီဗွာန်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီ ဖွဲ့စည်း

**လှည်းကူး ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်းဆောင်ရွက်မည့် ကမာနီဗွာန်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၃၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက စီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

လှည်းကူးမြို့နယ် ကမာနီဗွာန်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း Type-1 အဖြစ် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၃၀၀ မတည်ပေးသွားမည်ဖြစ်ပြီး အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေအား ကျေးရွာသူ၊ ကျေးရွာသားများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အထွေး**

➤ **စာမျက်နှာ ၂၆ မှအဆက်**

မင်းသမီး မအိုဇာက မင်းသား လူစွမ်းကောင်း ဗျတ်ဝိကို ရေတိုက်ရမည့် **အုန်းမှုတ်ခွက်အရိုးတပ်**ကို ဘယ်လိုဘယ်လိုမှ ရှာလို့ မရ။ တတ်နိုင်သမျှ ဒန်ဖလား ရေချိုးခွက်ပိန်ပိန်ရှုံ့ရှုံ့ကိုသာ မသေခင် တိုက်သော ရေတစ်မှုတ် အဖြစ် ပိတ်ကားကြားထဲက လှမ်းပေးရလေသည်။

**ညို့ငင်ဖမ်းစား**

တကယ်တော့ သေခါနီးမင်းသားနှင့် အလွမ်းသယ်နေသော မင်းသမီးတို့ **ကွမ်းတစ်ယာ ရေတစ်မှုတ်** ပေးကာ ကျေနပ်နှုတ်ဆက်ပြီး ဘဝခြားအောင် ခွဲခွာကွဲကွာကြရာမှာ ရေတစ်မှုတ်မဟုတ်ဘဲ ဖလားစုတ်ကြီး (တွေ့ရာယူလာပေးရခြင်း) ဇာတ်လမ်းအရှိန်အမြင့်ဆုံးအချိန်မှာ ငိုယိုနေကြသော ပရိတ်သတ်အတွက် ရုတ်တရက် ငိုနေရာမှ ရယ်စရာပြုံးစရာဖြစ်ပါသော်လည်း သတိမထားမိ(သဘင်အနုပညာ ညို့ငင်ဖမ်းစားထားနိုင်ပုံကား အံ့အားသင့်စရာပင်) မင်းသားနှင့် မင်းသမီးငိုယိုရင်းသာ အားလုံးသောပွဲကြည့်ပရိသတ်လည်း ရောယောင်ငိုကြရင်း အလွမ်းအရသာဖြင့် ထိုညသည် မိုးလင်းသွားလေသတည်း။ ကောင်းလေစွ။

(ဒန်ဖလားအစုတ်ကြီးကို ရေတစ်မှုတ်အဖြစ်သာ မြင်နေမိသော ပွဲကြည့်ကလေးငယ်တစ်ယောက်ဖြစ်ခဲ့သူ စိတ်ပညာ ကထိက ဆရာကြီး ဦးအုန်းဖေ၊ ငသိုင်းချောင်းမြို့ဇာတိ၏ ကိုယ်တွေ့ပြောပြချက်)

**နိဂုံး**

ရသအနုပညာ လှည့်စားဆွဲဆောင်၍ ညို့ငင်ဖမ်းစားချက်များသည် ပရိသတ်ကို ငိုအောင်၊ ရယ်အောင်၊ စိတ်ပျက်အောင်၊ စိတ်ဓာတ်တက်ကြွအောင် အစွမ်းသတ္တိကြီးမားလှပါဘိသည်။ အလွမ်းဓာတ်ခံရှိခဲ့မိလေသလားမသိ။ မိမိလည်း အနုပညာရှင်က အလွမ်း၊ အဆွေးရသလှို့ဆော်လိုက်လျှင် အလွယ်တကူပင် မျက်ရည်ဝိုင်းချင်မိတော့သည်။

# ဘိုင်ဒင်၏ရွေးကောက်ပွဲအိပ်မက်ကို ခြိမ်းခြောက်လျက်ရှိသော အစ္စရေး-ဟစ်ဇ်ဘိုလာပဋိပက္ခ

အစ္စရေးနိုင်ငံအနေဖြင့် ဟစ်ဇ်ဘိုလာနှင့်အထူး စစ်ဆင်ရေးဆင်နွှဲရန်အသင့်ရှိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထိုသို့ ပဋိပက္ခဖြစ်ပွားလာမည်ဆိုလျှင် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ ၂၀၂၄ ခုနှစ် ရွေးကောက်ပွဲ၌ အောင်မြင်မှုရနိုင်ခြေသည် နည်းပါးလျက်ရှိသည်။

ဟစ်ဇ်ဘိုလာအဖွဲ့သည် အစ္စရေးနိုင်ငံ Haifa ဆိပ်ကမ်းအပါအဝင် စစ်ဘက်နှင့် အရပ်ဘက်နေရာများကို ဒရုန်းဖြင့်တိုက်ခိုက်သွားမည့် ဗီဒီယိုဖိုင်ကို ထုတ်ပြန်ခဲ့ပြီးနောက် လက်ဘနွန်နိုင်ငံရေးပါတီနှင့် စစ်သွေးကြွအုပ်စုဖြစ်သည့် ဟစ်ဇ်ဘိုလာအဖွဲ့ကို အထူးစစ်ဆင်ရေးဆင်နွှဲသွားရန် နီးကပ်လာပြီဖြစ်ကြောင်း အစ္စရေးတို့က ပြောကြားသွားသည်။

အစ္စရေးနိုင်ငံက ၎င်းတို့အနေဖြင့် လက်ရှိအချိန်တွင် ဟစ်ဇ်ဘိုလာကို အထူးစစ်ဆင်ရေးဆင်နွှဲရန် အစီအမံများအတည်ပြုထားပြီးဖြစ်ကြောင်း လူသိရှင်ကြား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ လက်ဘနွန်သည် အစ္စရေး၏ နယ်စပ်တွင်တည်ရှိနေပြီး နှစ်နိုင်ငံသည် ပဋိပက္ခနှင့် တင်းမာမှုဖြစ်ပေါ်သည့် ရှည်လျားသောသမိုင်းကြောင်း ရှိနေပြီး မကြာသေးမီလများအတွင်းကပင် တင်းမာမှုများ ပိုမိုမြင့်တက်လာလျက်ရှိသည်။


အစ္စရေးနိုင်ငံ၏ အထူးစစ်ဆင်ရေးအရှိန်မြှင့်တင်ဆောင်ရွက်လာမှုသည် ရွေးကောက်ပွဲမတိုင်မီ အမေရိကန်သမ္မတ သမ္မတဂျိုးဘိုင်ဒင်အပေါ် ပြင်းထန်သောထိုးနှက်ချက်ပင်ဖြစ်သည်။ အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခသည် ဒီမိုကရက်တို့အပေါ် ထောက်ခံမှုကျဆင်းလျက်ရှိပြီး သမ္မတဂျိုးဘိုင်ဒင်အနေဖြင့် အရှေ့အလယ်ပိုင်းအခြေအနေကိုင်တွယ်ဖြေရှင်းရာတွင် မှားယွင်းလျက်ရှိကြောင်း ဘက်ပေါင်းစုံမှ စွပ်စွဲခံနေရသည်။ ဒေသတွင်းအကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုမြင့်တက်လာမည်ဆိုလျှင် သမ္မတဂျိုးဘိုင်ဒင်အပေါ် ဖိအားများ ပိုမိုဖြစ်ပေါ်လာစေမည်ဖြစ်ပြီး ၎င်းအနေဖြင့် အမေရိကန်သမ္မတရွေးကောက်ပွဲမတိုင်မီ ထိုသို့ဖြစ်ပွားလာမည်ကို မလိုလားပေ။

သမ္မတဂျိုးဘိုင်ဒင်အပေါ် ထောက်ခံမှုကျဆင်းလာခြင်းသည် ဒေါ်နယ်ထရန့်သမ္မတဖြစ်လာမည်ကို ရှောင်ရှားလိုသည့် အမျိုးသားခေါင်းဆောင်များကို စိုးရိမ်ပူပန်မှုဖြစ်ပေါ်လာစေနိုင်ပြီး ယူကရိန်းအထူးစစ်ဆင်ရေး၏ဆိုးကျိုးကိုလည်း ခံစားလာရတော့မည်ဖြစ်သည်။ သမ္မတဂျိုးဘိုင်ဒင်သည် အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေး ရှုပ်ထွေးသောအခြေအနေအတွင်း၌ နည်းလမ်းရှာဖွေရလျက်ရှိသော်လည်း အမေရိကန်အနေဖြင့် အစ္စရေးဘက်၌ အမြဲရပ်တည်သွားဖွယ်ရာရှိကြောင်း မျှော်မှန်းထားရှိသည်။

သမ္မတဂျိုးဘိုင်ဒင်သည် အစ္စရေးနိုင်ငံကိုလက်နက်ပံ့ပိုးမှုအတွက် ဖိအားပေးခံရလျက်ရှိပြီး ၎င်းကိုင်တွယ်ဖြေရှင်းမှုနည်းလမ်းအပေါ် ပြည်သူများက ရှုတ်ချလျက်ရှိသည့်အပြင် တက္ကသိုလ်များတွင်လည်း အရှေ့အလယ်ပိုင်းပဋိပက္ခကို ထောက်ခံလျက်ရှိသည့် အမေရိကန်အစိုးရအပေါ် ဆန့်ကျင်ကန့်ကွက်ဆန္ဒထုတ်ဖော်မှုများဖြစ်ပွားခဲ့သည်။ နိုင်ငံတကာတရားရုံး၌ အစ္စရေးကို လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြင့် တရားစွဲဆိုခဲ့ပြီးနောက် သမ္မတဂျိုးဘိုင်ဒင်အပေါ် ဖိအားပေးမှုများပိုမိုမြင့်တက်လာခဲ့သည်။ လက်ရှိအခြေအနေသည် မည်သည့်သမ္မတကမျှ မလိုလားသောအခြေအနေမျိုးပင်ဖြစ်သည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား တင်းမာမှုကို သီးခြားပြဿနာတစ်ရပ်အဖြစ် ရှုမြင်၍ရမည်မဟုတ်ချေ။ အမေရိကန်တို့အနေဖြင့် အစ္စရေး၏နိုင်ငံခြားရေးမူဝါဒနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှု ပိုမိုမြင့်တက်လာလျက်ရှိပြီး ရပ်တည်ချက်ရွေးချယ်သွားရတော့မည်ဖြစ်သည်။ အဆိုပါအခြေအနေသည် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခနှင့်စပ်လျဉ်း၍ အမေရိကန်တို့ အချေအတင်ဆွေးနွေးနေရမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်လာတော့မည်ဖြစ်သည်။ အစ္စရေး-ဟစ်ဇ်ဘိုလာပဋိပက္ခသည် ဇွန် ၂၇ ရက်တွင်ပြုလုပ်မည့် သမ္မတရွေးကောက်ပွဲအကြိုစကားစစ်ထိုးပွဲ၌ အဓိကခေါင်းစဉ်တစ်ရပ်ဖြစ်လာနိုင်ပေသည်။





အမေရိကန်အနေဖြင့် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာကြား ငြိမ်းချမ်းမှုထိန်းသိမ်းနိုင်ရေးကြိုးပမ်းလျက်ရှိပြီး အပစ်အခတ်ရပ်စဲနိုင်ရေး သံခင်းတမန်ခင်းအဖြေတစ်ရပ်ရှာဖွေလျက်ရှိသည်။ အစ္စရေးနိုင်ငံအတွက် အမေရိကန်၏ ပံ့ပိုးကူညီမှုတိုးမြှင့်ပေးအပ်သွားလိုသူများသည် ငြိမ်းချမ်းရေးဆွေးနွေးမှုအပေါ် စိတ်အနှောင့်အယှက်ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ ၎င်းတို့က ထိုသို့ဆွေးနွေးခြင်းသည် ဟစ်ဇ်ဘိုလာနှင့် အီရန်ကို မျက်နှာသာပေးသည့်လုပ်ရပ်ဖြစ်သည်ဟု ပြောဆိုလျက်ရှိသည်။

သမ္မတဂျိုးဘိုင်ဒင်အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးရန်ကြိုးပမ်းခြင်းမရှိဘဲ အစ္စရေးနိုင်ငံသို့ စစ်ရေးအကူအညီများထပ်မံပေးအပ်သွားမည်ဆိုလျှင် နေတန်ယာဟုအစိုးရအပေါ် မထောက်ခံသည့် အမေရိကန်မဲဆန္ဒရှင်များ၏ ဆန္ဒမဲကိုလက်လွတ်ဆုံးရှုံးရမည်ဖြစ်သည်။ သမ္မတဂျိုးဘိုင်ဒင်အနေဖြင့် ငြိမ်းချမ်းရေးစာချုပ်လက်မှတ်ရေးထိုးနိုင်ခြင်း သို့တည်းမဟုတ် အစ္စရေးတို့အနေဖြင့် အကြွင်းမဲ့ပဋိပက္ခဆင်နွှဲခြင်းမရှိသည့်တိုင်အောင် အရှေ့အလယ်ပိုင်းအခြေအနေသည် သမ္မတဂျိုးဘိုင်ဒင်၏ ရွေးကောက်ပွဲအခွင့်အလမ်းကို နည်းပါးစေလျက်ရှိသည်။ အကြောင်းမှုကား အစ္စရေးအရေးနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများကြီးထွားလာလျက်ရှိပြီး အချို့သောဒေသများတွင် ဂျိုးဘိုင်ဒင်ကို ထောက်ခံမှုကျဆင်းနေပြီဖြစ်သည်။

အရှေ့အလယ်ပိုင်းအရေးနှင့်စပ်လျဉ်း၍ သမ္မတဂျိုးဘိုင်ဒင်၏ တုံ့ပြန်ဆောင်ရွက်မှုသည် ဒီမိုကရက်ပါတီနှင့် ၎င်း၏ ဆက်ဆံရေးအတွက် အလွန်အမင်းအခက်အခဲဖြစ်နေမည်ဖြစ်သည်။ ဒီမိုကရက်ပါတီသည် အစ္စရေးအရေးနှင့်စပ်လျဉ်း၍ နှစ်ခြမ်းကွဲနေပြီး အစ္စရေး-ဟစ်ဇ်ဘိုလာပဋိပက္ခသည် အဆိုပါအကွဲအပြဲကို ပိုမိုကြီးထွားလာစေမည်ဖြစ်သည်။

ရွေးကောက်ပွဲမတိုင်မီ သမ္မတလောင်းများ နောက်ဆုံးလုပ်ဆောင်ရန်လိုအပ်ချက်သည် ၎င်းတို့ပါတီအပြင် ပြည်သူများ၏ ထောက်ခံချက်လည်း လိုအပ်လျက်ရှိသည်။ အစ္စရေး-ဟစ်ဇ်ဘိုလာပဋိပက္ခသည် ဒီမိုကရက်ပါတီကြား နိုင်ငံရေးဆိုင်ရာအငြင်းပွားမှုများ ပိုမိုပြင်းထန်လာဖွယ်ရာရှိပြီး သမ္မတဂျိုးဘိုင်ဒင်သည် ၎င်း၏နောက်တွင် ထောက်ခံမှုနည်းသည့် အုပ်စုဖြင့်သာ ရွေးကောက်ပွဲဝင်ရဖွယ်ရှိနေသည်။

မည်သို့ပင်ဆိုစေ အဆိုပါကိစ္စသည် ပြည်တွင်းရေးပြဿနာသက်သက်မဟုတ်သည့်အပြင် နိုင်ငံတကာပြဿနာလည်းဖြစ်လာနိုင်ပေသည်။ အစ္စရေးသည် လက်ရှိအချိန်တွင် နိုင်ငံတကာ နိုင်ငံရေးအာဂျင်ဒါတွင် အရေးပါသောပြဿနာများအနက် တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ အမေရိကန်မဲဆန္ဒရှင်များအပြင် နိုင်ငံတကာကလည်း သမ္မတဂျိုးဘိုင်ဒင်အပေါ် ပြစ်တင်ဝေဖန်မှုများ လုပ်ဆောင်လာလျက်ရှိသည်။

သမ္မတဂျိုးဘိုင်ဒင်အနေဖြင့် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာအရေးကိုကိုင်တွယ်ဖြေရှင်းရာတွင် အခြားသောနိုင်ငံများ၏ထောက်ခံမှုမရရှိလျှင် ၎င်း၏စွမ်းဆောင်ရည်အပေါ် ယုံကြည်အားထားရမှုကျဆင်းလာဖွယ်ရာရှိနေသည်။ သမ္မတဂျိုးဘိုင်ဒင်အနေဖြင့် အရှေ့အလယ်ပိုင်းအရေးဖြေရှင်းနေမှုနှင့်စပ်လျဉ်း၍ အခြားသောနိုင်ငံ့ခေါင်းဆောင်များကို စည်းရုံးနိုင်စွမ်းမရှိလျှင် အမေရိကန်မဲဆန္ဒရှင်များကိုလည်း စည်းရုံးသိမ်းသွင်းနိုင်မည်မဟုတ်ချေ။

လက်ရှိအချိန်တွင် သမ္မတဂျိုးဘိုင်ဒင်အနေဖြင့် ဟစ်ဇ်ဘိုလာပြဿနာကို ကိုင်တွယ်ဖြေရှင်းရေးသည် ရွေးကောက်ပွဲ၌ ဒေါ်နယ်ထရန့်ကို ယှဉ်ပြိုင်ရာတွင် ပြဿနာတစ်ရပ်အဖြစ် တည်ရှိလျက်ရှိသည်။ ရီပတ်ဘလစ်ကန်ပါတီအနေဖြင့်လည်း အစ္စရေးအရေးနှင့် စပ်လျဉ်း၍နှစ်ခြမ်းကွဲလျက်ရှိသည်။ သို့သော်အဆိုပါအခြေအနေသည် ရွေးကောက်ပွဲ၌ ဒေါ်နယ်ထရန့်အပေါ် သက်ရောက်မှုအနည်းငယ်လောက်သာရှိနိုင်ပေသည်။ အဆိုပါပြဿနာသည် ဒေါ်နယ်ထရန့်အတွက် ရွေးကောက်ပွဲအနိုင်ရရှိရန် အကြောင်းရင်းတစ်ရပ်ဖြစ်လာနိုင်ပေသည်။

ဒေါ်နယ်ထရန့်သည် အစ္စရေးကိုအမာခံထောက်ခံသူဖြစ်ပြီး ၎င်းကိုထောက်ခံသူများနှင့် အစ္စရေးလိုလားသူမဲဆန္ဒရှင်များက အစ္စရေးအရေးကို ကိုင်တွယ်ဖြေရှင်းပေးရန် မကြာခဏတောင်းဆိုလျက်ရှိသည်။ ထို့ကြောင့် အရှေ့အလယ်ပိုင်းအရေးသည် ရွေးကောက်ပွဲ၌ ဒေါ်နယ်ထရန့်အပေါ် သက်ရောက်မှုအနည်းငယ်လောက်သာရှိနိုင်ပေသည်။ ဒေါ်နယ်ထရန့်၏ ပြတ်သားသောရပ်တည်ချက်သည် ထိရောက်မှုရှိသောခေါင်းဆောင်အဖြစ် ရှုမြင်စေသည်။

အစ္စရေးနှင့်စပ်လျဉ်း၍ ၎င်း၏ရပ်တည်ချက်အပေါ် လူတချို့က ပြစ်တင်ဝေဖန်မှုများရှိနိုင်သော်လည်း ၎င်းအနေဖြင့် လိုလားချက်ကိုတော့ အနည်းဆုံးသိရှိသဘောပေါက်ထားသည်။ သမ္မတဂျိုးဘိုင်ဒင်နှင့် ယှဉ်ပြိုင်မည်ဆိုလျှင် ဒေါ်နယ်ထရန့်သည် သမ္မတဖြစ်လာရန်အလားအလာပိုကောင်းလျက်ရှိသည်။ သမ္မတဂျိုးဘိုင်ဒင်သည် အစ္စရေးနှင့်စပ်လျဉ်း၍ အကျပ်အတည်းတွေ့နေပြီး ၎င်းကို သမ္မတမဖြစ်ထိုက်ကြောင်း အကြိမ်ကြိမ်စွပ်စွဲပြောဆိုလျက်ရှိသည်။

အစ္စရေးနှင့်ဟစ်ဇ်ဘိုလာကြား တင်းမာမှုသည် ဒေါ်နယ်ထရန့်အတွက် ပြိုင်ဘက်ကိုထိုးနှက်တိုက်ခိုက်နိုင်မည့် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံရေးအခြေအနေသည် မဲဆန္ဒရှင်များကို ယိမ်းယိုင်စေမည်ဖြစ်ပြီး ထိုသို့ဖြစ်ပွားလာမည်ဆိုလျှင် ဒေါ်နယ်ထရန့်၏ ထောက်ခံသူများအတွက် သမ္မတဂျိုးဘိုင်ဒင်၏ အားနည်းချက်ကိုထောက်ပြရန် အခွင့်အလမ်းတစ်ရပ်ထပ်မံဖြစ်ပေါ်လာစေမည်ဖြစ်သည်။

ဆိုရလျှင် အစ္စရေးက ဟစ်ဇ်ဘိုလာကို တိုက်ခိုက်သွားမည်ဆိုလျှင် နိုဝင်ဘာလအတွင်းကျင်းပမည့် ရွေးကောက်ပွဲများ၌ သမ္မတဂျိုးဘိုင်ဒင်၏အိပ်မက်ပျက်စီးစေနိုင်ကြောင်း သုတေသီများက ရေးသားပြောဆိုလျက်ရှိသည်။ အစ္စရေးနှင့်ဟစ်ဇ်ဘိုလာတို့ ပဋိပက္ခဖြစ်လာမည်ဆိုလျှင် အစ္စရေးတို့အနေဖြင့် ရေရှည်ရပ်တည်နိုင်မည်မဟုတ်ကြောင်းနှင့် အမေရိကန်အနေဖြင့်လည်း ပဋိပက္ခအတွင်း ပါဝင်လာရနိုင်ခြေရှိကြောင်း လေ့လာသူများက ပြောဆိုလျက်ရှိသည်။ အစ္စရေးနှင့် ပါလက်စတိုင်းကြားဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခမှာပင်လျှင် ဒီမိုကရက်များအပေါ် ထောက်ခံမှုကျဆင်းလျက်ရှိသည်။ ထို့ပြင် အရှေ့အလယ်ပိုင်းအရေးကို ကောင်းမွန်စွာကိုင်တွယ်နိုင်စွမ်းမရှိသော သမ္မတဂျိုးဘိုင်ဒင်အပေါ် ဝေဖန်မှုများမြင့်တက်လျက်ရှိသည်။ စစ်တမ်းများအရ အစ္စရေး-ပါလက်စတိုင်းအရေးနှင့် စပ်လျဉ်း၍ သမ္မတဂျိုးဘိုင်ဒင်၏ ကိုင်တွယ်မှုအပေါ် မထောက်ခံသူ ၆၀ ရာခိုင်နှုန်းထိ ရှိသည်ဟုဆိုသည်။ ထို့ကြောင့် အစ္စရေးတို့အနေဖြင့် ဟစ်ဇ်ဘိုလာတို့ကို အထူးစစ်ဆင်ရေးဆင်နွှဲသွားမည်ဆိုလျှင် လက်ရှိအရှေ့အလယ်ပိုင်းအရေးကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိသော သမ္မတဂျိုးဘိုင်ဒင်၏ ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိရေးအိပ်မက်သည် ပျက်စီးသွားဖွယ်ရာရှိနေသည်။

**ကိုးကား**

- **Israel's Hezbollah war threat hurts Biden more than Trump by Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# စာရိတ္တမဏ္ဍိုင်ခိုင်မြဲဖို့ ကျင့်ဝတ်တံတိုင်းတည်ဆောက်စို့

**လင်းလက်**

**မြတ်သောဘဝ**

သတ္တဝါတို့ ကျင်လည်ကျက်စားရာ ၃၁ ဘုံတွင် လူ့ဘုံသည် အမြင့်မြတ်ဆုံးဖြစ်သည်။ အမှား၊ အမှန်၊ အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးတို့ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့် အတတ်ပညာကို တတ်မြောက်နိုင်စွမ်းရှိကြသည်မှာ လူသားများပင်ဖြစ်သည်။ သတ္တဝါများတွင် ဉာဏ်ပညာအမြင့်မားဆုံးနှင့် အမြင့်မြတ်ဆုံးသောဘဝကို ပိုင်ဆိုင်ထားကြသည့် လူသားများသည် မိမိတို့ထက် ခွန်အားအဆမတန်ကြီးမားသောဆင်ကဲ့သို့ သတ္တဝါများကိုပင် မိမိတို့အလိုရှိရာသို့ စည်းရုံးသိမ်းသွင်းခိုင်းစေနိုင်သည့် အစွမ်းသတ္တိကို ပိုင်ဆိုင်ထားကြသည်။ အတိတ်ကံကောင်း၍ လွန်စွာရခဲလှသောလူ့ဘဝတွင် လူအဖြစ်ကိုရရှိလာချိန်အခိုက်အတန့်ကာလ၌ လူသားဆန်စွာ၊ လူပီသစွာ လူ့ကျင့်ဝတ်စည်းကမ်းများကို တန်ဖိုးထားနေထိုင်ကြရမည်မှာ တန်ဖိုးရှိသော၊ မြင့်မြတ်သောဘဝကို ပိုင်ဆိုင်ထားကြသည့် လူသားတိုင်း၏ အဓိကတာဝန်ပင်ဖြစ်သည်။

သက်ရှိသတ္တဝါအားလုံးအနေဖြင့် အသက်ရှင်ရပ်တည်နေထိုင်နိုင်ရေးအတွက် ပဓာနလိုအပ်ချက်သည် အစားအစာပင်ဖြစ်သည်။ အဟိတ်တိရစ္ဆာန်များအတွက်မူ အသားစားသတ္တဝါများက ကြီးနိုင်ငယ်ညှဉ်းမူဝါဒဖြင့် ဇာတ်တူသားပါမကျန်စားသောက်၍ အသက်ရှင်နေထိုင်ကြသည်။ အသီးအရွက်စားသတ္တဝါများကလည်း သဘာဝအလျောက်ပေါက်ရောက်သည့် သို့မဟုတ် လူတို့စိုက်ပျိုးထားသည့် သစ်ပင်ပန်းမန်၊ သစ်သီး၊ သစ်ဉသစ်ဖုများကို ရှာဖွေစားသောက်ကြသည်။ အသက်ရှင်သန်ရေးအတွက် အစားအသောက်ရှာဖွေ စားသောက်ရာတွင် မည်သည့်နည်းလမ်းဖြင့် မည်ကဲ့သို့ ရှာဖွေစားသောက်ရမည်ဆိုသည့် သတ်မှတ်ချက်များ မရှိပေ။ မိမိအသက်ရှင်သန်ရေးသည်သာ အဓိကဖြစ်သဖြင့် ဇာတ်တူသားပါမကျန်စားသောက်၍ အသက်ရှင်သန်ကြသည်။

**မြတ်သော အသက်မွေးမှု**

ကျင့်ဝတ်တရားများကို တန်ဖိုးထားကာ ရှင်သန်ရပ်တည်ကြရသည့် လူသားများအနေဖြင့် အသက်ရှင်သန်ရေးအတွက် ပဓာနလိုအပ်ချက်ဖြစ်သည့် အစားအစာရရှိရေးအတွက် သမာအာဇီဝဖြင့် ကိုယ်တိုင်ကြိုးစားအားထုတ်ရှာဖွေစားသောက်ကြရသည်။ ဝင်ငွေရသော အလုပ်တစ်ခုကို လုပ်ကိုင်၍ ထိုအလုပ်မှရရှိသော ဝင်ငွေဖြင့် "စား၊ ဝတ်၊ နေရေး" ဆိုသည့် အရေးသုံးပါးကို ရင်ဆိုင်ဖြေရှင်းကြရသည်။ မိမိအသက်ရှင်သန်ရေးအတွက် ဝင်ငွေရှာဖွေကြရသည်မှာ ဓမ္မတာပင်ဖြစ်သော်လည်း သမာအာဇီဝဖြင့် အသက်မွေးဝမ်းကျောင်းပြုရန်မှာ လူ့ဘဝ၏ အခြေခံစည်းမျဉ်းတစ်ခုပင်ဖြစ်သည်။ လူသားဆန်စွာ၊ လူပီသစွာ တစ်ပါးသူများ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမရှိဘဲ အသက်ရှင် ရပ်တည်နေထိုင်ကြသူများ၏ ဂုဏ်သတင်းသည် လောကအလယ်တွင် အစဉ်ထာဝရ မွှေးပျံ့နေမည်ဖြစ်သည်။

**ကုသိုလ်လည်းရ ဝမ်းလည်းဝ**

ဘဝကံအကျိုးပေးနှင့် ကြိုးစားအားထုတ်မှုတို့အပေါ် မူတည်၍ ဘဝနယ်ပယ်အတွင်း လျှောက်လှမ်းကြသည့်အချိန်တွင် အသက်မွေးဝမ်းကျောင်းပြုရသည့်ပုံစံချင်းကမတူညီကြပေ။ ဆရာဝန်၊ အင်ဂျင်နီယာ စသည်ဖြင့် ဉာဏ်ပညာကို အခြေခံပြီး အသက်မွေးရသူများရှိသကဲ့သို့ ကာယအားကိုး၍ လုပ်အားဖြင့် ကြိုးစားရုန်းကန်နေကြရသူများလည်းရှိသည်။ မည်သည့်ဘဝ၊ မည်သည့်အသက်မွေးမှုဖြင့် ရပ်တည်ရသည်က အဓိကမဟုတ်ပေ။ လူမှုပတ်ဝန်းကျင်တွင် ကျင်လည်ရာ၌ မိမိရှင်သန်နေရသည့် ပတ်ဝန်းကျင်က လူများ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်းမရှိဘဲ မိမိအလုပ်ကို တန်ဖိုးထားကာ လုပ်ငန်းခွင်နယ်ပယ်မှ လူများအပေါ် ရိုးသားမှု၊ သစ္စာရှိမှု၊ ဖြောင့်မတ်တည်ကြည်မှုတို့ဖြင့် ပေးဆပ်တတ်ရန်က အဓိကဖြစ်သည်။

❖ လူတို့၏စိတ်သည် အလွန်ဆန်းကြယ်ပြီး သမာအာဇီဝဖြင့် အသက်မွေးကြသည်ဟုဆိုသော်လည်း လိုချင်တပ်မက်သည့် လောဘစိတ်များက ဝင်ရောက်နှောင့်ယှက်သည့်အခါ ရသင့်ရထိုက်သော ပစ္စည်းဥစ္စာများနှင့် တင်းတိမ်ရောင့်ရဲခြင်းမရှိဘဲ အခြားသောနည်းလမ်းဖြင့် ငွေကြေးနှင့် ပစ္စည်းဥစ္စာများ ရှာဖွေလာတတ်သည်။ နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ အစိုးရနှင့် ပြည်သူကြားက ပေါင်းကူးတံတားများဖြစ်ပြီး အစိုးရအပေါ် အများပြည်သူ၏ ယုံကြည်မှုပိုမိုခိုင်မာစေရေးအတွက် အခရာကျသူများဖြစ်သဖြင့် ကျင့်ဝတ်သိက္ခာကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာဝတ်ဆင်ထားရန်လိုအပ်သည်။ ❖

မိမိ၏ ဝမ်းစာပြည့်ဝရေး တစ်ဝမ်းတစ်ခါးအတွက် ရှာဖွေစားသောက်ကြရာတွင် မိမိ၏ လိုအင်ဆန္ဒဘဝလိုအပ်ချက်ကို ဖြည့်တင်းရင်းဖြင့် အခြားသူများ၏ လိုအပ်ချက်များကိုပါ ကူညီဖြည့်တင်းပေးနိုင်သည့် တစ်ခုတည်းသော အသက်မွေးဝမ်းကျောင်းအလုပ်သည် နိုင်ငံ့ဝန်ထမ်းအလုပ်ပင်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းအလုပ်သည် နိုင်ငံတော်၏မူဝါဒနှင့်အညီ အများပြည်သူတို့၏ ဘဝများ သာယာလှပစေရေးအတွက် ကြိုးစားဆောင်ရွက်ပေးရသည့် အလုပ်ပင်ဖြစ်သည်။ ပြည်သူအကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်ရင်းဖြင့် ပြည်သူက ကျွေးသောထမင်းကိုစားကာ အသက်ရှင်သန်နေရသူများဖြစ်သည်။ ရသောလစာနှင့်လုပ်ရသောအလုပ် နှစ်ခုစလုံးသည် မိမိ၊ သူတစ်ပါး နှစ်ဦးနှစ်ဖက်အကျိုးရှိစေသော လုပ်ရပ်များပင်ဖြစ်သဖြင့် ကုသိုလ်လည်းရ ဝမ်းလည်းဝသော အလုပ်ပင်ဖြစ်သည်။

မိမိအသက်ရှင်သန်နိုင်ရေးအတွက် လုပ်ရသောအလုပ်တိုင်းသည် တစ်ပါးသူအကျိုးစီးပွားအတွက် ဦးတည်ရန်မဖြစ်နိုင်ပေ။ နိုင်ငံ့ဝန်ထမ်းတို့၏ တစ်နေ့တာ လုပ်ရှားဆောင်ရွက်မှုတိုင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကိုသာ ဦးတည်နေသဖြင့် ကောင်းမွန်သော စိတ်ဓာတ်ဖြင့် ရပ်တည်ရန်သာ လိုအပ်သည်။ သူတစ်ပါးအကျိုးစီးပွားကို တတ်နိုင်သမျှ မထိခိုက်အောင် ကြိုးစားဆောင်ရွက်ရမည်ဆိုသည့် အခြေခံလူ့ကျင့်ဝတ်ကို သီးခြားစောင့်ထိန်းရန်မလိုဘဲ ပုံမှန်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းဖြင့် အများပြည်သူအကျိုးစီးပွားကို သယ်ပိုးနိုင်သည့် အလုပ်ဖြစ်သဖြင့် တော်ရုံကြိုးစားအားထုတ်မှုဖြင့် ရနိုင်သောအလုပ်မဟုတ်ပေ။ အတိတ်ကံကောင်း၍ မွန်မြတ်သော နှလုံးသားရှိသူများ၏ နားခိုရာရပ်ဝန်းတွင် ခေတ္တနားခိုခွင့်ရသည့် ဝန်ထမ်းများအနေဖြင့် မိမိရထားသောဘဝကို တန်ဖိုးထားတတ်ရန်လိုသည်။

**စာရိတ္တမဏ္ဍိုင်ခိုင်မြဲရေး**

မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းအရေအတွက်သည် ခန့်မှန်းခြေအားဖြင့် စုစုပေါင်းလူဦးရေ၏ နှစ်ရာခိုင်နှုန်း တစ်သန်းခန့်သာရှိသည်ဟု သိရသည်။ နေ့စဉ်သစ္စာ ဓိဋ္ဌာန် (၆) ချက်ကို ဦးထိပ်ပန်ဆင်လျက် အများပြည်သူအကျိုးစီးပွားသယ်ပိုးရန် တာဝန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများသည် အခြားသောနယ်ပယ်တွင် ကျင်လည်နေရသူများထက် ကိုယ်ကျင့်သိက္ခာနှင့် စာရိတ္တမဏ္ဍိုင် ပိုမိုခိုင်မြဲရန်လိုအပ်သည်။ အများပြည်သူ အကျိုးစီးပွားကိုသာ အစဉ်အလေးထားဆောင်ရွက်လိုစိတ်ရှိရန်လိုအပ်ပြီး ရထားသော ရာထူး၊ နေရာ၊ ဌာန၊ လုပ်ပိုင်ခွင့်တို့သည် ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုနိုင်ရေးပေးအပ်ထားခြင်းမဟုတ်သည်ကို သတိပြုသင့်သည်။ မွန်မြတ်သန့်ရှင်းသောဘဝတွင် သန့်ရှင်းမွန်မြတ်စွာ အများပြည်သူတို့၏ နှလုံးသားကို သိမ်းပိုက်ကာ ပြည်သူတစ်ရပ်လုံး၏ မေတ္တာဓာတ်ကို ခံယူနိုင်ရေးအတွက် ကိုယ်ကျိုးစီးပွားအလေးထားသည့် လောဘစိတ်များဝင်ရောက်လာခြင်းမရှိစေရန် ထိန်းချုပ်ရမည်ဖြစ်သည်။

လူတို့၏ စိတ်သည် အလွန်ဆန်းကြယ်ပြီး သမာအာဇီဝဖြင့် အသက်မွေးကြသည်ဟု ဆိုသော်လည်း လိုချင်တပ်မက်သည့် လောဘစိတ်များက ဝင်ရောက်နှောင့်ယှက်သည့်အခါ ရသင့်ရထိုက်သော ပစ္စည်းဥစ္စာများနှင့် တင်းတိမ်ရောင့်ရဲခြင်းမရှိဘဲ အခြားသောနည်းလမ်းဖြင့် ငွေကြေးနှင့် ပစ္စည်းဥစ္စာများ ရှာဖွေလာတတ်သည်။ နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ အစိုးရနှင့် ပြည်သူကြားက ပေါင်းကူးတံတားများဖြစ်ပြီး အစိုးရအပေါ် အများပြည်သူ၏ ယုံကြည်မှုပိုမိုခိုင်မာစေရေးအတွက် အခရာကျသူများဖြစ်သဖြင့် ကျင့်ဝတ်သိက္ခာကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာဝတ်ဆင်ထားရန်လိုအပ်သည်။ ဝန်ထမ်းများအနေဖြင့် ကိုယ်ကျိုးနှင့် အများအကျိုးကြား ဝေဖန်ပိုင်းခြားတတ်သည့် ဉာဏ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် ထိန်းသိမ်းတည့်မတ်ပေးမည့် ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်တို့က နေ့စဉ်လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် အကျိုးစီးပွားပဋိပက္ခများမရှိစေရေး လမ်းညွှန်ပေးထားပြီးဖြစ်သည်။

**ဆင်ခြင်ရန်က တို့တာဝန်**

ကျင့်ဝတ်ဆိုသည်မှာ လူသားတိုင်း နေ့စဉ်ပြုစုဆောင်ရွက်မှုများတွင် လိုက်နာစောင့်ထိန်းအပ်သော ဝတ္တရားများကိုဆိုလိုသည်။ လူမှုပတ်ဝန်းကျင်တွင် တန်ဖိုးရှိသော လူတစ်ဦးဖြစ်စေရန်အတွက် မကောင်းမှုဒုစရိုက်တရားများဖြစ်သည့် သူတစ်ပါး အသက်ကိုသတ်ခြင်း၊ သူတစ်ပါး မပေးအပ်သော ပစ္စည်းဥစ္စာကို ယူခြင်း၊ ယုတ်မာသော ကာမဂုဏ်အမှုကို ပြုကျင့်ခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း စသည်တို့ကို ရှောင်ကြဉ်နိုင်မည်ဆိုပါက လူ့ဘဝတွင် လူပီသစွာ နေထိုင်နိုင်မည်ဖြစ်ကြောင်း သိဂါလသတို့သားကို မြတ်စွာဘုရားရှင်က ဟောကြားခဲ့သည်။ ပန်းသတင်း လေညင်းဆောင် လူသတင်း လူချင်းဆောင်ဆိုသည့် စကားနှင့်အညီ မကောင်းမှုဒုစရိုက်များကိုရှောင်ရှား၍ ကောင်းမှုသုစရိုက်များဖြင့် မွေ့လျော်ကြသူများ၏ ဂုဏ်သတင်းသည် လူမှုပတ်ဝန်းကျင်အတွင်း မွှေးပျံ့နေမည်ဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများကိုအလေးထားလိုက်နာကြရန် လိုအပ်သည်။

လောဘ၊ ဒေါသ၊ မောဟ တရားများဖုံးလွှမ်းသွားသည့်အခါ အမှား၊ အမှန်၊ အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးတို့ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းကင်းမဲ့သွားပြီး အတ္တစိတ်များဖြင့် မိမိအတွက်ကိုသာကြည့်၍ တစ်ပါးသူများ၏ အခွင့်အရေးကို ချိုးဖောက်ကာ လူတစ်ဦး တစ်ယောက်အနေဖြင့် မပြုကျင့်အပ်သော မကောင်းမှု ဒုစရိုက်များကို ပြုကျင့်၍ ပစ္စည်းဥစ္စာရှာဖွေမိတတ်ကြသည်။ လောဘ၊ ဒေါသ၊ မောဟ စသည့်တရားများကို ထိန်းချုပ်နိုင်စွမ်းကင်းမဲ့သွားသည့်အခါ ရင်တွင်းဖြစ်ပေါ်လာသည့် ခံစားချက်များကို ဦးစားပေး၍ ချစ်ခင်နှစ်သက်သောစိတ်ကြောင့် ဖြစ်ပေါ်လာရသည့် ဆန္ဒာဂတိ၊ အမုန်းရန်ငြိုးတို့ကြောင့် ဖြစ်ပေါ်လာရသည့် ဒေါသာဂတိ၊ ကြောက်ခြင်းကြောင့်ဖြစ်ပေါ်လာရသည့် ဘယာဂတိ၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိ၍ ဖြစ်ပေါ်လာရသည့် မောဟာဂတိတို့ကို ကျူးလွန်မိတတ်ကြသဖြင့် ဆင်ခြင်သင့်ကြောင်း မြတ်စွာဘုရားရှင်က ဟောကြားခဲ့ခြင်းဖြစ်သည်။

**ကျင့်ဝတ်လိုက်နာပေး**

မြင့်မြတ်သောဘဝတွင် ရှင်သန်ရပ်တည်နေကြသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် ဝန်ထမ်းတစ်ဦးချင်း လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ် (၁၂) ပါး၊ ဝန်ထမ်းအချင်းချင်းအပေါ် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ် (၅) ပါး၊ ပြည်သူလူထုအပေါ် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ် (၅) ပါးနှင့် နိုင်ငံတော်အပေါ် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ် (၈)ပါး ဟူ၍ လိုက်နာစောင့်ထိန်းအပ်သော ကျင့်ဝတ်အပါး ၃၀ ရှိသည်။ ပြည်သူလူထု၏ အကျိုးစီးပွားကို အလေးထားစောင့်ရှောက်ရန်၊ ယုံကြည်စွာအပ်နှံထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးခြင်းမှ ရှောင်ကြဉ်ရန်၊ အဂတိလိုက်စားခြင်းနှင့် လာဘ်ပေးလာဘ်ယူပြုခြင်းမှ ရှောင်ကြဉ်ရန်၊ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာပြုမူပြောဆိုနေထိုင်ခြင်းမှ ရှောင်ကြဉ်ရန် စသည့် စံတန်ဖိုးများသည် ဝန်ထမ်းများကို စာရိတ္တမဏ္ဍိုင်ခိုင်မြဲစေရေးအတွက် တည့်မတ်ပေးသည့်အရာများပင်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် အပိုဒ် ၁ (ဠ) တွင်လည်း "ဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူပြုခြင်း"၊ အပိုဒ် ၇ (ဋ) တွင် "လာဘ်ပေးလာဘ်ယူပြုခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း သို့မဟုတ် တံစိုးလက်ဆောင်ယူခြင်း" နှင့် ၇ (ဍ) တွင် "တာဝန်အရဆောင်ရွက်ရန်ရှိသည့်အလုပ် သို့မဟုတ် ပြုလုပ်ပေးခဲ့ရသည့်လုပ်ငန်းအတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့် တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန် သဘောတူခြင်း"တို့ကို ရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၀၂၁ ခုနှစ် မေ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ အပိုဒ် ၁၄ (က) တွင် "အဂတိတရား ကင်းရှင်းစွာ အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးရန်" သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်သည်။

**ကျင့်ဝတ်တံတိုင်းခိုင်မာကြပါစေ**

အချိန်ဆိုသည့်အရာများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသောလူ့ဘဝသည် အခိုက်အတန့်ကာလသာဖြစ်သည်။ လူ့ဘဝတွင် လူအဖြစ်ကို ရလာခြင်းသည် အတိတ်ကံကောင်း၍သာဖြစ်ပြီး မွန်မြတ်သန့်ရှင်းသော အသက်မွေးမှုဖြင့် အသက်မွေးဝမ်းကျောင်းပြုရသည်မှာလည်း အတိတ်ကံကောင်း၍သာဖြစ်သည်။ အတိတ်ကံကောင်း၍ နိုင်ငံ့ဝန်ထမ်းဘဝဖြင့် အသက်မွေးရသည့် အခိုက်အတန့်ကာလတွင် အများပြည်သူအကျိုးစီးပွားကို ဦးတည်သည့်လုပ်ရပ်များဖြင့် သန့်ရှင်းမွန်မြတ်စွာ ရပ်တည်နိုင်ကြပြီး လောဘစိတ်ရိုင်းများဝင်ရောက်လာသည့်အချိန်တွင် ကျင့်ဝတ်တံတိုင်းကိုခိုင်မာစွာ တည်ဆောက်ထားခြင်းဖြင့် ကာကွယ်နိုင်ကြပါစေကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**

– **နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့် နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများ**




**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များ ပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။




**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

မန္တလေး - **STARMART Mandalay Wholesale** ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နေပြည်တော် - **STARMART Nay Pyi Taw** ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


## ဝန်ထမ်းအလိုရှိသည်

(က) ယာဉ်မောင်းလိုင်စင်(င)နှင့်(ခ)ဖြစ်ရမည်။

(ခ) အရက်၊ဆေးလိပ်၊ကွမ်း ကင်းရှင်းရမည်။

(ဂ) အသက်(၃၀)နှစ်နှင့်(၅၀)နှစ်ကြားဖြစ်ရမည်။

**ဆက်သွယ်ရန်- 09-964433329**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အ. ထ. က (ပင်းတလဲ)၊ Grade-7(B) တွင် ပညာသင်ကြားနေသော မောင်ကြယ်စင်မင်း နှင့် ဝမ်းတွင်းမြို့နယ်၊ ကန်အောက်ကျေးရွာ၊ အ. မ. က၊ Grade-4 တွင် ပညာသင်ကြားနေသော မဒွေးဒွေးလှိုင် တို့၏ဖခင်မှာ ဦးကျော်မင်းနှင့် ဦးအောင်ကျော်မင်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်မင်း(ခ)ဦးအောင်ကျော်မင်း**
**(၉/မထလ(နိုင်)၂၄၇၂၈၉)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 တွင် ပညာသင်ကြားနေသော မောင်မင်းသန့်ကို ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးလွင်ကို ဖြစ်ပါကြောင်း။ **ဦးလွင်ကို(၉/တတဥ(နိုင်)၀၉၆၉၃၁)**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အ. ထ. က(ခွဲ)သာလွန်အေးကျောင်း၊ Grade-11 မှ မယွန်းနဒီနွယ် ၏ဖခင်အမည်မှန်မှာ ဦးဇော်မင်းထက် ဖြစ်ပါကြောင်း။ **ဦးဇော်မင်းထက်(၁၄/လပတ(နိုင်)၁၄၁၀၀၇)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်(၅၀၅)ရပ်ကွက်နေ ဦးသန်းတင်-ဒေါ်ခင်မာစန်းတို့၏သား **မောင်နေမျိုးဦး(၉/ခမစ(နိုင်)၀၂၂၃၇၇)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ငွေရေးကြေးရေးကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ခင်မာစန်း (၉/မရတ(နိုင်)၀၉၀၉၁၀)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အ. ထ. က(၁)၊ Grade-12 (စံပယ်)ခန်းတွင် ပညာသင်ကြားနေသော မခိုင်သင်းဖြူ ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်ခိုင်ဦး ဖြစ်ပါကြောင်း။

**ဦးကျော်ခိုင်ဦး(၁/မကန(နိုင်)၂၅၇၆၁၅)**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



**COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

လူတစ်ဦးနှင့်တစ်ဦး ၃ ပေ (တစ်မီတာ)မှ ၆ ပေခန့်အကွာမှာနေပါ။ ပိုး၊ရပ်ပျံ့နှံ့မှုကို ကာကွယ်နိုင်ရန် မလိုအပ်ဘဲ အိမ်အပြင်မထွက်သင့်ပါ။




**COVID-19 ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

❖ ကိုယ်ချင်းစာသည့်အပိုင်း၌ သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းကို ခွဲခြားသိမြင်နိုင်ရန်လိုပြီး ရေတိုအလုပ်ဖြစ်စေရန် သဘောကောင်းသည်မျိုး မဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်ပြီး စေတနာထား ဆောင်ရွက်သွားကြရမည်ဖြစ်...

❖ ကွပ်ကဲအုပ်ချုပ်မှုအောင်မြင်ရန်အတွက်လည်း မိမိအုပ်ချုပ်ရသည့်လက်အောက်ငယ်သားကို ကျောသားရင်သားမခွဲခြားဘဲ ညီညွတ်မျှတစွာ အုပ်ချုပ်သွားရမည်ဖြစ်...

❖ တစ်ဦးချင်းစီ၏စိတ်နေသဘောထားနှင့် လုပ်ဆောင်နိုင်စွမ်းများ၊ အားသာချက်နှင့် အားနည်းချက်များကိုလည်း သိရှိအောင်ဆောင်ရွက်ပြီး လူမှန်၊ နေရာမှန် တာဝန်ပေးအပ်နိုင်ရေး လုပ်ဆောင်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်အား ကျော်လွန်၍ အိမ်ရာချေးငွေ (Housing Loan) ထုတ်ချေးထားသည့် ပုဂ္ဂလိကဘဏ်များကို အရေးယူဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁**

နိုင်ငံတော်အနေဖြင့် ပြည်တွင်းစီးပွားရေး တည်ငြိမ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပုဂ္ဂလိကဘဏ်များ၏ ချေးငွေဝန်ဆောင်မှုပုံစံအသစ်ပေးရန်နှင့် ပြည်သူများအတွက် အိမ်ရာပိုင်ဆိုင်မှုအခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေရန်အတွက် ချေးငွေသက်တမ်း သုံးနှစ်ထက်ပိုသော အိမ်ရာချေးငွေများထုတ်ချေးခြင်းကို စုစုပေါင်းဘဏ်ချေးငွေအပေါ် မူတည်၍ ထုတ်ချေးခွင့်ပြုလျက်ရှိပါသည်။

သို့ရာတွင် အချို့သော ပုဂ္ဂလိကဘဏ်များအနေဖြင့် ၎င်းတို့အကျိုးအမြတ်ပိုမိုရရှိစေရေးအတွက် ဗဟိုဘဏ်၏ညွှန်ကြားချက်အား ကျော်လွှန်ဖောက်ဖျက်ကာ အိမ်ရာချေးငွေများကို

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

## မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တို့တွင် တရားမဝင် Online လောင်းကစားလုပ်ကိုင်သူ မြန်မာနိုင်ငံသား ၁၂ ဦးနှင့် တရုတ်နိုင်ငံသား ၂၉၅ ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



**နေပြည်တော် ဇူလိုင် ၁**

ဇွန် ၂၇ ရက် နံနက် ၁ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက် ၆၁ လမ်းနှင့် ၆၂ လမ်းကြား ၁၁၇ လမ်းရှိ ကိုထင်ရှမ်း၏ နေအိမ်တွင် တရားမဝင် Online လောင်းကစား လုပ်ကိုင်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ❖

ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်၌ တရားမဝင် Online လောင်းကစားလုပ်ကိုင်နေသူများကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး
ပစ္စည်းထည့်ပုံးအမျိုးမျိုး
ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၇၉